# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၄) ရက်မြောက်နေ့ မှတ်တမ်း

မူကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၅ |
| ၅ | ကနီမြို့နယ်ရှိ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေး လုပ်ငန်းများတွင် မီတာဘောက်စ်ရရှိရေးများစွာ နှောင့်နှေးခက်ခဲနေခြင်းကို မည်သို့ဆောင်ရွက်ပေးမည်၊ ချင်းတွင်းမြစ်အထက်ပိုင်း မြစ်ဘေးဝဲယာရှိ ၁၁ ဓာတ်အားလိုင်းမရောက်ရှိသေးသော ကျေးရွာ ၃၅ ရွာအား ဓာတ်အားလိုင်း သွယ်တန်းပေးရန်နှင့် ဓာတ်အားနိုင်နင်းမှုရှိစေရေးအတွက် လိုအပ်သော ဓာတ်အားခွဲရုံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | ၆ |
| ၆ | ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် လိုအပ်လျက်ရှိသော 66/11 KVA ဓာတ်အားခွဲရုံများ ဆောက်လုပ်ပေးပါရန်၊ ဝါယာကြိုးများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ လမ်းမီးသီး/မီးလုံးများ ပြုပြင်တပ်ဆင်ခြင်း၊ ရှုပ်ထွေးဝါယာကြိုးများ ရှင်းလင်းရေး အတွက် ထရိန်းကား သို့မဟုတ် လုပ်ငန်းသုံးကားတစ်စီးနှင့် လျှပ်စစ်ကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများ လုံလောက်စွာချထားပေးပါရန်၊ သုံးစွဲမီတာ၊ သုံးစွဲ ထရန်စဖော်မာများအတွက် ကိုက်ညီသော မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ခန့်ထားပေးပါရန် သို့မဟုတ် မြို့နယ်လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့ခွဲအင်အား ချထားပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၇ | မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုမှ ဒေသခံပအိုဝ်း တိုင်းရင်းသားများ (၂၄) နာရီ လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိရေးအတွက် မည်ကဲ့သို့ ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၈ | မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးများ ချထားပြီးစောင့်ရှောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၉ | မြန်မာနိုင်ငံ အကျဉ်းထောင်များ၌ နိုင်ငံခြားတိုင်းပြည်များတွင် ကျင့်သုံးလျက်ရှိသော PAROLE SYSTEM ကျင့်သုံးရန် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၃ |

| | | |
|---|---|---|
| ၁၀ | ရွေးချယ်ခံအုပ်ချုပ်ရေးမှူးတစ်ဦးအား လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကျေနပ်မှုမရှိသူက တိုင်ကြားလာပါက ၎င်းတိုင်ကြားခြင်းနှင့်ပတ်သက်၍ ဌာနတွင်း ဖြေရှင်းဆုံးဖြတ်ချက်မချမီ သို့မဟုတ် တရားရုံးသို့ ရာဇဝတ်မှုကျူးလွန်ကြောင်း စွဲဆိုလျှောက်ထားချက်အပေါ် သက်ဆိုင်ရာတရားရုံးမှ အမှုကို စီရင်ဆုံးဖြတ်ခြင်း မပြုရသေးမီ ရပ်/ကျေးအုပ်ချုပ်ရေးမှူး၏ တာဝန်ဆက်လက်ထမ်းဆောင်ခွင့် ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၇ |
| ၁၁ | ပြည်သူ့ဝန်ထမ်းများ၏ တစ်နှစ်တာဆောင်ရွက်တာဝန်ကျေပွန်မှုများကို စံအကဲဖြတ် အမှတ်ပေးစနစ်အရ ရွေးချယ်သော စံပြလုပ်သားကောင်းဆုကဲ့သို့ ဝန်ထမ်းကောင်း ဆုဘွဲ့တံဆိပ်များကို နှစ်စဉ်ထိုက်တန်စွာ ချီးမြှင့်ပေးရန်နှင့် တစ်ကြိမ်မက ဝန်ထမ်း ကောင်းဆုရရှိသူများကို နိုင်ငံတော်မှ အိုးအိမ်၊ မော်တော်ယာဉ် ချီးမြှင့်ပေးရန် သို့မဟုတ် တစ်သက်တာဝန်ထမ်းကောင်းဆု ချီးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃၂ |
| ၁၂ | ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအုပ်စုကို ဖောင်တော်သီမြို့အဖြစ် ပြည်ထဲရေး အမည်ပေါက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၇ |
| ၁၃ | လေးမျက်နှာမြို့နယ်၊ ကြီးပေါက်ကုန်း၊ ကွမ်းခြံကုန်းနှင့် ပန်းတောကြီးအုပ်စု တို့အတွင်းရှိ လယ်ယာမြေများကို နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ခတ္တူချောင်းမကြီး၌ ရေသိုလှောင်ဖြန့်ဖြူးနိုင်မည့် မြောင်းပေါင်တမံနှင့် ရေတံခါးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄၁ |
| ၁၄ | ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနတွင် မြေတိုင်းဌာနခွဲ သီးသန့်ဖွဲ့စည်းပေးရန်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် နှစ်ကာလကြာရှည်စွာ တောင်သူများ စိုက်ပျိုးလုပ်ကိုင်ပြီး လုပ်ကွက်တည်ငြိမ်လျက်ရှိသော နေရာများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေ၊ နည်းဥပဒေများမှမဟုတ်ဘဲ ဖြေလျှော့၍ရသော နည်းလမ်းတစ်ခုခုဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄၄ |
| ၁၅ | ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၄၈ |
| ၁၆ | ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း | ၆၆ |

| | | |
|---|---|---|
| ၁၇ | ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က တင်သွင်းသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းသော ဈေးကွက်ဝင်သီးနှံပင်များ ပိုမိုစိုက်ပျိုးဖြစ်ထွန်းလာစေရေး၊ စိုက်ပျိုးရေးပညာရှင်များဖြင့် လက်တွေ့နည်းပညာရပ်များ ပေးနိုင်မည့် စံပြစိုက်ကွက်များ ဖော်ဆောင်ပေးခြင်း၊ စိုက်ကွင်းစိုက်ကွက်များ အရောက် ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာရပ်များ ကူညီပံ့ပိုးပေးခြင်းတို့ဖြင့် လယ်ယာသီးနှံ စိုက်ပျိုးရေးနည်းပညာရပ်များ ပိုမိုထွန်းကားလာစေရေး အင်တိုက်အားတိုက်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း | ၆၇ |
| ၁၈ | ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၇၄ |
| ၁၉ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၇၈ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (၁၄)ရက်မြောက်နေ့ အစီအစဉ်

## [ ၃-၆-၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ကနီမြို့နယ်ရှိ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများတွင် မီတာဘောက်စ်ရရှိရေးများစွာ နှောင့်နှေးခက်ခဲနေခြင်းကို မည်သို့ဆောင်ရွက်ပေးမည်၊ ချင်းတွင်းမြစ် အထက်ပိုင်း မြစ်ဘေးဝဲယာရှိ ၁၁ ဓာတ်အားလိုင်း မရောက်ရှိသေးသော ကျေးရွာ (၃၅)ရွာအား ဓာတ်အားလိုင်းသွယ်တန်းပေးရန်နှင့် ဓာတ်အားနိုင်နင်းမှုရှိစေရေးအတွက် လိုအပ်သောဓာတ်အားခွဲရုံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် လိုအပ်လျက်ရှိသော 66/11 KVA ဓာတ်အားခွဲရုံများ ဆောက်လုပ်ပေးပါရန်၊ ဝါယာကြိုးများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ လမ်းမီးသီး/မီးလုံးများ ပြုပြင်တပ်ဆင်ခြင်း၊ ရှုပ်ထွေးဝါယာကြိုးများ ရှင်းလင်းရေးအတွက် ကရိန်းကား သို့မဟုတ် လုပ်ငန်းသုံးကားတစ်စီး နှင့် လျှပ်စစ်ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းများ လုံလောက်စွာ ချထားပေးပါရန်၊ သုံးစွဲမီတာ၊ သုံးစွဲထရန်စဖော်မာများအတွက် ကိုက်ညီသော မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ခန့်ထားပေးရန် သို့မဟုတ် မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ခွဲအင်အားချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုမှ ဒေသခံပအိုင်း တိုင်းရင်းသားများ (၂၄)နာရီ လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိရေး အတွက် မည်ကဲ့သို့ ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးများ ချထားပြီး စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ အကျဉ်းထောင်များ၌ နိုင်ငံခြားတိုင်းပြည်များတွင် ကျင့်သုံး လျက်ရှိသော PAROLE SYSTEM ကျင့်သုံးရန် ရှိ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်၏ **ရွေးချယ်ခံအုပ်ချုပ်ရေးမှူးတစ်ဦးအား လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကျေနပ်မှုမရှိသူက တိုင်ကြားလာပါက ၎င်းတိုင်ကြားခြင်းနှင့်ပတ်သက်၍ ဌာနတွင်းဖြေရှင်း ဆုံးဖြတ်ချက်မချမီ သို့မဟုတ်တရားရုံးသို့ ရာဇဝတ်မှုကျူးလွန်ကြောင်း စွဲဆိုလျှောက်ထားချက်အပေါ် သက်ဆိုင်ရာတရားရုံးမှ အမှုကို စီရင်ဆုံးဖြတ်ခြင်း မပြုရသေးမီရပ်/ကျေးအုပ်ချုပ်ရေးမှူး၏ တာဝန်ဆက်လက်ထမ်းဆောင်ခွင့် ရှိ၊ မရှိသိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးတိုးဝင်း၊ တာမွေ မဲဆန္ဒနယ်၏ **ပြည်သူ့ဝန်ထမ်းများ၏ တစ်နှစ်တာဆောင်ရွက်တာဝန်ကျေပွန်မှုများကို စံအကဲဖြတ် အမှတ်ပေးစနစ်အရ ရွေးချယ်သော စံပြလုပ်သားကောင်းဆုကဲ့သို့ ဝန်ထမ်းကောင်းဆုဘွဲ့တံဆိပ်များကို နှစ်စဉ် ထိုက်တန်စွာချီးမြှင့်ပေးရန်နှင့် တစ်ကြိမ်မကဝန်ထမ်းကောင်းဆု ရရှိသူများကို နိုင်ငံတော်မှ အိုးအိမ်၊ မော်တော်ယာဉ်ချီးမြှင့်ပေးရန် သို့မဟုတ် တစ်သက်တာ ဝန်ထမ်းကောင်းဆု ချီးမြှင့်ပေးရန်အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအုပ်စုကို ဖောင်တော်သီမြို့အဖြစ် ပြည်ထဲရေးအမည်ပေါက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **လေးမျက်နှာမြို့နယ်၊ ကြီးပေါက်ကုန်း၊ ကွမ်းခြံကုန်းနှင့် ပန်းတောကြီးအုပ်စုတို့ အတွင်းရှိလယ်ယာမြေများကို နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ခတ္တာချောင်းမကြီး၌ရေသိုလှောင်ဖြန့်ဖြူးနိုင်မည့် မြောင်းပေါင်တမံနှင့် ရေတံခါးကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် မြေတိုင်းဌာနခွဲ သီးသန့်ဖွဲ့စည်းပေးရန်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် နှစ်ကာလကြာရှည်စွာ တောင်သူများ စိုက်ပျိုးလုပ်ကိုင်ပြီး လုပ်ကွက် တည်ငြိမ်လျက်ရှိသော နေရာများအား မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ ဥပဒေ/နည်းဥပဒေများမှ မဟုတ်ဘဲ ဖြေလျှော့၍ရသော နည်းလမ်း တစ်ခုခုဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့် ပုံစံ(၇) ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(ခ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ဂ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

(ဃ) ဦးမင်းနောင်၊ ပင်လည်ဘူး မဲဆန္ဒနယ်၊

(င) ဦးကံဦး၊ စလင်း မဲဆန္ဒနယ်၊

(စ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၊

၇။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်က တင်သွင်းသည့် **“လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင် ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းသော ဈေးကွက်ဝင်သီးနှံပင်များ ပိုမိုစိုက်ပျိုး ဖြစ်ထွန်းလာစေရေး၊ စိုက်ပျိုးရေးပညာရှင်များဖြင့် လက်တွေ့ နည်းပညာရပ်များ ပေးနိုင်မည့် စံပြစိုက်ကွက်များဖော်ဆောင်ပေးခြင်း၊ စိုက်ကွင်း စိုက်ကွက်များ အရောက် ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာရပ်များ ကူညီ ပံ့ပိုးပေးခြင်းတို့ဖြင့် လယ်ယာသီးနှံစိုက်ပျိုးရေး နည်းပညာရပ်များ ပိုမိုထွန်းကား လာစေရေး အင်တိုက်အားတိုက်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၊

(ခ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၊

(ဂ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ရှိသည့်အနက် ၃၇၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၁၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်

၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၅၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၃) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊

(၄) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၅) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၆) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊

(၇) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၈) ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၁ ရက်၊

(၉) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၁၀) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၁ ရက်၊

(၁၁) ပုဇွန်သီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ခွင့် ၁ ရက်၊

(၁၂) မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ခွင့် ၁ ရက်၊

(၁၃) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ခ)ဆလိုင်းရန်းဗယ် ခွင့် ၁ ရက်၊

(၁၄) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊

(၁၅) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၁၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်(ခ)ဦးဒီလုံး ခွင့် ၅ ရက်၊

(၁၇) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၅ ရက်၊

(၁၈) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၂ ရက်၊

(၁၉) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ခွင့် ၅ ရက်၊

(၂၀) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် ခွင့် ၅ ရက်၊

**မူကြမ်း**

(၂၁) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဇွန်း ခွင့် ၅ ရက်၊

(၂၂) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၅ ရက်၊

(၂၃) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂၄) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၂၅) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၂၆) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၂၇) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၂၈) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊

(၂၉) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၁ ရက်၊

(၃၀) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊

(၃၁) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၁ ရက်၊

(၃၂) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၃၃) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၁ ရက်၊

(၃၄) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၂ ရက်၊

(၃၅) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၃၆) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၅ ရက်၊

(၃၇) အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ခွင့် ၂ ရက်၊

(၃၈) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ခွင့် ၂ ရက်၊

(၃၉) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၅ ရက်၊

(၄၀) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၅ ရက်၊

(၄၁) ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ခွင့် ၅ ရက်၊

(၄၂) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၅ ရက်၊

**မူကြမ်း**

(၄၃) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၅ ရက်၊

(၄၄) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊

(၄၅) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၄၆) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၄၇) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၅ ရက်၊

(၄၈) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ခွင့် ၅ ရက်၊

(၄၉) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၅ ရက်၊

(၅၀) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊

(၅၁) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၂ ရက်၊

(၅၂) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊

(၅၃) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၁ ရက်နှင့်

(၅၄) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၆ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၅၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၆၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၆၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး

တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကနီမြို့နယ်ရှိ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများတွင် မီတာဘောက်စ်ရရှိရေးများစွာ နှောင့်နှေးခက်ခဲနေခြင်းကို မည်သို့ဆောင်ရွက်ပေးမည်၊ ချင်းတွင်းမြစ်အထက်ပိုင်း မြစ်ဘေးဝဲယာရှိ ၁၁ ဓာတ်အားလိုင်းမရောက်ရှိသေးသော ကျေးရွာ ၃၅ ရွာအား ဓာတ်အားလိုင်းသွယ်တန်းပေးရန်နှင့် ဓာတ်အားနိုင်နင်းမှုရှိစေရေးအတွက် လိုအပ်သော ဓာတ်အားခွဲရုံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကနီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်ပြီး မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြို့နယ်မှာ ကျေးရွာပေါင်း ၁၁၈ ရွာ ရှိပြီးတော့ လျှပ်စစ်မီးလင်းနေတဲ့ကျေးရွာပေါင်းက ၄၇ ရွာရှိပါတယ်။ ကိုယ်ထူကိုယ်ထနှင့် လင်းနေတာ ဖြစ်ပါတယ်။ အဲဒီ ၄၇ ရွာမှာ ကျွန်တော်တို့ မီတာဘောက်စ်လိုအပ်ချက်က ၂၀၀၀ ကျော်ရှိပါတယ်။ အခု လောလောဆယ်မှာလည်း NEP ပထမအဆင့်မှာ မီးလင်းမယ့်ကျေးရွာပေါင်းက ၂၃ ရွာရှိပါတယ်။ အဲဒီကျေးရွာတွေ အားလုံးပေါင်းလိုက်လို့ရှိရင် ကျွန်တော်တို့ မီတာဘောက်စ်လိုအပ်ချက်ဟာ ၄၀၀၀ ဝန်းကျင်အထိရှိလာမှာ ဖြစ်ပါတယ်။ လက်ရှိ မီတာဘောက်စ်ချထားပေးမှုဟာလည်း တစ်ခါချပေးမှ တစ်ရွာကို လေးငါးလုံးချင်းချပေးနေတာဖြစ်ပါတယ်။

ကျေးရွာများမီးလင်းရေးမှာ အခုလို မီတာဘောက်စ်ခက်ခဲနေတဲ့ပြဿနာကြောင့်မို့ မလိုလားတဲ့ ပြဿနာတွေဖြစ်ရသလို မီးလင်းရေးမှာလည်း တာဝန်ကျငွေစိုက်ထုတ်ထားတဲ့ ပြည်သူတွေမှာလည်း နစ်နာမှုဖြစ်ရပါတယ်။ ပြီးခဲ့တဲ့နှစ်ကတည်းက ကျွန်တော်တို့ မီတာဘောက်စ်ခက်ခဲနေတဲ့ပြဿနာနှင့် ပတ်သက်ပြီးတော့ ဒုတိယဝန်ကြီးဆီက ကျွန်တော် စာရေးပြီးတော့ တင်ပြခဲ့ဖူးပါတယ်။ ဒါပေမဲ့ ထူးခြား မှုတော့ ရှိမလာခဲ့ပါဘူး။ နောက်တစ်ခုက ကျွန်တော်တို့ ဓာတ်အားလိုင်းကိစ္စပါ။ မီးလင်းရေးမှာ လက်ရှိ ဓာတ်အားလိုင်းရောက်ရှိနေတဲ့ ကျေးရွာတွေရယ်၊ NEP နဲ့မီးလင်းမယ့်ကျေးရွာများ စသဖြင့်ရှိပါတယ်။ ဒုတိယအဆင့် NEP ပြီးလို့ရှိရင်တော့ ကျေးရွာပေါင်း ၁၀၀ ကျော် ကျွန်တော်တို့မြို့နယ်မှာ မီးလင်းလာ မှာဖြစ်ပါတယ်။ သို့သော်လည်း ကနီမြို့နယ်ရဲ့ ချင်းတွင်းမြစ်အထက်ပိုင်း မြစ်ဘေးဝဲယာမှာရှိတဲ့ ကျေးရွာ ၃၀ ကျော်ကတော့ ကျန်ရှိနေအုံးမှာ ဖြစ်ပါတယ်။

အဲဒီတော့ ဒီမြစ်ဘေးဝဲယာတစ်လျှောက် ၁၁ ကေဗွီဓာတ်အားလိုင်းတွေ သွယ်တန်းပေးဖို့ရာ လိုအပ်နေမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ လက်ရှိမှာ ကနီမြို့နယ်ကို ဓာတ်အားလိုင်း ဖြန့်ဖြူးပေးနေတဲ့ အနေအထားကတော့ မြစ်အနောက်ဘက်ပိုင်းမှာ ရွှေအောင်ဦး၊ အောင်ဇေယျ ဓာတ်အားခွဲရုံနဲ့ မြစ်အရှေ့ဘက်ပိုင်းမှာ သခွတ္တနယ်ဓာတ်အားခွဲရုံတို့ကနေပြီးတော့ ဓာတ်အားလိုင်း တွေဖြန့်ဖြူးပေးနေတာ ဖြစ်ပါတယ်။ ၎င်းဓာတ်အားခွဲရုံတွေဟာ ကနီမြို့နယ်နဲ့ဆိုရင် ၁၅ မိုင်ကနေ မိုင် ၃၀ ကျော်အထိ ကွာဝေးနေတာဖြစ်တဲ့အတွက် ရေရှည်မှာတော့ ကျွန်တော်တို့မြို့နယ်အတွက် ဓာတ်အားခွဲရုံတွေကို မဖြစ်မနေတည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။ သို့အတွက်ကြောင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကနီမြို့နယ်ရှိ ကိုယ်ထူကိုယ်ထလျှပ်စစ်မီးလင်းရေးတွင် မီတာဘောက်စ် ရရှိရေးနှင့် များစွာနှောင့်နှေးခဲ့လျက်ရှိရာ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် ကနီမြို့နယ် ချင်းတွင်းမြစ်အထက်ပိုင်း မြစ်ဘေးဝဲယာရှိ ၁၁ ဓာတ်အားလိုင်းမရောက်ရှိသေးသော ကျေးရွာ ၃၅ ရွာ အားဓာတ်အားလိုင်းသွယ်တန်းပေးရန်နှင့် ဓာတ်အားလိုင်းနိုင်နင်းမှုရှိစေရန်အတွက် လိုအပ်သော ဓာတ်အားခွဲရုံများ တည်ဆောက်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါ သဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်အပေါင်း မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့အဖြေနှင့်ပေါင်းစပ်ကာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ အိမ်သုံးမီတာတွေကို နိုင်ငံနှင့်အဝန်းတပ်ဆင်နိုင်ဖို့ရာ မြို့နယ်အသီးအသီးရဲ့လိုအပ်ချက်တွေကို ခွဲဝေတပ်ဆင်ပေးခဲ့ပါတယ်။ ကနီမြို့နယ်အတွင်းမှာ ၂၀၁၈ ခုနှစ် ၅ လပိုင်းကနေ ၂၀၁၉ ခုနှစ် ၅ လပိုင်းအထိ မီတာလုံးရေ စုစုပေါင်း ၂၅၈၀ လုံး ခွဲဝေတပ်ဆင်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ယခုအခါမှာ ကနီမြို့နယ်နှင့်အနီးတစ်ဝိုက်မှာရှိတဲ့ကျေးရွာတွေ တိုးချဲ့ပြီး လျှပ်စစ်သွယ်တန်းတဲ့ ကိစ္စတွေကြောင့် ထပ်မံလိုအပ်တဲ့မီတာလုံးရေ တင်ပြတောင်းခံထားမှုစာရင်းဟာ ၁၈၅၀ လုံး တောင်းခံထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကနီမြို့နယ်အပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့တွေနှင့် အနီးအနားမှာရှိတဲ့ကျေးရွာတွေရဲ့ အိမ်သုံးမီတာတွေ ထပ်မံတပ်ဆင်နိုင်ဖို့အတွက် ၃၀-၅-၂၀၁၉ ရက်နေ့မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွက် မီတာလုံးရေ ၈၀၀၀ ထပ်မံခွဲဝေထုတ်ပေးထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ထို့အပြင် ဆက်လက်ပြီးတော့ ကနီမြို့နယ်အတွင်း ဓာတ်အားမရရှိသေးသောကျေးရွာများ ဓာတ်အားရရှိရေးနှင့် ချင်းတွင်းမြစ်အထက်ပိုင်းမှာရှိတဲ့ မီးမလင်းသေးသော ကျေးရွာများမှာ မြစ်အရှေ့ဘက်မှာ ၂၂ ရွာနှင့် မြစ်အနောက်ဘက်မှာ ၂၈ ရွာခန့် ရှိမှာဖြစ်ပါတယ်။ အရှေ့ဘက်ခြမ်းမှာရှိတဲ့ ကျေးရွာတွေကို ဘုတလင်မြို့နယ်အတွင်းမှာရှိတဲ့ ၃၃ ကေဗွီ ခွဲရုံ ၅ အမ်ဗွီအေ သခွတ္တနယ်ဓာတ်အားခွဲရုံကနေလည်းကောင်း၊ အနောက်ဘက်ခြမ်းမှာရှိတဲ့ ကျေးရွာတွေကို ယင်းမာပင်မြို့နယ်မှာရှိတဲ့ အောင်ဇေယျ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံကနေလည်းကောင်း၊ ၁၁ အမ်ဗွီအေ ဓာတ်အားလိုင်းများနှင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိတာ ဖြစ်ပါတယ်။

အနောက်ဘက်ခြမ်း မှာရှိတဲ့ကျေးရွာတွေကို နောင်တစ်ချိန် တိုးတက်လိုအပ်လာတဲ့ လျှပ်စစ်ဓာတ်အားတွေ ထပ်မံဖြန့်ဖြူးပေးနိုင်ရန်အတွက် JICA Phase II အစီအစဉ်ဖြင့် ကနီမြို့နယ်မှာ ၆၆ ကေဗွီအေဓာတ်အားလိုင်း တစ်မိုင်ဆွဲပြီးတော့ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေခွဲရုံတစ်ရုံနှင့် ၁၁

ကေဗွီအေဓာတ်အားလိုင်း ၂ မိုင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယခုအခါမှာ ပစ္စည်းဝယ်ယူရေးတင်ဒါများ ခေါ်ယူဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အရှေ့ဘက်ခြမ်းမှာရှိတဲ့ ကျေးရွာတွေကို လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် သခွတ္တနယ်မှ မိုးကောင်း ၃၃ ကေဗွီအေဓာတ်အားလိုင်း ၁၀ မိုင်နှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်သွားရမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ၃၃ ကေဗွီအေဓာတ်အားလိုင်း ၁၀ မိုင် တည်ဆောက်ခြင်းလုပ်ငန်းကို ယခုလာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ လျာထားချက်တွင် ထည့်သွင်းလျာထားတင်ပြထားပြီးဖြစ်ပါကြောင်းနှင့် လိုအပ်တဲ့ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာ ဆက်လက်လျာထား ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် လိုအပ်လျက်ရှိသော 66/11 KVA ဓာတ်အားခွဲရုံများ ဆောက်လုပ်ပေးပါရန်၊ ဝါယာကြိုးများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ လမ်းမီးသီး/မီးလုံးများ ပြုပြင်တပ်ဆင်ခြင်း၊ ရှုပ်ထွေးဝါယာကြိုးများ ရှင်းလင်းရေးအတွက် ထရိန်းကား သို့မဟုတ် လုပ်ငန်းသုံးကားတစ်စီးနှင့် လျှပ်စစ်ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းများ လုံလောက်စွာချထားပေးပါရန်၊ သုံးစွဲမီတာ၊ သုံးစွဲထရန်စဖော်မာများအတွက် ကိုက်ညီသော မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ခန့်ထားပေးပါရန် သို့မဟုတ် မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ခွဲအင်အား ချထားပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်)]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည့်မေးခွန်းကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် လိုအပ်လျက်ရှိသော 66/11 KVA ဓာတ်အားခွဲရုံများ ဆောက်လုပ်ပေးပါရန်၊ ဝါယာကြိုးများတပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ လမ်းမီးသီး/မီးလုံးများ ပြုပြင်တပ်ဆင်ခြင်း၊ ရှုပ်ထွေးဝါယာကြိုးများ ရှင်းလင်းရေးအတွက် ပလက်ဖောင်းထရပ်(ခ) ထရိန်းကား သို့မဟုတ် လုပ်ငန်းသုံးကားတစ်စီးနှင့် လျှပ်စစ်ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းများ

လုံလောက်စွာချထားပေးပါရန်၊ သုံးစွဲမီတာ၊ သုံးစွဲထရန်စဖော်မာများနှင့် ကိုက်ညီသော မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ခန့်ထားပေးပါရန် သို့မဟုတ် မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ခွဲအင်အား ချထားပေးပါရန်အစီအစဉ်ရှိ/မရှိ မေးမြန်းသည့်မေးခွန်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုးကြောင်းဖော်ပြချက်အနေဖြင့် ကျွန်တော်တို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သည် လူနေ ၃၂ ရပ်ကွက်၊ လူနေရန်ထပ်မံအသစ်ဖော်ထုတ်ပြီးရပ်ကွက် ၁၀ ရပ်ကွက်ရှိပြီးတော့ လူဦးရေအားဖြင့် ၃၇၀၀၀၀၊ စက်မှုဇုန်လေးဇုန်၊ စက်ရုံအလုပ်ရုံပေါင်း ၁၀၀၀ ကျော်ရှိပြီးတဲ့အတွက် လူနေအိမ်များ၊ စက်ရုံအလုပ်ရုံများ၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကိုကြည့်မည်ဆိုလျှင် မီးသုံးစွဲသူ မီတာအလုံးရေ ၇၂၈၂၉ လုံးသုံးစွဲလျက်ရှိပါတယ်။ ထို့ကြောင့်လျှပ်စစ်ဓာတ်အား ပြည့်ဝတည်ငြိမ်စွာပေးနိုင်ရေးအတွက် လုံလောက်သည့်ဓာတ်အားခွဲရုံများ လိုအပ်လာမည်ဖြစ်ပါသည်။ လက်ရှိလျှပ်စစ်ဓာတ်အားခွဲရုံများမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေသော်လည်း ထပ်မံတပ်ဆင်လိုသည့်မီတာလုံးရေများ၊ တိုးချဲ့လာမည့်အိမ်ရာစီမံကိန်းများ၊ စက်ရုံအလုပ်ရုံများ၊ စက်မှုလက်မှုလုပ်ငန်းများကိုအဆင့်မြှင့်တင်ရန် စတင်ဆောင်ရွက်နေမှုများကြောင့် ဓာတ်အားခွဲရုံများထပ်မံလိုအပ်လာမည် ဖြစ်ပါသည်။ ထို့အတွက် ကျွန်တော်မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရပိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ၁၀၆ ရပ်ကွက်ရှိ မြေဧကသုံးဧကအား ဝန်ကြီးချုပ်ထံတင်ပြတောင်းခံခဲ့ရာ ခွင့်ပြုမိန့်ရရှိခဲ့ပြီးလည်း ဖြစ်ပါတယ်။

ထို့ကြောင့် ၁၀၆ ရပ်ကွက်၊ စိုက်မွေးရပ်ကွက်၊ ၇၀ ရပ်ကွက်များတွင် 66/11 KVA ဓာတ်အားခွဲရုံများ အမြန်ဆုံးတပ်ဆင်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် ကျွန်တော်တို့မြို့နယ်မှာ လျှပ်စစ်ဝန်ထမ်းများအနေဖြင့် ဝါယာကြိုးများတပ်ဆင်ခြင်း၊ ရှင်းလင်းခြင်း၊ လမ်းမီးတိုင်များပေါ်မှာ မီးလုံး၊ မီးချောင်းများလဲလှယ်ခြင်းများတွင် ကရိန်းကားများ၊ ကာကွယ်ရေးဝတ်စုံများ မရှိပါသဖြင့် အန္တရာယ်များစွာနှင့်ဆောင်ရွက်နေရပါတယ်။ ထို့ကြောင့် မြို့နယ်ပိုင် ပလပ်ဖောင်းထရပ်ကရိန်းကားတစ်စီး၊ လျှပ်ကာဝတ်စုံများ၊ လျှပ်ကာလုပ်ငန်းသုံးပစ္စည်းကိရိယာများ ချထားပေးပါရန် အစီအစဉ်ရှိ/မရှိ တင်ပြလိုခြင်းဖြစ်ပါတယ်။ ဥပမာ- ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဝန်ထမ်းအချို့အသက်အန္တရာယ်ထိခိုက်ခဲ့ရပြီးတော့ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်အင်ဂျင်နီယာဝန်ထမ်းနှစ်ဦးအား အရေးယူခြင်းကိုသာ ဆောင်ရွက်ခဲ့ပြီးတော့ လိုအပ်တဲ့ပံ့ပိုးမှုကိုတော့ မဖြည့်ဆည်းပေးခဲ့ပါဘူးခင်ဗျား။ ထို့အပြင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လျှပ်စစ်ဓာတ်အားပေးအဖွဲ့ ဝန်ထမ်း

အင်အားမှာ ၂၀၀၆-၂၀၀၇ ခုနှစ် မီးသုံးစွဲသူ ၄၀၀၀၀ ခန့်နှင့်ချထားပေးခဲ့ခြင်းဖြစ်၍ ယခု ၂၀၁၈-၂၀၁၉ ခုနှစ်ကို မီးသုံးစွဲသူ ၇၀၀၀၀ ကျော်နှင့်ကိုက်ညီတဲ့ဖွဲ့စည်းပုံ၊ 66/11 KVA ဓာတ်အားခွဲရုံများ၊ 33/11 KVA ဓာတ်အားခွဲရုံများအတွက် ဖွဲ့စည်းပုံချထားပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ ဒါက ဓာတ်အားဖြန့်ဖြူးပေးနေပုံဖြစ်ပါတယ်ခင်ဗျား။ ဒါက အခုလက်ရှိ ဓာတ်အားခွဲရုံများက မီးပေးနေပုံဖြစ်ပါတယ်။ ဒါကအခုကျွန်တော်တောင်းပေးတဲ့အတွက် ဝန်ကြီးချုပ်ကြီးကနေချထားပေးတဲ့မြေနေရာတွေဖြစ်ပါတယ်ခင်ဗျား။ အဲဒီထရန်စဖော်မာတည်မယ်ဆိုရင် ဒါဓာတ်အားပေးနိုင်တဲ့ဧရိယာဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ လက်ရှိ Lining တွေပါ။ အနက်ရောင် တွေကတော့ တရားဝင်ချထားပေးပါတယ်။ အနီရောင်တွေကတော့ အင်အားဖြည့်တာပါ။ သို့သော် အဲဒါတွေအကုန်လုံးက ဓာတ်အားခွဲရုံတွေမှာ အင်အားဖြည့်တင်းနေရတဲ့အတွက် သူတို့ဟာ နားရက် မရှိဘဲနဲ့၊ နားချိန်မရှိဘဲနဲ့ အချိန်ပြည့်တာဝန် ထမ်းဆောင်နေရပါတယ်။ ဂျူတီကျတယ်။ ပြီးရင် ကျွန်တော်တို့က တည်ဆောက်ရေးတွေမှာ ဆက်သုံးနေရ ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က လက်ရှိ ၂၀၁၈-၂၀၁၉ ခုနှစ် ဝန်ထမ်းဖွဲ့စည်းပုံနဲ့ ချထားပေးဖို့နဲ့ ၆၆ ကေဗွီ ဓာတ်အားခွဲရုံတွေမှာလည်း ၆၆ ကေဗွီဆိုရင် လူအင်အား ၂၀ ဦး ချထားပေးဖို့ တောင်းဆိုရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မေးခွန်း(၃)ခုအနက် ပထမဦးဆုံးမေးခွန်းဖြစ်သော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် 66/11 KVA ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန်ရှိ/မရှိဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီးဖြစ်ပါတယ်။ 66/11 KVA ဓာတ်အားခွဲရုံအသစ်တည်ဆောက်ရန်

အတွက် လိုအပ်တဲ့မြေနေရာကို လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပေါင်းစပ်ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်။ အဆိုပါမြေနေရာမှာ 66/11 KVA ၊ 20 MVA ထရန်စဖော်မာနှစ်လုံးတပ်ဆင်မယ့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းကို ယခုလာမည့် ၂၀၁၉-၂၀၂၀ ခုနှစ် ပြည်ထောင်စုရဲ့ဘဏ္ဍာရေးရန်ပုံငွေတွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးရန်စီစဉ်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်သော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းမှာ ဝါယာကြိုးများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ လမ်းမီးသီးနှင့် မီးလုံးများ ပြုပြင်တပ်ဆင်ခြင်း၊ ရှုပ်ထွေးဝါယာကြိုးများ ရှင်းလင်းရေးလုပ်ငန်းများအတွက် ထရိန်းကား သို့မဟုတ် လုပ်ငန်းသုံးကားတစ်စီးနှင့် လျှပ်စစ်ကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများ လုံလောက်စွာချထားပေးနိုင်ရေးမေးခွန်းဖြစ်ပါတယ်ခင်ဗျား။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရဲ့ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီဖြစ်သည့် Global Lighting Star ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ကာ 11 KV နှင့် ၎င်းထက်ဗို့အားနိမ့်ဓာတ်အားလိုင်းများရဲ့ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရရှိထားတာ ဖြစ်ပါတယ်ခင်ဗျား။ သို့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ရှုပ်ထွေးဝါယာကြိုးများရှင်းလင်းရန်၊ လိုအပ်တဲ့ တစ်တန်ခွဲကရိန်းကားကို အဆိုပါကုမ္ပဏီက လိုအပ်ချိန်မှာ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိတယ်လို့ သိရှိရပါတယ်။ သို့ရာတွင် အဆိုပါကရိန်းကားဟာ မြို့နယ်မှာ လုပ်ငန်းဆောင်ရွက်ရန်အတွက် အချိန်ပြည့်စီစဉ်ထားမှုမရှိကြောင်းတော့ သိရှိရပါတယ်။ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေနဲ့ အဆိုပါမြို့နယ်မှာ လုပ်ငန်းသုံးယာဉ်လိုက်ထရပ်တစ်စီး အမြဲတမ်းထားရှိဆောင်ရွက်ပေးထားတာဖြစ်ပါတယ်။ ကျန်သော လျှပ်စစ်ကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများနဲ့ပတ်သက်ပြီးတော့ ကုမ္ပဏီက ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်တဲ့အတွက်ကြောင့် အဆိုပါကုမ္ပဏီကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စီစဉ်ကြီးကြပ်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်သည့် လက်ရှိမြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်ပမာဏ၊ လူအင်အား၊ ဧရိယာ၊ ထရန်စဖော်မာအင်အား၊ မီးသုံးစွဲမှုအင်အားနှင့်ကိုက်ညီသော မြို့နယ်လျှပ်စစ်ဝန်ထမ်းအင်အား တိုးချဲ့ချထားပေးနိုင်ပါရန် မေးမြန်းခြင်းနှင့်ပတ်သက်ပြီး ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းမှာ ရပ်ကွက်ပေါင်း ၃၂ ရပ်ကွက်၊ နေထိုင်သူလူဦးရေပေါင်း ၃၇၀၀၀၀ ကျော်

နေထိုင်တဲ့မြို့နယ် ဖြစ်ပါတယ်။ အဆိုပါမြို့နယ်အတွင်းမှာ စက်မှုဇုန်က လေးဇုန်ရှိပြီး စက်ရုံပေါင်းက ၁၀၀၀ ကျော်ခန့် ရှိတာဖြစ်ပါတယ်။ တပ်ဆင်အသုံးပြုနေတဲ့မီတာအလုံးရေပေါင်း ၇၁၀၀၀ ကျော်ရှိကာ ဧရိယာအကျယ် အဝန်းက ၉ စတုရန်းမိုင်ခန့်ရှိတာဖြစ်ပါတယ်။ အဆိုပါမြို့နယ်အတွင်းမှာ 66 KV ဓာတ်အားခွဲရုံက နှစ်ရုံ၊ 33 KV ဓာတ်အားခွဲရုံက လေးရုံရှိတာဖြစ်ပါတယ်။ အဆိုပါ 66 KV ဓာတ်အားခွဲရုံကို ၂၄ နာရီ အလှည့်ကျတာဝန်ထမ်းဆောင်ရန်အတွက် လိုအပ်တဲ့ဝန်ထမ်းဦးရေဟာ ခွဲရုံနှစ်ရုံစာအတွက် ဝန်ထမ်း ၄၀ ဦးလိုအပ်တာဖြစ်ပါတယ်။ အလားတူ 33 KV ဓာတ်အားခွဲရုံအတွက် လိုအပ်တဲ့ဝန်ထမ်းဦးရေ ၂၄ ဦးလိုအပ်ပါတယ်ခင်ဗျား။ သို့သော် အဆိုပါခွဲရုံခြောက်ရုံအတွက် ဝန်ထမ်း ဖွဲ့စည်းပုံ ကျွန်တော်တို့မှာ မရှိသေးပါဘူး။ ဒီအတွက်ကြောင့် ဖွဲ့စည်းပုံရှိမှသာ ဝန်ထမ်းခန့်ထားခွင့် ရှိတဲ့အတွက်ကြောင့် ယခု အခါ ဖွဲ့စည်းပုံမရှိတဲ့အတွက် ခန့်ထားနိုင်တဲ့ဦးရေက လုံးဝမရှိဘဲ ဝန်ထမ်း ဦးရေဟာ ၆၄ ဦးလိုအပ်နေပါတယ်။

အလားတူ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးက တစ်ရုံးရှိပြီးတော့ လိုအပ်တဲ့ဝန်ထမ်းဦးရေက ၈၇ ဦး ရှိပါတယ်။ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအတွက် ဝန်ထမ်းဖွဲ့စည်းပုံရှိပါတယ်။ သို့သော် ခန့်ထားတဲ့ဦးရေက ၇၃ ဦးဖြစ်တော့ မြို့နယ်ရုံးမှာ ၁၄ ဦးလိုအပ်ပါတယ်။ ဒီအတွက်ကြောင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်အတွင်းမှာ တကယ်လိုအပ်တဲ့ဝန်ထမ်းဦးရေဟာ ၁၅၁ ဦးဖြစ်ပြီးတော့ လက်ရှိ ခန့်ထားတာ ၇၃ ဦးဖြစ်ကာ ၈၇ ဦးလိုအပ်နေတာဖြစ်ပါတယ်။ 66 KV ဓာတ်အားခွဲရုံနဲ့ 33 KV ဓာတ်အားခွဲရုံတွေမှာ ဖွဲ့စည်းပုံမကျတဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသကဲ့ သို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှာ ဓာတ်အားလိုင်းနဲ့ 11 KV ထရန်စဖော်မာများကိုစွတာဝန်ယူ ဆောင်ရွက်ရမယ့်ဝန်ထမ်းတွေကို 66 KV ဓာတ်အားခွဲရုံနဲ့ 33 KV ဓာတ်အားခွဲရုံတွေမှာ မဖြစ်မနေသွား ရောက်ခွဲဝေမျှတ တာဝန်ထမ်းဆောင်စေရတဲ့အခါမှာ လျှပ်စစ်အင်ဂျင်နီယာရုံးရဲ့ လုပ်ငန်းများလည်း တာဝန်ထမ်းဆောင်နိုင်တဲ့ဦးရေ နည်းပါးသွားတာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးနဲ့ ပတ်သက်ပြီး အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးမှာ 66 KV ဓာတ်အားခွဲရုံပေါင်း ၂၈ ရုံနဲ့ 33 KV ဓာတ်အားခွဲရုံပေါင်း ၁၁၃ ရုံ စုစုပေါင်းခွဲရုံပေါင်း ၁၄၁ ရုံအတွက် သတ်မှတ်တဲ့လူဦးရေအရပြောရင် ဝန်ထမ်း ၁၂၃၈ ဦး လိုအပ်နေပါတယ်။ အဆိုပါခွဲရုံ ၁၄၁ ရုံလုံးအတွက် ဖွဲ့စည်းပုံခွင့်ပြုလုံးဝမရရှိတဲ့အတွက်ကြောင့် ခွဲရုံတိုင်းအားလုံးအတွက် တရားဝင်ဝန်ထမ်းမရှိသေးဘူးဖြစ်နေပါတယ်။ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ရုံးက ဝန်ထမ်းများကိုပဲ အလှည့်ကျတာဝန်သွားရောက်ထမ်းဆောင်စေရတာဖြစ်ပါတယ်။ ဒဂုံမြို့သစ်

(တောင်ပိုင်း)အပါအဝင် ရန်ကုန်တိုင်းဒေသကြီးမှာရှိနေတဲ့ 66 KV ဓာတ်အားခွဲရုံအားလုံးနှင့် 33 KV ဓာတ်အားခွဲရုံ ၁၁၃ ရုံတို့အတွက် ဝန်ထမ်းခန့်ထားခွင့်နဲ့ပတ်သက်ပြီး ကျွန်တော်တို့လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းကစပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့တို့ထံကိုတင်ပြခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ထံ ဆက်လက်တင်ပြရန်အကြောင်းပြန်ကြားချက်များကို ရရှိပြီး အဆင့်ဆင့်တင်ပြခဲ့ရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကလည်း ရသုံးရဲ့သဘောထားမှတ်ချက်တွေ ပြန်လည်တောင်းခံပါဆိုတဲ့အခါမှာ ဒုတိယအကြိမ် ပြန်လည်တောင်းခံလိုက်တဲ့အခါမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ခေတ္တဆိုင်းငံ့ထားရန်လို့ ပြန်ကြားခဲ့ပါတယ်။

ဒီအတွက်ကြောင့် ကျွန်တော်တို့ ခေတ္တဆိုင်းငံ့ထားပြီးတော့ ဒုတိယအကြိမ်ထပ်မံတင်ပြခြင်း၊ တတိယအကြိမ်ထပ်မံတင်ပြခြင်းတို့ ဆောင်ရွက်သည့်အခါမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနက စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့အနေနဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဝန်ထမ်းခန့်ထားခြင်းနှင့်စပ်လျဉ်း၍ ချမှတ်သင့်တဲ့မူဝါဒအခြေခံများအတွက် မူဝါဒတစ်ရပ်ကို ညှိနှိုင်းရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဝန်ထမ်းဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ခြင်း၊ ဝန်ထမ်းခန့်ထားခြင်းတို့အား မူဝါဒချမှတ်ပြီးမှသာ မူဝါဒနှင့်အညီ ဆောင်ရွက်၍ ပြန်လည်တင်ပြရန်ဖြစ်ပါကြောင်း ပြန်ကြားထားတာဖြစ်ပါတယ်။ သို့အတွက်ကြောင့် ယခုအချိန်မှာ ဖွဲ့စည်းပုံအသစ်ရရှိရန်နှင့် ဖွဲ့စည်းပုံအသစ်ရရှိမှသာ ဝန်ထမ်းခန့်ထားရေးကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ပြန်ကြားချက်အရ မူဝါဒချမှတ်ပြီးချိန်ထိ စောင့်ဆိုင်းလျက်ရှိပါကြောင်း လတ်တလောဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုမှ ဒေသခံပအိုဝ်းတိုင်းရင်းသားများ (၂၄)နာရီ လျှပ်စစ်ဓာတ်အားအသုံးပြုခွင့်ရရှိရေးအတွက် မည်ကဲ့သို့ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟိုနမ့်ဒေသ၊ ပန်းတန်ဒေသမှာနေထိုင်ကြတဲ့ ဒေသခံပအိုဝ်းတိုင်းရင်းသားများ ၂၄ နာရီလျှပ်စစ်မီးအသုံးပြုခွင့်ရရှိရေးအတွက် ဒီမေးခွန်းကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မောက်မယ်မြို့နယ်တွင် မြို့နှင့် ၁၈ မိုင်ကွာဝေးသော ဒေသမှာ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုဆိုပြီးတော့မှ ဒေသခံပအိုဝ်းတိုင်းရင်းသားများစုပေါင်းနေထိုင်တဲ့ ကျေးရွာအုပ်စုကြီးနှစ်အုပ်စု ရှိပါတယ်။ ယခင်က ဆက်သွယ်သွားလာရေးအင်မတန်ခက်ခဲတဲ့ဒေသဖြစ်ပါတယ်။ ယခု ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းမှာ ဆက်သွယ်ရေး၊ သွားလာရေးအတွက် အဓိကအချက်အချာကျတဲ့ ကျေးရွာအုပ်စုတွေ ဖြစ်လာပါတယ်။ ယခုလက်ရှိအနေနဲ့ ဟိုနမ့်အုပ်စုရဲ့အဓိကကျတဲ့နေရာတွေမှာ EPC ကနေပြီးတော့မှ လျှပ်စစ်ဓာတ်အားပေးစနစ်နဲ့ မီးထွန်းထားတာရှိပါတယ်။ လောလောဆယ် ဟိုနမ့်ဒေသရဲ့အင်အားမှာတော့ စာသင်ကျောင်းတစ်ကျောင်းရှိပါတယ်။ အ.ထ.ကတစ်ကျောင်းရှိပါတယ်။ နောက် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံရှိပါတယ်။ ရဲစခန်းတစ်ခုရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့ကျေးရွာတွေမှာပြုလုပ်တဲ့ လူထုစကားဝိုင်းပြည်သူ့တွေ့ဆုံပွဲတွေမှာကျရင် ဒေသခံတိုင်းရင်းသားတွေက လျှပ်စစ်မီး ၂၄ နာရီ အသုံးပြုခွင့်ရရှိရေးကို အဓိကတင်ပြတောင်းဆိုလာကြတာ ဖြစ်ပါတယ်။ တကယ်ဝေးလံခက်ခဲတဲ့ ဒေသတွေကျတော့ န.တ.လ နဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီးတော့မှ ဆိုလာမီးတွေကိုတော့ ဖြန့်ဝေထားတာ အနည်းအကျဉ်းတွေ့ရှိရပါတယ်။ ဒါကြောင့်ကျွန်တော့်အနေနဲ့ ဒေသခံတိုင်းရင်းသားများ လျှပ်စစ်မီး ၂၄ နာရီအသုံးပြုခွင့်ရရှိရေးအတွက် အောက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုမှ ဒေသခံပအိုဝ်းတိုင်းရင်းသားများ ၂၄ နာရီလျှပ်စစ်ဓာတ်အားအသုံးပြုခွင့် ရရှိရေး

အတွက် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါ်းဆိုင်ဟိန်းမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရရဲ့ဖြေကြားချက်အား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ဖြေကြားချက်နှင့်ပေါင်းစပ်ကာ ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ရှမ်းပြည်နယ်၊ မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း ၂၈ ရွာ၊ အိမ်ထောင်စုပေါင်း ၁၆၁၇ စု၊ ပန်းတန်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ၁၀ ရွာ၊ အိမ်ထောင်စုပေါင်း ၁၀၁၉ စုခန့် နေထိုင်လျက်ရှိပါတယ်။ အဆိုပါကျေးရွာအုပ်စုနှစ်ခုမှာရှိတဲ့ ကျေးရွာပေါင်း ၃၈ ရွာ၊ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် မောက်မယ်မြို့၊ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံမှ ဟိုနမ့်ကျေးရွာသို့ ၃၃ ကေဗွီဓာတ်အားလိုင်း ၂၂.၅ မိုင်နှင့် ဟိုနမ့်ကျေးရွာတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗီအေ ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ကာ အဆိုပါ ၃၃ ကေဗွီဓာတ်အားခွဲရုံမှတစ်ဆင့် ၁၁ ကေဗွီဓာတ်အားလိုင်းများဖြင့် ကျေးရွာများထံသို့ လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးပေးသွားရမှာ ဖြစ်ပါတယ်။ မောက်မယ်မြို့တွင် ၃၃/၁၁ ကေဗွီခွဲရုံမှ ဟိုနမ့်ကျေးရွာသို့ ၃၃ ကေဗွီဓာတ်အားလိုင်း ၂၂ မိုင်နှင့် ဟိုနမ့်ကျေးရွာတွင် ၃၃ ကေဗွီဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့ဘတ်ဂျက်တွင် ထည့်သွင်းလျာထားဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ပါတယ်။ အဆိုပါကိစ္စအား စီစဉ်ဆောင်ရွက်ပြီးပါက ထပ်မံလိုအပ်လာမယ့် ၁၁ ကေဗွီဓာတ်အားလိုင်းများနှင့် ၁၁/၀.၄ ကေဗွီထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်းများကို ၃၃ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးသော အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ဘတ်ဂျက်ရန်ပုံငွေတွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းများတွင် ကျောင်းသားကျောင်းသူများ လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေများ ချထားပြီးစောင့်ရှောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဌေးလင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းများတွင် ကျောင်းသားကျောင်းသူများ လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သော လုံခြုံရေးများချထားပြီးစောင့်ရှောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၂၀၀၀ ခုနှစ်နောက်ပိုင်းကစပြီး တက္ကသိုလ်အများစုဟာ မြို့ပြနှင့်အလှမ်းဝေးရာကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါတယ်။ အခုလိုပြောင်းရွှေ့ခဲ့ခြင်းဟာ မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေး၊ လွတ်လပ်စွာသင်ကြားပို့ချနိုင်ရေး၊ အေးချမ်းစွာပညာသင်ယူနိုင်ရေးစတဲ့ ရည်ရွယ်ချက်တွေနဲ့ တက္ကသိုလ်အများစုကို မြို့ပြနှင့်အလှမ်းဝေးရာကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။ သို့သော်လည်းပဲ ကျောင်းသူကျောင်းသားအများစုဟာ အေးချမ်းစွာ ပညာသင်ကြားနိုင်စေဖို့ထက် အပင်ပန်းကြီးစွာ ပညာသင်ကြားနေရပါတယ်။ အကြောင်းအရင်းကတော့ ဒီတက္ကသိုလ်တွေဟာ ကျွန်တော်တို့မြို့ပြတွေနှင့်အနည်းဆုံး ၅ မိုင်ကနေ အများဆုံး ၇ မိုင်၊ ၈ မိုင်၊ ၁၀ မိုင်အထိ ဝေးကွာပြီး ကျောင်းသူကျောင်းသားတွေဟာ မနက်စောစောကျောင်းကားရှိတဲ့နေရာကိုသွားရပါတယ်။ ကျောင်းကားကနေတစ်ဆင့် ကျောင်းကိုကျွန်တော်တို့က အချိန် ၁ နာရီလောက်ပေးပြီးမှ ကျောင်းကိုရောက်ရပါတယ်။ အဲဒီကနေ ကျွန်တော်တို့ ကျောင်းသွားကျောင်းပြန်ညနေအိမ်ပြန်ရောက်တဲ့အထိ တွက်မယ်ဆိုရင် လမ်းခရီးမှာတင် နေ့စဉ်နှင့်အမျှ ၃၊ ၄၊ ၅ နာရီ ကုန်ဆုံးနေရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အဲလိုသွားရေးလာရေးအဆင်မပြေလို့ အနီးဆုံးတက္ကသိုလ်

တွေမှာနေရသော်လည်းပဲ အဆောင်စရိတ်၊ စားစရိတ်၊နေထိုင်စရိတ်ကြီးမြင့်မှုတွေနဲ့ ထပ်မံကြုံတွေ့ရပါတယ်။ နောက်ပြီးကျွန်တော်တို့မြို့ပြနှင့်အလှမ်းဝေးတဲ့အတွက် ကျောင်းသူကျောင်းသားတွေအပေါ်မှာ ဒုစရိုက်သမားတွေက ပြစ်မှတ်ထားပြီး ခိုးစိုးလုယက်မှုအပြင် အသက်အန္တရာယ်အထိ ခြိမ်းခြောက်မှုတွေပါ ရင်ဆိုင်နေရပါတယ်။ အထက်ပါအခြေအနေတွေကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့တက္ကသိုလ်တွေဟာ မြို့ပြနှင့်ဝေးရာကိုရောက်ရှိနေတဲ့အတွက် အဖိုးတန်လက်ဝတ်ရတနာ၊ ဆိုင်ကယ်တွေ လုယက်ခံရတဲ့အပြင် အသက်အန္တရာယ်တွေအထိ ဖြစ်နေရတဲ့အနေအထားကို ကျွန်တော်တို့ Power Point နှင့် တင်ပြလိုပါတယ်။ ကျေးဇူးပြု၍ Power Point နှင့်တင်ပြခွင့်ပြုပါ။ ဒါကတော့ ကျွန်တော်တို့ မန္တလေးကွန်ပျူတာတက္ကသိုလ်က ပုသိမ်ကြီးမြို့နယ်ထဲမှာ ရှိပါတယ်။ မန္တလေးနဲ့ ၁၂ မိုင်ဝေးပါတယ်။ နောက် ဒါကျွန်တော်တို့ ကွန်ပျူတာတက္ကသိုလ်(မန္တလေး) ဖြစ်ပါတယ်။ သူကတော့ စဉ့်ကိုင်မြို့နယ်ထဲမှာရှိပါတယ်။ မန္တလေးမြို့နှင့် ကျွန်တော်တို့ ၁၆ မိုင်လောက်ဝေးပါတယ်။ ဒါကတော့ နည်းပညာတက္ကသိုလ်(မုံရွာ) ဖြစ်ပါတယ်။ မုံရွာကနေ ၆ မိုင်လောက်ဝေးပါတယ်။ ဒါကတော့ ဆေးတက္ကသိုလ်(မကွေး)ပါ။ မကွေးကနေ ၇ မိုင်လောက်ဝေးပါတယ်။ ဒါကတော့ ကျွန်တော်တို့ နည်းပညာတက္ကသိုလ် ပြင်ဦးလွင်မြို့နယ်ထဲမှာရှိပါတယ်။ ရတနာပုံဆိုင်ပါစီးတီးလို့လည်း ခေါ်ပါတယ်။ ပြင်ဦးလွင်နှင့် ၁၆ မိုင်လောက်ဝေးပါတယ်။ ဒါက ကျွန်တော်တို့ ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ) ၇ မိုင်လောက်ဝေးပါတယ်။ ပခုက္ကူနှင့်။ ဒါကတော့ အင်မတန်ထူးခြားတဲ့ ရတနာပုံတက္ကသိုလ်ဖြစ်ပါတယ်။ ဧရာဝတီမြစ်ရေကြီးချိန်နှင့် ဒုဋ္ဌဝတီဆုံတဲ့အချိန်မှာ မိုးကောင်းတဲ့အချိန်မှာဆိုရင်တော့ ရေကြီးနစ်မြုပ်မှုပါ ရင်ဆိုင်ရတဲ့ တက္ကသိုလ်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကျောင်းသူကျောင်းသားတွေက ကျောင်းသွားတဲ့အခါ လိုအပ်တဲ့အသုံးအဆောင်ပစ္စည်းအပြင် အသက်ကယ်လှေနှင့်အသက်ကယ်အင်္ကျီပါယူသွားရမည့် ထူးခြားတဲ့တက္ကသိုလ်ဖြစ်ပါတယ်။ ဒါကတော့ တက္ကသိုလ်တွေရဲ့ မြို့ပြနှင့်ကွာဝေးမှုကို လက်လှမ်းမီသမျှ စုစည်းထားတာကို တင်ပြထားခြင်းဖြစ်ပါတယ်။ ဒါကတော့ မန္တလေး (ရတနာပုံ)တက္ကသိုလ်ကျောင်းသားတစ်ဦး သေဆုံးခဲ့တဲ့သတင်းဖြစ်ပါတယ်။ ဓားထိုးခံပြီးသေဆုံးခဲ့တဲ့သတင်းဖြစ်ပါတယ်။ ဒါကတော့ ပြင်ဦးလွင်ရတနာပုံဆိုက်ဘာစီးတီးကျောင်းသားတစ်ဦးရိုက်နှိပ်ခံရပြီးသေဆုံးသွားခဲ့တဲ့ သတင်းနေရာဖြစ်ပါတယ်။ ဒါကတော့ သက်ဆိုင်ရာကျောင်းသားသမဂ္ဂအသီးသီးကဝမ်းနည်းကြောင်းသဝဏ်လွှာဖြစ်ပါတယ်။ ဒါကတော့ ရတနာပုံဆိုက်ဘာစီးတီးကျောင်းသားသမဂ္ဂကနေ အစိုးရကိုလုံခြုံရေးနှင့်ပတ်သက်လို့ ပိုမိုဆောင်ရွက်ပေးဖို့ တိုက်တွန်းထားတဲ့ ထုတ်ပြန်ကြေညာချက်ဖြစ်ပါတယ်။ ဒါကတော့ ပြင်ဦးလွင်ခရိုင်တရားရုံးက ဆိုင်ဖာစီးတီးကျောင်းသားသေဆုံးမှုနှင့်

ပတ်သက်လို့စီရင်ချက်ဖြစ်ပါတယ်။ ယနေ့အချိန်အထိ လွတ်မြောက်နေဆဲ တရားခံတွေရှိနေပါသေးတယ်။ Power Point ပိတ်လို့ရပါပြီ။ သို့ဖြစ်ပါ၍ မြို့ပြနှင့်အလှမ်းဝေးတဲ့ နေရာတွေမှာ ပညာသင်ကြားနေရတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းသားလူငယ်များရဲ့ လုံခြုံရေးအတွက် အနီးဆုံးကျေးရွာရပ်ကွက်များအတွင်း ရဲစခန်း သို့မဟုတ် ရဲကင်းများချထားပေးခြင်း၊ ကျောင်းသူကျောင်းသားများကျောင်းတက်ကျောင်းဆင်းသွားလာရာ လမ်းမကြီးများတွင် လုံခြုံရေးလှည့်ကင်းများ စီမံဆောင်ရွက်ပေးနိုင်ရန်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းဌေးလင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ဖြေကြားမှာဖြစ်တဲ့အတွက် အချိန်နှစ်မိနစ်ခန့်တိုးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များဖွင့်လှစ်ခြင်းကို တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးအခြေအနေနှင့် ရရှိသည့်အမှတ်ပေါ် မူတည်၍လည်းကောင်း၊ တက္ကသိုလ်ကောလိပ်များအလိုက် လက်ခံနိုင်မည့်ကျောင်းသားဦးရေများအပေါ် မူတည်၍လည်းကောင်း၊ နှစ်စဉ်ပညာသင်နှစ်အလိုက် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ မြန်မာတစ်ဝန်းလုံးရှိ တက္ကသိုလ် ၁၁၉ ခု၊ ကောလိပ် ၂၉ ခုဖွင့်လှစ်ထားရှိပါတယ်။ တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများမှာ တက်ရောက်လျက်ရှိတဲ့ ကျောင်းသားကျောင်းသူများ လုံခြုံအေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်များရဲ့ စာသင်ဆောင်၊ စာပေသင်ကြားရေး၊ အထောက်အကူပြုအဆောင်များနှင့် ကျောင်းသားကျောင်းသူများ၊ ကျောင်းအိပ်ကျောင်းစားနေထိုင်ရန် ဧည့်ဆောင်များအပါအဝင် တက္ကသိုလ်ပရဝုဏ်အတွင်း လုံခြုံရေးကို တက္ကသိုလ်တာဝန်ရှိသူများ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေ့ညလုံခြုံရေးဝန်ထမ်းများခန့်ထား၍ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းပရဝုဏ်အတွင်း လုံခြုံမှုရှိစေရေးအတွက် ကျောင်းသား

ကျောင်းသူများ အဝင်/အထွက်ပြုခြင်းကို လည်ဆွဲကဒ်များချိတ်ဆွဲပြီးမှ ဝင်/ထွက်ခွင့်ပြုပြီး အခြားပြင်ပမှ မည်သူမဆို တက္ကသိုလ်ပရဝုဏ်အတွင်းရှိ ရုံး၊ အဆောက်အဦ၊ စာသင်ဆောင်များဝင်ရောက်မည်ဆိုပါကလည်း တိကျသောအထောက်အထားကို ရယူ၍ မှတ်တမ်းကို စနစ်တကျ မှတ်ပုံတင်ရေးသွင်းပြီးမှသာလျှင် ဧည့်လုံခြုံရေးကဒ် ထုတ်ပေးကာ ဝင်ရောက်စေခြင်းဖြင့် လုံခြုံရေးကိုစနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။

တက္ကသိုလ်ကျောင်းပရဝုဏ်အတွင်း အဝင်/အထွက် မုဒ်ဦးဂိတ်များ၊ စာသင်ဆောင်များ၊ ကျောင်းသားကျောင်းသူအဆောင်များနှင့် ကျောင်းပရဝုဏ်ပတ်ဝန်းကျင်လမ်းဆုံနေရာများတွင် CCTV လုံခြုံရေးကင်မရာများ တပ်ဆင်ကာမှတ်တမ်းတင်စောင့်ကြပ်ကြည့်ရှုလျက် ကျောင်းတွင်းလုံခြုံရေးကို တက္ကသိုလ်လုံခြုံရေးဝန်ထမ်းများမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျောင်းသားကျောင်းသူများ တက္ကသိုလ်ပရဝုဏ်အတွင်း ကျောင်းတွင်အိပ်၊ ကျောင်းတွင်စားစနစ်ဖြင့် လုံခြုံစွာနေထိုင်ပြီး ပညာသင်ကြားနိုင်ရေးအတွက် တက္ကသိုလ်ကျောင်းများအလိုက် အိပ်ဆောင်များကို စတင်ဆောက်လုပ်ပေးလျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။ တက္ကသိုလ်နှင့်ကောလိပ်ကျောင်းအသီးသီးမှ ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက်ကျောင်းများမှာ ယာဉ်စည်းကမ်းကော်မတီဖွဲ့စည်း၍ နေ့စဉ်တာဝန်ကျအဖွဲ့အလိုက် တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်နေ့အထိ တက္ကသိုလ်၊ ကောလိပ်များ၏ ပုရဝုဏ်အတွင်း ဖြစ်ပွားခဲ့တဲ့ မှုခင်းများမှာ အမှုကြီးနှစ်မှု၊ အခြားအမှု ၁၄၂ မှုဖြစ်ပွားခဲ့ပါတယ်။ အမှုကြီးနှစ်မှုမှာ ပဲခူးတက္ကသိုလ်ကျောင်းဝင်းအတွင်း ဆေးသုတ်သမားများအချင်းချင်းခိုက်ရန်ဖြစ်ပွားရာမှ ကျူးလွန်သည့်လူသတ်မှုတစ်မှု၊ မုံရွာတက္ကသိုလ်ဘောလုံးကွင်းအတွင်း တက္ကသိုလ်ကျောင်းသားကျောင်းသူများ ချိန်းတွေ့ရာမှာ လုယက်ခံရမှုတစ်မှုတို့ဖြစ်ပြီး အဆိုပါနှစ်မှုလုံးဖော်ထုတ်၍ တရားစွဲတင်ပြီးဖြစ်ပါတယ်။

အခြားအမှု ၁၄၂ မှုတွင် ဆိုင်ကယ်ခိုးမှု ၉၉ မှုဖြစ်ပွားခဲ့ရာ ၃၉ မှုကို ဖော်ထုတ်တရားစွဲတင်နိုင်ခဲ့ပြီး ၆၀ မှုမှာ စုံစမ်းစစ်ဆေးဆဲဖြစ်ပါတယ်။ သက်ဆိုင်ရာခရိုင်၊ ရပ်ကွက်တပ်ဖွဲ့မှုများမှ တက္ကသိုလ်အာဏာပိုင်များနှင့်ပေါင်းစပ်၍ ဆိုင်ကယ်ရပ်နားရန်နေရာများ သတ်မှတ်ပြီး လုံခြုံရေးဝန်ထမ်းများချမှတ်ထားခြင်းစနစ်ဖြင့် ဆိုင်ကယ်ခိုးမှုများကို လျှော့ချနိုင်ရေးအတွက် ညှိနှိုင်းထားရှိပါတယ်။ ရိုးရိုးခိုးမှုရှစ်မှု ဖြစ်ပွားခဲ့ရာ လေးမှုကို ဖော်ထုတ်တရားစွဲတင်နိုင်ခဲ့ပြီး လေးမှုမှာ စုံစမ်းစစ်ဆေးဆဲဖြစ်ပါတယ်။ ပြည်သူပိုင်ပစ္စည်း ဖျက်စီးမှုသုံးမှုဖြစ်ပွားခဲ့ပြီး နှစ်မှုကို ဖော်ထုတ်တရားစွဲတင်နိုင်ခဲ့ပြီး တစ်မှုမှာ

စုံစမ်းစစ်ဆေးဆဲ ဖြစ်ပါတယ်။ နာကျင်စေမှုသုံးမှု၊ ခိုက်ရန်ဖြစ်ပွားမှုတစ်မှုဖြစ်ပွားခဲ့ရာ ဖော်ထုတ်တရားစွဲတင်ခဲ့ပြီးဖြစ်ပါတယ်။ လူတစ်ဦးချင်းစီတွင် ဖြစ်လေ့ဖြစ်ထရှိတဲ့ အမှုခင်းများနှင့် အထူးအထွေ ဥပဒေများမှ အရေးယူမှုခင်း အခြားအမှု ၂၈ မှုဖြစ်ပွားခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်နေ့အထိ တက္ကသိုလ်၊ ကောလိပ်များရဲ့ ပရဝုဏ်ပြင်ပတွင် ကျောင်းသားကျောင်းသူများ ကျူးလွန်ခံရတဲ့မှုခင်းများမှာ အမှုကြီး ၁၈ မှု၊ အခြားအမှု ၂၀၇ မှုဖြစ်ပွားခဲ့ပါတယ်။ အမှုကြီး ၁၈ မှုတွင် ပြင်ဦးလွင်မြို့နယ် ရတနာပုံနည်းပညာတက္ကသိုလ် ကျောင်းသားတစ်ဦး ပစ္စည်းလုယက်၍ အသက်ခံရမှု၊ ကျောင်းသားများနှင့် ခိုက်ရန်ဖြစ်ပွားသည့်သေဆုံးမှုနှစ်မှု၊ မမြင်ကွယ်ရာချိန်းတွေ့ရာမှ ကျူးလွန်ခံရသည့် အမှုတစ်မှု စုစုပေါင်းလေးမှုတို့အား ဖော်ထုတ်၍တရားစွဲတင်ပြီး ပြစ်ဒဏ်အသီးသီးချမှတ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျောင်းသားများနှင့်ခိုက်ရန်ဖြစ်ပွားရာမှ သေဆုံးမှုသုံးမှု၊ မမြင်ကွယ်ရာတွင် ချိန်းတွေ့ရာမှကျူးလွန်ခံရသည့် သေဆုံးမှုတစ်မှု၊ စနောက်ရာမှ ကျောင်းသားသေဆုံးမှုတစ်မှု၊ ကျောင်းသားကျောင်းသူများလုယက်ခံရမှုနှစ်မှုနှင့် တက္ကသိုလ်ကျောင်းသူ မုဒိမ်းကျင့်ခံရမှုနှစ်မှု စုစုပေါင်းကိုးမှုကို ဖော်ထုတ်၍တရားစွဲတင်ထားရှိပြီးဖြစ်ပါတယ်။ မမြင်ကွယ်ရာမှာ ချိန်းတွေ့ရာမှ ကျူးလွန်ခံရသည့် သေဆုံးမှုနှစ်မှုနှင့် ကျောင်းသားကျောင်းသူများ လုယက်ခံရမှုသုံးမှု စုစုပေါင်းငါးမှုမှာ မျက်မြင်သက်သေနှင့်ပတ်ဝန်းကျင်သက်သေရရှိမှု အားနည်းနေသောကြောင့် တရားခံဖော်ထုတ်ရေးအတွက် သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ်လျက်ရှိပါတယ်။

ကျန်အမှု ၂၀၇ မှုတွင် ဆိုက်ကယ်ခိုးမှု ၄၂ မှုဖြစ်ပွားခဲ့ပြီး ရှစ်မှုကိုဖော်ထုတ်တရားစွဲတင်ခဲ့ရာ သုံးမှုမှာပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပြီး ငါးမှုမှာတရားရုံးစစ်ဆေးဆဲနှင့် ၃၄ မှုမှာ စုံစမ်းစစ်ဆေးဆဲဖြစ်ပါတယ်။ ခိုးမှုရိုးရိုး ၁၈ မှုဖြစ်ပွားခဲ့ပြီး ၁၀ မှုကိုဖော်ထုတ်တရားစွဲတင်ခဲ့ရာမှာ သုံးမှုမှာပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပြီး ခုနစ်မှုမှာ တရားရုံးစစ်ဆေးဆဲဖြစ်ပြီး ရှစ်မှုမှာစုံစမ်းစစ်ဆေးဆဲဖြစ်ပါတယ်။ နာကျင်စေမှု ၉၅ မှု ဖြစ်ပွားခဲ့ပြီး ၆၂ မှုကို ဖော်ထုတ်တရားစွဲတင်ခဲ့ရာမှာ ၁၁ မှုမှာ ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပြီး ၅၁ မှုမှာ တရားရုံးစစ်ဆေးဆဲနှင့် ၃၃ မှုမှာ စုံစမ်းစစ်ဆေးဆဲ ဖြစ်ပါတယ်။ ပြည်သူပိုင်ပစ္စည်းဖျက်စီးမှု နှစ်မှု ဖြစ်ပွားခဲ့ရာမှာဖော်ထုတ်တရားစွဲတင်ပြီးဖြစ်ပါတယ်။ လူတစ်ဦးစီတွင်ဖြစ်လေ့ဖြစ်ထရှိတဲ့ မှုခင်းများနှင့် အထူးအထွေဥပဒေများအရ အရေးယူတဲ့အမှုများဖြစ်တဲ့ ကျန်အခြား ၅၀ မှု ဖြစ်ပွားခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တက္ကသိုလ်၊ ကောလိပ်ကျောင်းသားကျောင်းသူများ လုံခြုံမှုအေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာဆရာမများရဲ့ ကြီးကြပ်ကွပ်ကဲမှုဖြင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီများနှင့် ကျောင်းလုံခြုံရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ကျောင်းတက်

ကျောင်းဆင်းချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက်လည်းကောင်း၊ ကျောင်းစာမေးပွဲဖြေဆိုချိန် ဘွဲ့နှင်းသဘင်ဆုပေးပွဲ အခမ်းအနားနှင့် အခြားဖျော်ဖြေရေးများတွင် ပေါင်းစပ်ညှိနှိုင်း၍ လုံခြုံရေးတာဝန်များဆောင်ရွက်ပေးခြင်းနှင့် ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းတို့အား သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများမှဦးစီး၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အခြားမှုခင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲများမှ ဖြစ်စဉ်သာဓကများဖြင့် ဆွေးနွေးဟောပြောခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် နေ့စဉ်သက်ဆိုင်ရာနယ်မြေအလိုက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များဦးစီး၍ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး မလိုလားအပ်တဲ့ ပြဿနာများ မှုခင်းများမဖြစ်ပွားစေရေးအတွက် သတင်းစောင့်ကြည့်လျက်ရှိတဲ့အပြင် နေ့ညအချိန်များမှာ တက္ကသိုလ်၊ ကောလိပ်ကျောင်းသားကျောင်းသူများ၊ အဆောင်များအနီးမှာ ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ မော်တော်ဆိုင်ကယ်များ လှည့်ကင်း၊ မော်တော်ယာဉ်လှည့်ကင်းများ၊ ရပ်ကင်းစောင့်ကြည့်ကင်းများနှင့် ဝပ်ကင်းများလုံခြုံရေဆောင်ရွက်ပေးလျက်ရှိပါတယ်။ လူနေအိမ်တွေနှင့်အလှမ်းဝေးကွာသည့် နေရာများ၊ လူသွားလူလာနည်းသည့်နေရာများတွင် တွေ့ရှိရသည့် လူငယ်စုံတွဲများအား ယခုကဲ့သို့ လာရောက်ချိန်းဆိုခြင်းမပြုရန် ပညာပေးဟောပြောခြင်း၊ ဝိုင်းဖွဲ့အရက်သေစာသောက်စားသည့် ကျောင်းသားကျောင်းသူများအား မှုခင်းပညာပေးပြောကြား၍ ဆရာဆရာမများ အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ပါ၍ မြန်မာနိုင်ငံအတွင်း တက္ကသိုလ်၊ ကောလိပ်ကျောင်းများမှ ကျောင်းသားကျောင်းသူများ လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သက်ဆိုင်ရာ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ သက်ဆိုင်ရာဆရာဆရာမများနှင့် ပူးပေါင်းညှိနှိုင်း၍ ကျောင်းပုရဝုဏ် အတွင်း လုံခြုံရေးများ၊ တက္ကသိုလ်လုံခြုံရေးဝန်ထမ်းများမှ တာဝန်ယူဆောင်ရွက်ခြင်းကို လိုအပ်လျှင် ကူညီပေးခြင်းနှင့် ကျောင်းပုရဝုဏ်ပြင်ပ ကျောင်းသားကျောင်းသူများ သွားလာနေထိုင်တက်သည့် နေရာများတွင် နေ့ညလှည့်ကင်း၊ ရပ်ကင်း၊ စောင့်ကြည့်ကင်းများဖြင့် လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ ရှောင်တခင်ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ ကျောင်းတက်ကျောင်းဆင်းချိန်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်ပေးခြင်း၊ မှုခင်းကျင်ဆင်းရေးနှင့် မှုခင်းဆိုင်ရာအသိပညာ

ပေးပေးပြောခြင်းများကိုဆောင်ရွက်လျက်ရှိပါကြောင်း ပညာရေးဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြား ချက်များနှင့်အတူ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မြန်မာနိုင်ငံ အကျဉ်းထောင်များ၌ နိုင်ငံခြားတိုင်းပြည်များတွင် ကျင့်သုံးလျက်ရှိသော PAROLE SYSTEM ကျင့်သုံးရန် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ဧည့်သည်များအားလုံးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံ အကျဉ်းထောင် များ၌ နိုင်ငံခြားတိုင်းပြည်များတွင် ကျင့်သုံးလျက်ရှိသော PAROLE SYSTEM ကျင့်သုံးရန် ရှိ/မရှိ၊ ကျင့်သုံးရန်မရှိပါက အဘယ်ကြောင့်ကျင့်သုံးခြင်းမရှိကြောင်း၊ ကျင့်သုံးရန်ရှိပါက မည်သည့်အချိန်တွင် စတင်ကျင့်သုံးမည်ကို သိလိုပါတဲ့မေခွန်းဖြစ်ပါတယ်။ PAROLE SYSTEM ဆိုတာကတော့ အကျဉ်း သားတွေကို ကျွန်တော်ဒီမေးခွန်းကိုမေးထားတာ ပြီးခဲ့တဲ့သကြ်ာန်မတိုင်ခင် (၁၁)ကြိမ်မြောက် လွှတ်တော်အစည်းအဝေးမှာ တင်ခဲ့တာပါ။ အဲဒီတုန်းက ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အကျဉ်းထောင် တွေမှာ အကျဉ်းသားတွေ အဆမတန်များပြားနေတာ။ ထားရှိနိုင်တဲ့အကျဉ်းသားရယ် လက်ခံနိုင်တဲ့ အကျဉ်းသားရယ် နှစ်ဆလောက်ကို အဲဒီမှာထားပြီးတော့ ထိန်းသိမ်းနေရတဲ့အတွက် လူတွေ တော်တော်ဒုက္ခရောက်တာကို သိရပါတယ်။ အကျဉ်းသားတွေ ဒုက္ခရောက်တယ်။ အဲဒီအပြင် အကျဉ်းဝန်ထမ်း တွေကလည်း အင်မတန် ခက်ခက်ခဲခဲ ထိန်းချုပ်နေရတယ်ဆိုတာလည်း ကျွန်တော်တို့ သိပါတယ်။ အဲဒီတော့ ပြီးခဲ့တဲ့သကြ်ာန်ပြီးတဲ့အခါမှာတော့ နိုင်ငံတော်သမ္မတကြီးက သူ့ရဲ့လုပ်ပိုင်ခွင့် အရ သုံးကြိမ်ပေးခဲ့လို့ တော်တော်များများကိုတော့ လွှတ်ပေးခဲ့ပါတယ်။ အခု ကျွန်တော်မေးတဲ့ PAROLE SYSTEM ဆိုတာနဲ့မဆိုင်ပါဘူး။ သမ္မတကြီးရဲ့လုပ်ပိုင်ခွင့်အရပေးတာပါ။ PAROLE SYSTEM ဆိုတာက အကျဉ်းသားတွေကို ပြစ်ဒဏ်ပေး ထားတဲ့လွတ်ရက်မတိုင်မီမှာ ကြိုတင် လွှတ်ပေးခြင်းပဲဖြစ်ပါတယ်။ PAROLE SYSTEM အရလွှတ်ပေးလိုက်တဲ့အကျဉ်းသားဟာ သူလိုက်နာ ရမယ့်စည်းကမ်းချက်များ၊ ကတိဝန်ခံချက်များနဲ့ ယာယီလွှတ်ပေးလိုက်တာဖြစ်ပါတယ်။ ထောင်ပြင်ပ

ရောက်ရင်လည်း စောင့်ကြပ်ကြည့်ရှုရေးဌာနနဲ့ ရပ်ကွက်လူကြီးတွေက စောင့်ကြည့်မှုအောက်မှာ သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်း နေထိုင်ရပါမယ်။ သတ်မှတ်ထားတဲ့စည်းကမ်းအတိုင်း မနေထိုင်ဘူးဆိုလို့ရှိရင် ထောင်ထဲကိုပြန်ပို့လို့ရပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် ဝန်ခံချုပ်နဲ့ ထောင်ကနေလွှတ်ပေး လိုက်တဲ့သဘောဖြစ်ပါတယ်။ အဲဒီအခါမှာ သူ့ကိုမလွှတ်ပေးခင်မှာလည်း သူ့ရဲ့မိဘနဲ့ရပ်ကွက်က သူ့ကိုပြန်လွှတ်ပေးတာကို လက်ခံသဘောတူတဲ့အကြောင်းကိုလည်းရယူဖို့ လိုပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာတော့ ကလေးသူငယ်များကို ဒီစနစ်ကျင့်သုံးနေတာကို သိရပါတယ်။ အာဆီယံနိုင်ငံ(၁၀)နိုင်ငံမှာ (၇)နိုင်ငံမှာက ကျင့်သုံးပါတယ်။ မကျင့်သုံးတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက မကျင့်သုံးသေးပါဘူး။ အဲဒီတော့ ကျွန်တော်တို့က ဒီလိုလုပ်ခြင်းအားဖြင့် ဘာအကျိုးအမြတ်တွေရနိုင်လဲ ဆိုတဲ့အခါကျတော့ တစ်ခါတလေကျတော့ လူတွေက ထောင်ထဲရောက် နေတဲ့လူတွေအားလုံးဟာ လူဆိုးတွေမဟုတ်ပါဘူး။ အကြောင်းကြောင်းကြောင့် တစ်ခါတလေ မမျှော်လင့်ဘဲရောက်သွားတယ်။ မတော်တဆရောက်သွားတဲ့လူတွေလည်းရှိသလို ထောင်ထဲရောက်မှ နောင်တရသွားတဲ့လူတွေလည်း ရှိပါတယ်။ အဲဒီတော့ ထောင်ထဲမှာ သူတို့ကစည်းကမ်းတကျ နေထိုင် တယ်။ အကျင့်စာရိတ္တကောင်းမွန်တယ်။ အဲဒီလိုနေထိုင်တဲ့အခါမှာ သူတို့ကိုအကျဉ်းဦးစီးဌာနက တာဝန်ခံထောင်အရာရှိက ဒီဥစ္စာကို Parole လို့ခေါ်တဲ့ အဲဒီကိုတင်ပြပြီးတော့ သူ့ကိုလွှတ်ပေးသင့် တယ်။ ဝန်ခံချုပ်နဲ့လွှတ်ပေးသင့်တယ်ဆိုတဲ့စနစ်ကို ကျွန်တော်တို့နိုင်ငံမှာ ထူထောင်ထားခြင်းမရှိတဲ့ အတွက် အဲဒီလိုစနစ်ထူထောင်ပေးဖို့ အစီအစဉ်ရှိ/မရှိနဲ့ရှိခဲ့မယ်ဆိုရင် ဘယ်တော့လောက် စတင် လုပ်မလဲဆိုတာကိုသိလိုတဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါ တယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ အကျဉ်းထောင် ၄၂ ခု၊ အချုပ်ထောင် ၅ ခု၊ ကုန်ထုတ်စခန်း ၁၈ ခု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် အတတ်သင်စခန်း ၃၀ ခု စုစုပေါင်း ၉၅ ခု ဖွင့်လှစ်ထားရှိပြီး ဖွဲ့စည်းပုံအရ သတ်မှတ်ဝင်ဆံ့အင်အားမှာ ၇၁၀၀၀ ဦး ဖြစ်ပါတယ်။ ဖွင့်လှစ်ထား

ရှိတဲ့အကျဉ်းထောင်၊ အချုပ်ထောင်အလုပ်စခန်းများရဲ့ အိပ်ဆောင်အနေအထားအရ အကျဉ်းသား တစ်ဦးလျှင် ၁၈ စတုရန်းပေနှင့်တွက်ချက်မည်ဆိုပါက ၇၄၁၅၃ ဦးဝင်ဆံ့နိုင်မည်ဖြစ်ပါတယ်။ ၂၉-၅-၂၀၁၉ ရက်နေ့ ထောင်ပိတ်အင်အားစာရင်းအရ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူ စုစုပေါင်း ၈၅၇၉၅ ဦး ထိန်းသိမ်းထားရှိလျက်ရှိသောကြောင့် လူဦးရေ ၁၁၆၄၂ ဦးအား သတ်မှတ်အင်အားထက် ၁၆ ရာခိုင်နှုန်းပိုမိုလက်ခံထားရှိနေရသဖြင့် အကျဉ်းသားဦးရေလျှော့ချရေး အစီအမံထားရှိရန် လိုအပ်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရှိ အကျဉ်းထောင်များမှာ နိုင်ငံခြားတိုင်းပြည်များမှာကျင့်သုံးလျက်ရှိတဲ့ Parole System ခေါ် ပြစ်ဒဏ်မစေ့မီ ကျန်ပြစ်ဒဏ်ကာလကို ပြင်ပတွင်ကောင်းမွန်စွာနေထိုင်မည်ဟူသော ကတိခံယူချက်ဖြင့် လွတ်ပေးခြင်းစနစ်ကို လက်ရှိကျင့်သုံးခြင်းမရှိသော်လည်း လက်ရှိလူဦးရေ ကျပ်တည်းမှုကို ရေရှည်ဖြေရှင်းရန်အတွက် အဆိုပါစနစ်ကျင့်သုံးရန် စတင်စီစဉ်ဆောင်ရွက်လျက်ရှိပါ တယ်။ အကျဉ်းထောင်များမှ အကျဉ်းသားကျပ်တည်းမှုပြဿနာဖြေရှင်းရေးအကြံပြုစုံထားများအား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှလည်းကောင်း၊ အကျဉ်းထောင်စခန်းများမှာ အကျဉ်းသားဦးရေ ကျပ်တည်းမှုအခြေအနေများဖြစ်ပေါ်နေမှုကို ပြည်ထဲရေးဝန်ကြီးဌာနမှ လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့မှုအပေါ် နိုင်ငံတော်သမ္မတရုံးမှ ပြည်ထဲရေးဝန်ကြီး ဌာနက Focal အဖြစ် တာဝန်ယူဆောင်ရွက်၍ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆွေးနွေးပြီး အကျဉ်းသားစိစစ်လျှော့ချရေးကော်မတီဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် လိုအပ်ပါက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ငန်းကော်မတီတွေရဲ့ဖွဲ့စည်းဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုခဲ့ ပါတယ်။ အကျဉ်းသားများကျပ်တည်းမှုပြဿနာဖြေရှင်းရေးအတွက် ၅-၂-၂၀၁၉ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်တဲ့ တပ်ဖွဲ့ဦးစီးဌာနများမှ အရာရှိကြီးများ၊ ပြည်ထဲ ရေးဝန်ကြီးဌာန ဥပဒေအကြံပေးကော်မတီတို့ဖြင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ထောင်ဝင်ဖြင့် လွတ်ပေးတဲ့ အကျဉ်းသားများအား စောင့်ကြပ်ကြည့်ရှုလေ့လာခြင်းဆိုင်ရာ Proportion Law မူကြမ်းအား ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေအကြံပေးကော်မတီဖြင့် အသေးစိတ်ညှိနှိုင်းရေးဆွဲပြီး အတည်ပြုဆုံးဖြတ်ချက် ချမှတ်ခဲ့ပါတယ်။ အဆိုပါဥပဒေမူကြမ်းကို အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်တဲ့အဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဥပဒေအကြံပေးကော်မတီတို့ဖြင့် ၆-၂-၂၀၁၉ ရက်နေ့တွင် ပထမအကြိမ် ၁၈-၃-၂၀၁၉ ရက်နေ့မှ ၁၉-၃-၂၀၁၉ ရက်နေ့အထိ ဒုတိယ အကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပကာ ဥပဒေမူကြမ်းအား အခန်း (၁၀)ခန်းဖြင့်ရေးဆွဲ၍ အတည်ပြု

နိုင်ရေးဆွေးနွေးမှုများပြုလုပ်လျက်ရှိပါ တယ်။ ထိုသို့ဆွေးနွေးခဲ့ရာမှာ ဥပဒေမူကြမ်းရဲ့ အခန်း (၁၀) ခန်းအနက် (၇)ခန်းကိုအတည်ပြုနိုင်ခဲ့ပြီး အခန်း(၆)နှင့် အခန်း (၇)တို့သည် တရားရုံးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် တရားစီရင်ရေးနှင့် မူဝါဒများဖြစ်ပါသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏မူဝါဒ၊ ဥပဒေ၊ စကားလုံးအသုံးအနှုန်း များနှင့် ကိုက်ညီရန် လိုအပ်သောကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြင်ဆင်ရန်လိုအပ်ခြင်း၊ အခန်း(၈) ပုဒ်မ ၃၈ တွင် ပို့ကုန်များ၏ဘဝရပ်တည်မှုနှင့် လူ့အဖွဲ့အစည်းများအတွင်း သင့်တင့်လျောက်ပတ်စွာနေထိုင်နိုင်သူများဖြစ်လာစေရန် စဉ်းစားသုံးသပ်၊ လိုအပ်သည့်စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးရမည်ဖြစ်သည့်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြင်ဆင်ရန်လိုအပ်ခြင်းတို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက် လျက်ရှိပါတယ်။ ယင်းမူကြမ်း၊ ဥပဒေမူကြမ်းအားသက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများဖြင့် ညှိနှိုင်းအတည်ပြုရေးဆွဲပြီးပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်တောင်းခံသွားမည်ဖြစ်ပြီး ဥပဒေအတည်ပြုပြဋ္ဌာန်းပြီးသည်အထိ အဆင့်ဆင့်တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနအနေဖြင့် နိုင်ငံခြားတိုင်းပြည်အချို့တွင်ကျင့်သုံးလျက်ရှိတဲ့ Parole System ခေါ် ပြစ်ဒဏ်မစေ့မီ ကျန်ပြစ်ဒဏ်ကာလကို ပြင်ပတွင်ကောင်းမွန်စွာနေထိုင်ပါမည်ဟု ကတိခံဝန်ချက်ဖြင့် လွှတ်ပေးခြင်းစနစ်ကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံအကျဉ်းထောင်များနှင့်ကိုက်ညီတဲ့ ခံဝန်ဖြင့်လွှတ်ပေးသည့်အကျဉ်းသားများအားစောင့်ကြပ်ကြည့်ရှုလေ့လာခြင်းဆိုင်ရာဥပဒေ(Proportion Law)မူကြမ်းကို စတင်ရေးဆွဲနေပြီဖြစ်ပါကြောင်း အဆိုပါဥပဒေကိုအတည်ပြုပြီးပါက ဥပဒေနှင့်အညီ အကောင်အထည်ဖော်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ခုနက ကျွန်တော်တို့ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အခါမှာ၊ မေးမြန်းသွားတဲ့အခါမှာ သုံးသွားတဲ့အသုံးအနှုန်းရှိပါတယ်ခင်ဗျား။ အဲဒါကတော့ ကျွန်တော်တို့နိုင်ငံတော်သမ္မတရဲ့အမိန့်ဟာ လွတ်ငြိမ်းချမ်းသာခွင့်(Amnesty)လို့ သုံးသွားပါတယ်ခင်ဗျား။ အဲဒါဟာ ကျွန်တော်တို့ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ အရလည်း လုပ်လို့မရပါဘူးခင်ဗျား။ အဲဒါကျွန်တော်တို့လွှတ်တော်အနေနဲ့ ဒါဟာသုံးတဲ့အခါမှာ

ဥပဒေနဲ့အညီ သုံးဖို့လိုပါတယ်ခင်ဗျား။ အဲဒီမှာ ကျွန်တော်တို့ပြန်ပြီးလေ့လာတဲ့အခါမှာလည်း နိုင်ငံတော်သမ္မတရဲ့လွတ်ငြိမ်းချမ်းသာခွင့် မဟုတ်ဘဲနဲ့ ပြစ်မှု(Grant a pardon)ပဲဖြစ်ပါတယ် ခင်ဗျား။ အဲဒါလေးကို တင်ပြပါတယ်ခင်ဗျား။ ဒါကြောင့် တကယ်လို့ မေးမြန်းသွားတဲ့လွှတ်တော် ကိုယ်စားလှယ်ကြီးအနေနဲ့ မခိုင်လုံဘူးဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ဒီလွတ်ငြိမ်းချမ်းသာခွင့်ဆိုတဲ့ စကားလုံးကို ပယ်ဖျက်ပေးဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အသုံးအနှုန်းနဲ့ပတ်သက်ပြီးမှ လွှတ်တော်ရုံးအနေနဲ့ ပြန်လည်စိစစ်သွားမှာ ဖြစ်ပါတယ်။ စိစစ်ပြီးတဲ့နောက်ပိုင်းမှာ လွှတ်တော်ကိုပြန်လည်အကြောင်းကြားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ရွေးချယ်ခံအုပ်ချုပ်ရေးမှူးတစ်ဦးအား လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကျေနပ်မှုမရှိသူက တိုင်ကြားလာပါက ၎င်းတိုင်ကြားခြင်းနှင့်ပတ်သက်၍ ဌာနတွင်းဖြေရှင်းဆုံးဖြတ်ချက်မချမီ သို့မဟုတ် တရားရုံးသို့ ရာဇဝတ်မှုကျူးလွန်ကြောင်း စွဲဆိုလျှောက်ထားချက်အပေါ် သက်ဆိုင်ရာတရားရုံးမှ အမှုကို စီရင်ဆုံးဖြတ်ခြင်းမပြုရသေးမီရပ်/ကျေးအုပ်ချုပ်ရေးမှူး၏ တာဝန်ဆက်လက်ထမ်းဆောင်ခွင့်ရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ မေးမယ့်မေးခွန်း ကတော့ ရွေးချယ်ခံအုပ်ချုပ်ရေးမှူးတစ်ဦးမှ တာဝန်ထမ်းဆောင်ရာတွင် လုပ်ငန်းဆောင်ရွက်ချက် များနှင့်ပတ်သက်၍ ကျေနပ်မှုမရှိသူက တိုင်ကြားလာပါက ၎င်းတိုင်ကြားခြင်းနှင့်ပတ်သက်၍ ဌာနတွင်းဖြေရှင်းဆုံးဖြတ်ချက်မချမီ သို့မဟုတ် တရားရုံးသို့ ရာဇဝတ်မှုကျူးလွန်ကြောင်း စွဲဆို လျှောက်ထားချက်အပေါ် သက်ဆိုင်ရာတရားရုံးမှ အမှုကိုစီရင်ဆုံးဖြတ်ချက်မပြုရသေးမီ တိုင်ကြား ခံရသော ရပ်/ကျေးအုပ်ချုပ်ရေးမှူး၏ တာဝန်ဆက်လက်ထမ်းဆောင်ခွင့်ရှိ/မရှိကို မည်ကဲ့သို့ ဆုံးဖြတ်ဆောင်ရွက်နေသည်ကို သိရှိလိုတဲ့အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးရခြင်းအကြောင်းအရင်းက လက်ရှိ အုပ်ချုပ်ရေးမှူးတွေ ရွေးချယ်တဲ့နေရာမှာရှိတဲ့အခက်အခဲကို ပြေလည်စေလိုတာနဲ့။ နောက်တစ်ခုက ဌာနရဲ့လုပ်ငန်းဆောင်ရွက်မှုတွေကို သိရှိခြင်းဖြင့် ဌာနနဲ့ပြည်သူတွေအကြားမှာ နားလည်မှုပိုမိုရရှိဖို့ အတွက်ကို ရည်ရွယ်ပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေရဲ့ အခန်း(၈)မှာ နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းနှင့် အစားထိုးခန့်ထားခြင်းဆိုတဲ့ ခေါင်းစဉ်အောက် ပုဒ်မ ၁၅ မှာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးမှုပြုရန် လိုအပ်ပါက အဖွဲ့ဖြင့်စုံစမ်းစစ်ဆေးမှုပြုပြီး နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း ပြုနိုင်သည်လို့ ဖော်ပြထားပါတယ်။ အဲဒီရဲ့အောက်မှာတော့ ပုဒ်မခွဲ(က)ကနေ (စ)အထိရှိပါတယ်။ (က) တာဝန်မှနုတ်ထွက်ခွင့်ပြုရန် တင်ပြချက်ကိုလက်ခံခြင်း၊ (ခ) အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ (ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း၊ (ဃ) အခြားအရပ်ဒေသတစ်ခုခုသို့ အမြဲတမ်းပြောင်းရွှေ့ခြင်း၊ (င) ကွယ်လွန်ခြင်း၊ (စ) ဤဥပဒေ အခန်း(၃) တွင် ပြဋ္ဌာန်းထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အရည်အချင်း ပျက်ယွင်းခြင်းဆိုပြီး ဖော်ပြထားတာရှိပါတယ်။ အဲဒီအခါကျတော့ အုပ်ချုပ်ရေးမှူးနဲ့ပတ်သက်ပြီးတော့ တိုင်ကြားလာတာတွေရှိတဲ့အခါကျရင် စုံစမ်းစစ်ဆေးမှုပြုတဲ့အခါမှာ တချို့သောအုပ်ချုပ်ရေးမှူးတွေကို တော့ ကျွန်တော်တို့က ယာယီရပ်ဆိုင်းတာရှိပါတယ်။ တစ်ချိန်တည်းမှာပဲ တိုင်ကြားစာအရ စုံစမ်း စစ်ဆေးပြီးတဲ့အခါကျရင် ရွေးကောက်ပွဲတွေပြန်ပြီးတော့ကျင်းပဖို့အတွက်ဆိုပြီးတော့ ညွှန်ကြားလာ တာတွေရှိပါတယ်။

ဒါပေမဲ့လည်း အဲဒီညွှန်ကြားလာတဲ့အခါကျရင် လက်ရှိအုပ်ချုပ်ရေးမှူးတွေကိုတော့ ယာယီ ရပ်ဆိုင်းတာမျိုးတွေ မရှိတာတွေရှိတဲ့အခါကျတော့ ပြည်သူတွေရဲ့ မေးခွန်းထုတ်စရာဖြစ်လာပါတယ်။ ဒါကြောင့် ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းဖြေကြားခွင့်ပြုပါခင်ဗျား။ ကျွန်တော့်ဖြေကြားချက်ကိုလည်း Power Point အသုံးပြုခွင့်ပြုဖို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါမေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ရွေးချယ်ခံအုပ်ချုပ်ရေးမှူးတစ်ဦးအား တာဝန်ထမ်းဆောင်ရာမှာ လုပ်ငန်းဆောင်ရွက်ချက်များနဲ့ပတ်သက်၍သော်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၅(ခ)အရ လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်တရားကို ဖောက်ဖျက်ခြင်းကြောင့်သော်လည်းကောင်း၊ ပုဒ်မ ၁၅(ဂ)အရ တည်ဆဲဥပဒေ တစ်ရပ်ရပ်ဖြင့် အရေးယူခံရခြင်းကြောင့်သော်လည်းကောင်း၊ ပုဒ်မ ၁၅(စ)အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ အရည်အချင်းပျက်ယွင်းခြင်းကြောင့်သော်လည်းကောင်း၊ ကျေနပ်မှုမရှိသောသူက ပုဂ္ဂိုလ်အရတိုင်ကြားခြင်း၊ ခိုင်လုံမှုမရှိသောအကြောင်းအရာများ အာမခံရနိုင်သော ပြစ်မှုများဖြင့် တရားစွဲဆိုခံရခြင်းနဲ့ပတ်သက်၍ ဌာနတွင်း၌စုံစမ်းစစ်ဆေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း သို့မဟုတ် ရာဇဝတ်မှုကျူးလွန်ကြောင်း စွဲဆိုလျှောက်ထားချက်အပေါ် သက်ဆိုင်ရာတရားရုံးမှ အမှုကို စီရင်ဆုံးဖြတ်ခြင်းမပြုရသေးမီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတာဝန်အား ဆက်လက်ထမ်းဆောင်စေလျက်ရှိပြီးတော့မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်၊ တရားရုံး၏ စီရင်ဆုံးဖြတ်ချက်များအပေါ်မူတည်ပြီးတော့မှ တာဝန်မှယာယီရပ်ဆိုင်းခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်းနှင့် ဆက်လက်တာဝန်ထမ်းဆောင်စေခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ သို့သော်လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို တိုင်ကြားထားတဲ့ကိစ္စရပ်ဟာ အကြောင်းအရာခိုင်လုံပေါ်လွင်ခြင်း၊ တာဝန်မှရပ်စဲသည်အထိ အရေးယူရမယ့်အခြေအနေမျိုးရှိခြင်း၊ တာဝန်မှရပ်စဲခြင်းမပြုပါက သက်သေအထောက်အထားများကို ဖျောက်ဖျက်ပစ်ခြင်း သို့မဟုတ် စာရင်းအင်းများကို

ပြင်ဆင်ခြင်း၊ လိမ်လည်ခြင်း၊ လုပ်ပိုင်ခွင့်အလွဲသုံးစားပြုခြင်း၊ အရှိန်အဝါကိုအသုံးပြုခြင်း၊ မသမာမှု ပြုခြင်း၊ မလျော်ဩဇာသုံးခြင်းတို့ဖြင့် အမှုကိစ္စကို တိမ်းစောင်းသွားစေရန် ပြုလုပ်နိုင်တဲ့အခြေအနေမျိုး ဖြစ်ပေါ်မယ်ဆိုရင်တော့ အမှုပေါ်ပေါက်ရေးအတွက်ကို အတားအဆီးဖြစ်စေနိုင်ခြင်း၊ တာဝန်မှယာယီ ရပ်ဆိုင်းခြင်းမပြုဘဲ တာဝန်ကိုဆက်လက်ထမ်းဆောင်နေစေခြင်းဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းရဲ့ အကျိုးကို ထိခိုက်နိုင်ဖွယ်ရှိခြင်းနှင့် ပြစ်မှုဆိုင်ရာဥပဒေအရ အာမခံမရနိုင်သောပြစ်မှုများဖြင့် တရားစွဲ ဆိုခံရခြင်းတို့ဖြစ်ပေါ်ပါက ဌာနတွင်းစုံစမ်းစစ်ဆေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း သို့မဟုတ် ရာဇဝတ်မှု ကျူးလွန်ကြောင်း စွဲဆိုလျှောက်ထားချက်အပေါ်မှာ သက်ဆိုင်ရာတရားရုံးမှ အမှုကိုစီရင်ဆုံးဖြတ် ချထားခြင်းများ မပြုလုပ်ရသေးသော်လည်း အုပ်ချုပ်ရေးမှူးအား တာဝန်မှယာယီရပ်ဆိုင်းထားပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်၊ တရားရုံး၏စီရင်ဆုံးဖြတ်ချက်များအပေါ် မူတည်ပြီးတော့မှ တာဝန်မှယာယီရပ်ဆိုင်းခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်းနှင့် အကယ်၍ ပြစ်မှုမရှိကြောင်းဆုံးဖြတ်ခဲ့ရင် လည်း ဆက်လက်တာဝန်ထမ်းဆောင်စေခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ရွေးချယ်ခံအုပ်ချုပ်ရေးမှူးတစ်ဦးကို တာဝန်ထမ်းဆောင်ရာမှာ လုပ်ငန်းဆောင်ရွက်မှုများနဲ့ပတ်သက်ပြီး ကျေနပ်မှုမရှိသူက တိုင်ကြားလာပါက ၎င်းတိုင်ကြားခြင်းနဲ့ ပတ်သက်၍ ဌာနတွင်းဖြေရှင်းဆုံးဖြတ်ချက်မချမီ သို့မဟုတ် တရားရုံးသို့ ရာဇဝတ်ကျူးလွန်ကြောင်း စွဲဆိုလျှောက်ထားချက်အပေါ် သက်ဆိုင်ရာတရားရုံးမှ အမှုကိုစီရင်ဆုံးဖြတ်ချက်မပြုရသေးမီ တိုင်ကြားခံရသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ ဆက်လက်တာဝန် ထမ်းဆောင်ခွင့်နဲ့ပတ်သက်ပြီး တိုင်ကြားမှုများရှိလာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေပုဒ်မ ၁၅ အရ စုံစမ်းစစ်ဆေးမှုပြုပြီး စုံစမ်း စစ်ဆေးရေးအဖွဲ့ရဲ့ဆုံးဖြတ်ချက် သို့မဟုတ် တရားရုံး၏ စီရင်ဆုံးဖြတ်ချက်များအရ နုတ်ထွက်ခွင့်ပြု စေခြင်း၊ တာဝန်မှယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းနှင့် ဆက်လက်တာဝန်ထမ်းဆောင်စေရေး တို့ကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တာဝန်မှယာယီရပ်ဆိုင်းထားတဲ့ကာလအတွင်းမှာ ပုဒ်မ ၁၆ (ဃ)အရ ဆန္ဒမဲ ဒုတိယအများဆုံးရရှိတဲ့ ရာအိမ်မှူးတစ်ဦးဦးကို ယာယီတာဝန်ပေးအပ်ထားပြီးတော့ တရားရုံးရဲ့ စီရင်ဆုံးဖြတ်ချက်အပေါ် မူတည်ပြီးတော့မှ ၎င်းအုပ်ချုပ်ရေးမှူးအား အပြစ်မရှိကြောင်း အမှုမှအပြီး အပြတ်လွတ်ကြောင်း စီရင်ဆုံးဖြတ်ခဲ့ရင် ဆက်လက်တာဝန်ပေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့်

အကယ်၍ အပြစ်ရှိ၍ ပြစ်ဒဏ်တစ်စုံတစ်ရာကျခံရပါက တာဝန်မှရပ်နားပြီး အပြစ်ရှိ၍ သူ့အပြစ်နဲ့ အညီကျခံစေပြီးတော့မှ ဥပဒေနဲ့အညီ ပြန်လည်ပြီးတော့မှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်တာဝန်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ပေါင်းစပ်ဖြေကြားချက်များကို ဆက်စပ်ပြီးတော့မှ ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၅ ကို ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ပြည်သူ့ဝန်ထမ်းများ၏တစ်နှစ်တာဆောင်ရွက်တာဝန်ကျေပွန်မှုများကို စံအကဲဖြတ်အမှတ်ပေးစနစ်အရ ရွေးချယ်သော စံပြလုပ်သားကောင်းဆုကဲ့သို့ ဝန်ထမ်းကောင်းဆုဘွဲ့တံဆိပ်များကို နှစ်စဉ်ထိုက်တန်စွာ ချီးမြှင့်ပေးရန်နှင့် တစ်ကြိမ်မက ဝန်ထမ်းကောင်းဆုရရှိသူများကို နိုင်ငံတော်မှ အိုးအိမ်၊ မော်တော်ယာဉ် ချီးမြှင့်ပေးရန် သို့မဟုတ် တစ်သက်တာဝန်ထမ်းကောင်းဆုချီးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတိုးဝင်း(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ကိုယ်စားလှယ်တော်များအားလုံး၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ နိုင်ငံ့ဝန်ထမ်းတွေ လုပ်ငန်းခွင်မှာ ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်လိုစိတ်မြင့်တက်စေရေးအတွက် ပြည်သူ့ဝန်ထမ်းတွေရဲ့တစ်နှစ်တာဆောင်ရွက် ချက် တာဝန်ကျေပွန်မှုကို စံအကဲဖြတ်အမှတ်ပေးစနစ်အရ ရွေးချယ်တဲ့၊ ဟိုတုန်းဆိုရင် စံပြလုပ်သား ကောင်းတွေရွေးချယ်ပါတယ်။ ဥပမာ အဲဒီလိုမျိုး ဝန်ထမ်းကောင်းဆုတွေ၊ ဘွဲ့တံဆိပ်တွေကို နှစ်စဉ် ထိုက်တန်စွာ နိုင်ငံတော်မှချီးမြှင့်ခြင်းနှင့် အကြိမ်ကြိမ်ဝန်ထမ်းကောင်းဆုရတဲ့၊ ကြိုးစားတဲ့ဝန်ထမ်းများ ကို သူတို့ရဲ့ဘဝတစ်သက်စာ လုံခြုံရေးအတွက်ကို အိုးအိမ်မရှိတဲ့လူတွေ၊ တိုက်ခန်းချီးမြှင့်တာတို့၊ မော်တော်ယာဉ်မရှိတဲ့သူ မော်တော်ယာဉ်ချီးမြှင့်တာတို့ ဒီလိုမျိုးတွေ ချီးမြှင့်ဖို့ အစီအစဉ်ရှိ/မရှိကို ကျွန်တော့်အနေနဲ့ ဝန်ထမ်းများရဲ့ကိုယ်စား မေးမြန်းခြင်းဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ အဆိုကိုလည်းပဲ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ ခရမ်းမဲဆန္ဒနယ်က ဒေါက်တာအေးမင်းကလည်းပဲ အဆိုအောင်ခဲ့ပြီး ဖြစ်ပါတယ်။ သို့သော် ၂၀၁၈ ခုနှစ်နဲ့ အခု ၂၀၁၉ ခုနှစ်ဆိုရင် တစ်နှစ်ကျော်လောက် ဖြစ်နေပါပြီ။ ဒီမှာဆိုရင် ပွင့်လင်းမြင်သာတဲ့ဝန်ထမ်းချီးမြှင့်မှုများကို ဒီထက်ပိုပြီးတော့လည်း ဆောင်ရွက်စေချင်ပါတယ်။ အတတ်နိုင်ဆုံးဆောင်ရွက်နေတာကိုလည်း ကျွန်တော်တို့တွေ့ရပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ဝန်ထမ်းများရတဲ့ လစာနှုန်းထား ရုံးအကူကနေ ညွှန်ကြားရေးမှူးချုပ်အထိ ဖြစ်ပါတယ်။ ဒါကတော့ အာဆီယံနိုင်ငံ အချို့နှင့် မြန်မာနိုင်ငံရဲ့ဝန်ထမ်းလစာနှိုင်းယှဉ်ချက်ပါ။ ကျွန်တော်တို့အတတ်နိုင်ဆုံး လေး၊ ငါး၊ ခြောက် နိုင်ငံပေါ့။ အင်မတန်မှ ဖွံ့ဖြိုးတိုးတက်နေတဲ့ ထိုင်း၊ စင်ကာပူတို့နှင့် ကျွန်တော်တို့နဲ့ မနီးရိုးစွဲသွားနေတဲ့ ဖွံ့ဖြိုးစနိုင်ငံတွေရဲ့ လစဉ်ဝန်ထမ်းတွေရဲ့လစာရနှုန်းကို နှိုင်းယှဉ်ကြည့်ရင် ကျွန်တော်တို့မြန်မာနိုင်ငံ

ဟာ အောက်ဆုံးအဆင့်မှာတောင်မရှိပါဘူး။ သို့သော် ကျွန်တော်တို့ဝန်ထမ်းများဟာ အခုဆိုရင် နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကြီးကိုယ်တိုင် ပြည်နယ်တွေကို လှည့်ပြီး တော့မှ ဝန်ထမ်းတွေ အဆင့်ဆင့်အလိုက်ကဏ္ဍတွေမှာ တာဝန်ကျေပွန်မှုနှင့် ပြည်သူလူထုအတွက်ကို ထမ်းရွက်ပေးဖို့ အကြိမ်ကြိမ်သတိပေးနှိုးဆော်နေရတာတွေ များနေပါတယ်။ အဲဒီလိုများနေတဲ့ဥစ္စာမှာ ဥပမာကြည့်မယ် ဆိုလို့ရှိရင် ဒါဟာကြီးကြပ်မှုနှင့် စံချိန်စံညွှန်းတွေ ဘယ်ရောက်နေလဲလို့ မေးစရာ ဖြစ်နေပါတယ်။ ရေမြောင်းမှာ ပိတ်ဆို့နေတဲ့ ရေသန့်ပိုက်တွေထားတာတွေ၊ ပြီးတဲ့အခါမှာ ကုန်တင်ကား တွေ မလွတ်လောက်အောင် ဆက်သွယ်ရေးကြိုးတွေကြောင့် ကုန်တင်ကားကနေ ကြိုးနဲ့ငြိပြီး သူတို့ခဗျာ ပြည်သူဟာ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီးတော့ လျော်ခဲ့ရတဲ့ဖြစ်စဉ်တစ်ခုမှာ အဲဒီ Precast စနစ်နဲ့ လုပ်ထားတဲ့ ဆက်သွယ်ရေးအင်္ဂတေပိုက်တွေဟာ ဘယ်လောက်အထိအရည်အသွေး ရှိတယ်ဆိုတာ ဟောဒီဓာတ်ပုံမှာ မြင်တာနဲ့ သိနိုင်ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ပြန်လည်သုံးသပ်စရာ ရှိတာက အဆင့်ဆင့်သော ဝန်ထမ်းများဟာ သူတို့ရဲ့အရည်အသွေးပြည့်ဝမှုနဲ့ သူတို့ရဲ့ကြိုးစားချင် စိတ်တွေ ဘယ်ရောက်နေသလဲဆိုတာ ဆန်းစစ်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုပြောလို့ ဝန်ထမ်းတွေအားလုံး ဖြစ်နေတာမဟုတ်ပါဘူး။ ဝန်ထမ်းတွေထဲမှာ အများကြီးကို ကြိုးစားပြီးပေးဆပ်နေတဲ့ ဝန်ထမ်းတွေ ရှိတယ်။ ဝန်ထမ်းကောင်းတွေ ရှိနေတယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကုန်ထုတ်စွမ်းအားစုတွေနဲ့ ကာယဉာဏလုပ်သားတွေရဲ့၊ Human Resources တွေရဲ့ ကြိုးစားမှုဟာ နိုင်ငံကိုအများကြီးမြှင့်တင်နိုင်မှာပါ။ ဒါကြောင့်မို့လို့ ဒီလိုမြှင့်တင်နိုင်ဖို့ကိုလည်းပဲ နိုင်ငံတကာနှင့် ဖွံ့ဖြိုးပြီးစနိုင်ငံတွေအပြင် ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ကုမ္ပဏီကြီးတွေဆိုရင် ISO 9001-2015 အထိ အောင် Management System တွေမှာ ဆောင်ရွက်နေပြီး ဝန်ထမ်းတွေကို အမှတ်ပေးအကဲဖြတ် စနစ်တွေနဲ့ သေချာအောင်လုပ်ပြီးတော့ ဆုချီးမြှင့်ခြင်းစနစ်တွေနဲ့ သူတို့ရဲ့လုပ်နိုင်စွမ်းရည်တွေကို ဖော်ဆောင်နေတဲ့နေရာမှာ အောင်မြင်တဲ့ကုမ္ပဏီတွေလည်းရှိသလို၊ ဖွံ့ဖြိုးစနိုင်ငံတွေမှာ ကျွန်တော်တို့ ရဲ့ Level မှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေမှာ အောင်မြင်ပြီးတော့မှ Branching တွေရနေတဲ့ နိုင်ငံတွေအများကြီးရှိပါတယ်။ ဒီမှာကြုံတုန်းတစ်ချက်ပြောချင်တာက Internal ကနေသွားတဲ့ ဝန်ထမ်းတွေအဖို့က အလွန်ဆုံး သူတို့အမြင့်ဆုံးဟာ လက်ထောက်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး ရောက်အောင်တောင် မနည်းသွားနေရပြီးတော့ ကျန်တဲ့ Level တွေကိုမရောက်နိုင်တဲ့ အနေအထား ကလည်းပဲ သူတို့အတွက် ဒီ System တစ်ခုကို ပြောင်းလဲဖို့အတွက် သတိထားရမယ့်အချက်တစ်ချက် ထဲမှာပါသလို သူတို့ရဲ့ဘဝနောင်ရေး ကောင်းဖို့အတွက်ကို ကျွန်တော်တို့ရဲ့ဒီမှာပြထားတဲ့ Chart

အတိုင်း ကျွန်တော်တို့ဆောင်ရွက်ပြီးတော့မှ ဒီအရည်အသွေးဆန်းစစ်မှုတွေကို သေချာလုပ်ပြီးတော့ ရာထူးတိုးတက်မှုကနေအစ သူတို့ကို ထောက်ပံ့ချီးမြှင့်မှုတွေဟာ အများကြီးလုပ်ပြီးတော့မှ ဝန်ထမ်းလောကကြီးကို မြှင့်တင်ပေးသင့်တဲ့ အချိန်ရောက်နေပါပြီ။ ဒါကြောင့်မို့လို့ ဒီအဆိုကို ကျွန်တော့်အနေနဲ့ ပြည်သူ့ဝန်ထမ်းများ လုပ်ငန်းခွင်ပျော်ရွှင်စွာတာဝန်ထမ်းဆောင်လိုစိတ်မြင့်တက်ရေးအတွက် ပြည်သူ့ဝန်ထမ်းများရဲ့တစ်နှစ်တာ ဆောင်ရွက်မှုအပေါ်မှာ၊ ကျေပွန်မှုအပေါ်မှာ တကယ့်စံအမှတ်တွေ ပေးပြီးတော့မှ သူတို့ရဲ့ရာထူးရာခံတိုးတက်မှုကအစ အားလုံးကို စနစ်တကျနဲ့ ဆုချီးမြှင့်မယ့်အစီအစဉ် ရှိ/မရှိကို လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်တော်ကြီးက မေးခွန်းမေးတာပါ။ အဲဒီမှာ အဆိုဆိုတဲ့ စကားရပ်တစ်လုံးပါသွားပါတယ်။ နောင်ကျရင် စကားရပ်အသုံးအနှုန်းတွေကို ဆင်ခြင်ဖို့ မှာကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား။ တာမွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် ဒုတိယဝန်ကြီး ဦးတင်မြင့်မှပဲ ဆက်လက်ပြီးတော့ ရှင်းလင်းဖြေကြားခွင့်ပြုပါခင်ဗျား။ ကျွန်တော်ရဲ့ဖြေကြားချက်အပေါ်မှာ Power Point အသုံးပြုခွင့်ပြုဖို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ပြည်ထောင်စုအဆင့်ရုံးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများမှ ပြည်သူ့ဝန်ထမ်းဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်သင့်တဲ့၊ ချီးမြှင့်ထိုက်တဲ့ဝန်ထမ်းများ၊ ရသင့်ရထိုက်တဲ့ပုဂ္ဂိုလ်များ၊ သတ်မှတ်အရည်အချင်း၊ စည်းကမ်းချက်များနှင့်ကိုက်ညီပြည့်စုံတဲ့ ဝန်ထမ်းများကို သတ်မှတ်ထားသောဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှံနိုင်ရေးအတွက်ကို ထောက်ခံတင်ပြပေးဖို့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှံရန် ပဏာမစစ်ဆေးရေးအဖွဲ့အနေဖြင့် နှစ်စဉ် မတ်လမှာ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများကို အကြောင်းကြားပြီးတော့ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဦးစွာပထမတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့ဝန်ထမ်းဆိုင်ရာစွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များနှင့်စပ်လျဉ်းပြီးတော့မှ ဝန်ထမ်းများအနေဖြင့် ပဏာမစစ်ဆေးရေးအဖွဲ့သို့ လျှောက်ထားရန်မလိုအပ်ဘဲနဲ့ ၎င်းတို့ရုံးဌာနအလိုက်စုစည်းပြီးတော့မှ ဌာနအကြီးအကဲများမှစိစစ်ပြီး အဆင့်ဆင့်ထောက်ခံတင်ပြပေးလျက်ရှိရာမှာ ပဏာမစစ်ဆေးရေးအဖွဲ့တို့မှ ၂၀၁၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်အခန်း(၈)ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ အရည်အချင်းများခေါင်းစဉ်အောက်ရှိအပိုဒ် ၂၇ မှာ ပြဋ္ဌာန်းထားပါတယ်။ အဲဒါကြောင့် ကျွန်တော် Power Point မှာ တင်ပြထားတဲ့အတိုင်းပါပဲ။ အရည်အချင်းသတ်မှတ်ချက်များနှင့်အညီ အဆင့်ဆင့်စိစစ်ပါတယ်။ စိစစ်ပြီးတဲ့နိုင်ငံတော်သမ္မတရုံးက နှစ်စဉ်ဇန်နဝါရီလ ၄ ရက်နေ့မှာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးတော့ ဂုဏ်ပြုချီးမြှင့်အပ်နှင်းပေးခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်နှင့်ပတ်သက်ပြီးတော့တာဝန်ဝတ္တရားများကို ကောင်းမွန်သောအကျင့်စာရိတ္တဖြင့် ကာလရှည်ကြာကျေပွန်စွာထမ်းဆောင်ပြီးနိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေကြတဲ့ပုဂ္ဂိုလ်များနှင့်ပတ်သက်ပြီး သတ်မှတ်ချက်များကတော့ (၁) အမှုထမ်းသက် အနည်းဆုံး ၂၆ နှစ်ရှိခြင်း၊ (၂) အမှုထမ်းခဲ့တဲ့ကာလအတွင်း ပြစ်မှုလုံးဝကင်းရှင်းသူဖြစ်ခြင်း၊ (၃) ပြဋ္ဌာန်းခွင့်ပြုထားတဲ့အမှတ်ပေးစနစ်အရ စုစုပေါင်းအနည်းဆုံးအမှတ် ၃၀ ရရှိခြင်းအစရှိတဲ့ စည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီပြည့်စုံတဲ့ အငြိမ်းစားဝန်ထမ်းများအပါအဝင် ပြည်သူ့ဝန်ထမ်းများကို ချီးမြှင့်ပေးလျက်ရှိပါတယ်ခင်ဗျား။

နောက် ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့်ပတ်သက်ပြီးတော့ (၁) အမှုထမ်းသက် အနည်းဆုံး ၁၅ နှစ်ရှိခြင်း၊ (၂) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိ၍ အလုပ်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ခြင်း၊ (၃) အမှုထမ်းခဲ့သည့်ကာလအတွင်း ပြစ်မှုလုံးဝကင်းရှင်းသူဖြစ်ခြင်းအစရှိတဲ့ စည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီပြည့်စုံတဲ့ အငြိမ်းစားဝန်ထမ်းများအပါအဝင် ပြည်သူ့ဝန်ထမ်းများကိုချီးမြှင့်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီး ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ်ကိုလည်း ရှင်းလင်းတင်ပြပါမယ်။ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ ပြည်တွင်းငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ပြည်သူ့ဝန်ထမ်းအဖြစ် အနည်းဆုံးနှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့တဲ့ အငြိမ်စားဝန်ထမ်းများအပါအဝင် ပြည်သူ့ဝန်ထမ်းများကို ချီးမြှင့်ပေးလျက်ရှိပါတယ်။ ဒီတံဆိပ်အတွက် မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင်များလည်း အကျုံးဝင်းကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

(ဃ) နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်အတွက် ပြည့်စုံရမယ့်အရည်အချင်းများကိုလည်း

ဆက်လက်တင်ပြပါမယ်။ (၁) နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်အနေနဲ့ ၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့အထိကာလအတွင်း တာဝန် ထမ်းဆောင်ခဲ့သူဖြစ်ခြင်း၊ (၂) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိ၍ အလုပ်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သူဖြစ်ခြင်းစတဲ့ သတ်မှတ်ချက်နှင့်ပြည့်စုံသူ များကို ချီးမြှင့်ပေးလျက်ရှိပါတယ်။ ဒီတံဆိပ်မှာလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များလည်း အကျုံးဝင် ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အဆိုပါပြဋ္ဌာန်းချက်အခန်း(၁၁) ဂုဏ်ထူးဆောင်တံဆိပ်များ အတွက် ငွေကြေးချီးမြှင့်ခြင်းခေါင်းစဉ်အောက်ရှိ အပိုဒ် ၄၁ အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် အတွက် တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေကို ယခင် ၃၀၀၀ ကျပ်အစား ၂၀၁၆ ခုနှစ်ကစပြီးတော့မှ ကျပ် ၁၅၀၀၀၀ အဖြစ်တိုးမြှင့်ချီးမြှင့်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ၂၀၁၆ ခုနှစ်မှာ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ၄၂၅၄ ဦးအတွက် ကျပ် ၆၃၈.၁ သန်း၊ ၂၀၁၇ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ၇၄၅၆ ဦးအတွက် ကျပ်သန်းပေါင်း ၁၁၁၈.၄ သန်း၊ ၂၀၁၈ ခုနှစ် တွင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ၁၀၄၁၆ ဦးအတွက် ကျပ် ၁၅၆၂.၄ သန်း၊ ၂၀၁၉ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ၁၁၁၆၉ ဦးအတွက် ကျပ်သန်းပေါင်း ၁၆၇၅.၃၅ သန်း ချီးမြှင့် ပေးအပ်ခဲ့ပြီးဖြစ်တဲ့အတွက် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ၃၃၂၉၅ ဦးအတွက် စုစုပေါင်း ကျပ်သန်းပေါင်း ၄၉၉၄.၂၅ သန်းကိုလည်း နိုင်ငံတောဘဏ္ဍာရန်ပုံငွေမှ ချီးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ပြည်သူ့ဝန်ထမ်းဆိုင်ရာစွမ်းဆောင်မှု ဂုဏ်ထူး ဆောင်တံဆိပ်များနှင့်စပ်လျဉ်းပြီးတော့ ၂၀၀၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ် များဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါဝင်တဲ့ တစ်ကြိမ်မက ဝန်ထမ်းကောင်းဆုရရှိသူများကို နိုင်ငံတော်မှ အိုးအိမ်ချီးမြှင့်ခြင်း၊ မော်တော်ယာဉ်ချီးမြှင့်ခြင်း သို့မဟုတ် တစ်သက်တာဝန်ထမ်းကောင်းဆုချီးမြှင့်ခြင်းစတဲ့အချက်များ ဆောင်ရွက်ရန်ရှိ/မရှိဆိုတဲ့နေရာမှာတော့ လက်ရှိကျင့်သုံးလျက်ရှိတဲ့ တင်ပြပါပြဋ္ဌာန်းချက်မှာတော့ သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိသေးပါဘူးခင်ဗျား။ ဝန်ထမ်းလုပ်သက်တစ်လျှောက်မှာလည်း ပြဋ္ဌာန်းချက်များအရ ပြည်သူ့ဝန်ထမ်းကောင်းဆုကလည်း အကြိမ်ကြိမ်အခါခါမရနိုင်ပါဘူး။ တစ်သက်မှာတစ်ကြိမ်ပဲ ရရှိပါတယ်ခင်ဗျား။ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်တစ်ကြိမ်ရရှိပြီးရင် ထပ်မံ

လျှောက်ထားလို့မရတော့ပါဘူး။ အဲဒါလည်း ရှင်းလင်းတင်ပြအပ်ပါတယ်။ နိုင်ငံတော်ရဲ့အခွန်ဘဏ္ဍာငွေအပေါ်မှာမူတည်ပြီးတော့မှ ပေးအပ်ချီးမြှင့်ခြင်းလည်းဖြစ်တဲ့အတွက်ကြောင့် အမှန်တကယ် ရရှိသင့်ရရှိထိုက်သူဖြစ်ကြောင်း ကာယ၊ ဉာဏဝန်ထမ်းအားလုံးကို အခြေခံတဲ့ ဝန်ကြီးဌာနအသီးသီးရဲ့ တိကျ၊ မှန်ကန်၊ ပွင့်လင်းမြင်သာတဲ့ ဆန်းစစ်ချက်များနှင့်လည်း ကျွန်တော်တို့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆန်းစစ်ချက်များ လိုအပ်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ စေတနာနဲ့ မေတ္တာကို လေးစားပါတယ်။ ကျွန်တော်တို့နိုင်ငံ့ဝန်ထမ်းများ၊ ထူးချွန်ဝန်ထမ်းကောင်းများအတွက်ကို နောင်ရေးစိတ်အေးရအောင် လိုအပ်တဲ့မြေတို့၊ အိမ်တို့ စသည်ဖြင့်၊ မော်တော်ယာဉ်တို့ ချထားပေးရန် အစီအစဉ်ရှိ/မရှိဆိုတာမှာတော့ လောလောဆယ်မှာတော့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကြေးအခြေအနေအရ ဒီလိုတင်ပြချက်တွေအပေါ်မှာ တီထွင်ဆန်းသစ်ပြီးတော့မှ ချီးမြှင့်လိုတယ်ဆိုရင် အရည်အချင်းစံနှုန်းသတ်မှတ်ချက်များကို ရေရှည်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ အဘက်ဘက်မှ စဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီဥပဒေ သို့မဟုတ် ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်များကိုလည်း ပြင်ဆင်ရေးဆွဲဖို့ လိုအပ်မှာဖြစ်ကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ဒါကြောင့် နိဂုံးချုပ်တင်ပြလိုတာကတော့ ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ယခုအချိန်မှာ လောလောဆယ်မှာတော့ ကျွန်တော်အထက်တင်ပြပါအတိုင်းသာ နိုင်ငံတော်ဘဏ္ဍာငွေကြေးနဲ့ ထောက်ပံ့လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အချက်များနဲ့ပတ်သက်ပြီးတော့မှ ဆောင်ရွက်လိုတယ်ဆိုရင်တော့ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရေးဆွဲရမှာဖြစ်ပါကြောင်းနဲ့ လောလောဆယ်တော့ ထူးချွန်ဝန်ထမ်းများအတွက်ကို တင်ပြပါအတိုင်း ဆောင်ရွက်ပေးလျက်ရှိပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသလို မြေကွက်တို့၊ အိမ်တို့၊ မော်တော်ယာဉ်တို့တော့ လောလောဆယ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအုပ်စုကို ဖောင်တော်သီမြို့အဖြစ် ပြည်ထဲရေးအမည်ပေါက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်

ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံနိုင်ကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအုပ်စုကို ဖောင်တော်သီမြို့အဖြစ် မြို့အမည်ပေါက်လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု၊ လူဦးရေ တိုးတက်များပြားလာမှုအပေါ် မူတည်၍ ကျေးရွာများမှသည် မြို့ပြများဆီသို့ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အစိုးရမှာ တာဝန်ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့မေးခွန်းမှာပါတဲ့ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာဟာ ခေတ်နဲ့လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်လာပြီး လူဦးရေ တဖြည်းဖြည်း တိုးတက်များပြားလာသော ကျေးရွာကြီးတစ်ရွာလည်း ဖြစ်လာခဲ့ပါတယ်။ ဖောင်တော်သီကျေးရွာဟာ ဒိုက်ဦးမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၅၃ အုပ်စုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင် ၈၁ မှာ တည်ရှိသောကျေးရွာကြီးလည်း ဖြစ်ပါတယ်။ အိမ်ခြေအားဖြင့် ၂၀၀၀ ကျော်ရှိပြီး အိမ်ထောင်စုပေါင်း ၂၁၀၀ ကျော်ရှိပါတယ်။ လူဦးရေအားဖြင့် တစ်သောင်းခန့် နေထိုင်သော ကျေးရွာကြီးလည်းဖြစ်ပါတယ်။ ဖောင်တော်သီကျေးရွာရဲ့တောင်ဘက် ၃၁ မိုင်ခန့် အကွာအဝေးမှာ ပဲခူးမြို့တည်ရှိပြီး မြောက်ဘက် ၆ မိုင်ခန့်အကွာအဝေးတွင် ဒိုက်ဦးမြို့တည်ရှိပါတယ်။ လူနေအိမ်ခြေထူထပ်ပေါများသော ကျေးရွာကြီးလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကြီး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဖောင်တော်သီကျေးရွာမှာလည်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးမှအစ တိုးတက်များပြားလာမှုများ ရှိလာပါတယ်။ ခေတ်ပညာတတ် လူ့စွမ်းအားအရင်းအမြစ် အမြောက်အမြားထွက်ရှိသော ကျေးရွာကြီးလည်းဖြစ်ပါတယ်။ လူမှုရေးကဏ္ဍအနေဖြင့် အနီးပတ်ဝန်းကျင်ကျေးရွာဖြစ်ကြသော ပေါက်တပင်ကျေးရွာ၊ ဆင်ကူးကျေးရွာ၊ မျောက်ချောကုန်းကျေးရွာ၊ ကန်ကလေးကျေးရွာ၊ ရှမ်းစုကျေးရွာ၊ အကြောင်ခင်တန်းကျေးရွာ၊ အောင်ချမ်းသာကျေးရွာ၊ အမရကျေးရွာ၊ ပုကိုင်ကျေးရွာများမှာပြည်သူများ ကူးလူးဆက်ဆံသွားလာ၍ ရောင်းဝယ်ဖောက်ကားသော ကျေးရွာကြီးလည်းဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍအနေဖြင့် ဆန်စက်ကြီးများတည်ရှိခြင်း၊ အဓိကအားဖြင့် မြန်မာနိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ရှိသော တောင်သူလယ်သမားများ အဓိကစိုက်ပျိုးရာ ကွင်းကျယ်ကြီးမှာ စပါးစိုက်တောင်သူများ ရှိခြင်းကြောင့် ဒိုက်ဦးမြို့နယ်ရဲ့ စပါးအိုးကြီးလို့လည်း ပြောလို့ရပါတယ်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးရာ

ပညာရေးကဏ္ဍအနေဖြင့် ဖောင်တော်သီကျေးရွာမှာ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း အ.ထ.က ဖောင်တော်သီ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲနှစ်ကျောင်း အ.လ.က(ခွဲ)ခနာစု၊ အ.လ.က(ခွဲ)ခြောက်အိမ်စု၊ အခြေခံပညာမူလတန်းလွန်ကျောင်းနှစ်ကျောင်း မူလွန် တရုတ်တန်း၊ မူလွန် ရွာမကျောင်းဆိုပြီး စုစုပေါင်း အခြေခံပညာကျောင်း ၅ ကျောင်းရှိခဲ့ပါတယ်။ ကျန်းမာရေး အထောက်အကူပြုအနေဖြင့် ၁၆ ခုတင်ဆံ့ စံကိုက်တိုက်နယ်ဆေးရုံရှိခြင်း၊ ကျေးလက်ကျန်းမာရေးဌာန (RHC)ရှိခြင်း၊ လုံခြုံရေးပိုင်းဆိုင်ရာအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းရှိခြင်း၊ ဓာတ်အားဖြန့်ဖြူးရေး အတွက် လျှပ်စစ်ရုံးတည်ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဖောင်တော်သီဘူတာလည်းပဲ ရှိတဲ့အတွက် ရထားနှင့်ကားလမ်းဆုံစည်းရာ ကျေးရွာကြီးလည်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖောင်တော်သီကျေးရွာကြီးရဲ့အဝင်မှာ သမိုင်းမှာအထင်ကရရှိခဲ့ဖူးသော အောင်ဆန်းသူရိယလှသောင်း အမှတ်တရကျောက်တိုင်ကြီးနှင့် လွမ်းမောဖွယ်ရာလွမ်းစေတီတစ်ဆူက ကျေးရွာရဲ့အဝင်မှာ ကြိုဆိုနေဆဲဖြစ်ပါတယ်။ ဒီလိုကျေးရွာကြီးကို မြို့အဖြစ်အဆင့်မြှင့်တင်ဆောင်ရွက် ပေးမည်ဆိုပါက ဒေသခံမဲဆန္ဒရှင်ပြည်သူများအနေဖြင့် လက်ရှိလူနေမှုအဆင့်အတန်းထက် ပိုမိုမြင့်မား လာစေမှာဖြစ်ပါတယ်။ ဒိုက်ဦးမြို့နယ်မှာ မြို့နယ်တစ်ခုဖြစ်သော်လည်း ယခုထက်ထိ မြို့နယ်ရဲ့မြို့ခွဲ မြို့တစ်မြို့မှမရှိသေးပါဘူး။ ဒါကြောင့် ယခုအချိန်အခါမှာ လိုအပ်လျက်ရှိနေသော မြို့အင်္ဂါရပ်နှင့် ပြည့်စုံညီညွတ်ပြီးဖြစ်နေသော ဖောင်တော်သီကျေးရွာအုပ်စုကြီးကို ဖောင်တော်သီမြို့အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိကို ဒေသခံမဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပဲခူးတိုင်းဒေသကြီး

အစိုးရအဖွဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးတင်မြင့်က ဆက်လက်ပြီးတော့ ရှင်းလင်းတင်ပြခွင့် ပြုပါခင်ဗျား။ ကျွန်တော့်ရဲ့ရှင်းလင်းတင်ပြမှုအပေါ်မှာ Power Point အသုံးပြုခွင့်ပြုဖို့အတွက် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ရဲ့ ဒေသဖွံ့ဖြိုးရေးလာရောက် တဲ့ခရီးစဉ်မှာ ဖောင်တော်သီကျေးရွာအုပ်စုကို ဖောင်တော်သီမြို့အဖြစ် ဖွဲ့စည်းသတ်မှတ်နိုင်ရေး အမှုတွဲတင်ပြဖို့ လမ်းညွှန်မှာကြားချက်အရ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာ အုပ်စုကို ဖောင်တော်သီမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရန် မြို့အင်္ဂါရပ်များနှင့် နှိုင်းယှဉ်စိစစ်ရာမှာ အိမ်ခြေ ၁၉၆၉ အိမ်၊ အိမ်ထောင်စု ၂၀၀၇ စု၊ လူဦးရေ ကျား ၄၅၀၁ ဦး၊ မ ၅၀၀၉ ဦး စုစုပေါင်း ၉၅၁၀ ဦးရှိပြီးတော့ ၁၆ ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ စည်ပင်သာယာရေးဈေးတစ်ခု၊ ဘောလုံးကွင်းတစ်ကွင်း၊ စာကြည့်တိုက်တစ်ခု၊ ဆက်သွယ်ရေးအိတ်ချိန်းရုံးနှင့် စာတိုက်ရုံးတစ်ရုံး၊ မူလတန်းလွန်ကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲနှစ်ကျောင်းနှင့် အထက်တန်းကျောင်းတစ်ကျောင်းရှိကြောင်း တွေ့ရှိရပါတယ်။ ဘာသာရေးအဆောက်အဦများအနေဖြင့်လည်း ဘုန်းတော်ကြီးကျောင်း ခုနစ် ကျောင်း၊ သီလရှင်ကျောင်း တစ်ကျောင်း၊ စေတီ ခုနစ်ဆူ၊ ခရစ်ယာန်ဘုရားကျောင်းတစ်ကျောင်းနှင့် ဗလီသုံးခုရှိကြောင်းလည်း သိရှိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဖောင်တော်သီကျေးရွာအုပ်စုမှာ လယ် ၃၂၈၁ ဧက၊ စားကျက်မြေ ၄၅၃ ဧက၊ မီးရထားလမ်းမြေ ၂၉ ဧက၊ လမ်းမြေ ၁၃၀ ဧက၊ မြစ်ချောင်းရေအောက်မြေ ၂၇၇ ဧက၊ မြို့မြေ ၁၅၄ ဧက၊ ရွာမြေ ၁၂၇ ဧကနှင့် သာသနာ၊ သုသာန်၊ အဆောက်အဦမြေ ၉၅ ဧကရှိရာမှာ မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပါက အခြားမြေအမျိုးအစားများ ပြောင်းလဲမှုမရှိဘဲနဲ့ မြို့မြေအဖြစ် ၂၈၁ ဧက ရှိလာမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဖောင်တော်သီမြို့ဖွဲ့စည်းရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးပါဝင်တဲ့ အဖွဲ့နဲ့ ၁၄-၁-၂၀၁၉ ရက်နေ့မှာ ဖွဲ့စည်းထားရှိပြီးတော့ ဒေသခံများ၏သဘောထားရယူခြင်း၊ မြို့သတ်မှတ်နိုင်ရေး မြို့အင်္ဂါရပ်များ ပြည့်စုံမှုရှိ/မရှိစစ်ဆေးခြင်း၊ ရပ်ကွက် ၅ ရပ်ကွက်ဖြင့် ဖွဲ့စည်း နိုင်ရေး၊ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ခြင်းနှင့် အခြေခံအသေးစိတ်စာရင်းများ ကောက်ယူပြုစုလျက် ရှိပြီးတော့မှ အမှုတွဲပြည့်စုံစွာတည်ဆောက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ နဲ့အညီ ဝန်ကြီးချုပ်ကနေပြီးတော့မှ နိုင်ငံတော်သမ္မတထံ တင်ပြဖို့အတွက်ကို စီမံဆောင်ရွက်ထားရှိပါကြောင်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**လေးမျက်နှာမြို့နယ်၊ ကြီးပေါက်ကုန်း၊ ကွမ်းခြံကုန်းနှင့် ပန်းတောကြီးအုပ်စုတို့အတွင်းရှိ လယ်ယာမြေများကို နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ခတ္တူချောင်းမကြီး၌ ရေသိုလှောင်ဖြန့်ဖြူးနိုင်မည့် မြောင်းပေါင်တမံနှင့် ရေတံခါးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းက လေးမျက်နှာမြို့နယ်အတွင်းမှာရှိတဲ့ ကြီးပေါက်ကုန်းအုပ်စု၊ ကွမ်းခြံကုန်းအုပ်စု၊ ပန်းတောကြီးအုပ်စုများမှာရှိတဲ့ လယ်ယာမြေများအပေါ်မှာ နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ခတ္တူချောင်း၌ ရေသိုလှောင်ဖြန့်ဖြူးနိုင်မယ့်မြေသားတာပေါင်နှင့် ရေတံခါးတစ်ခုကို လာမယ့် ဘဏ္ဍာရေးနှစ်မှာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လေးမျက်နှာမြို့နယ်အတွင်းမှာရှိတဲ့ ပန်းတောကြီးအုပ်စု၊ ကွမ်းခြံကုန်းအုပ်စု၊ ကြီးပေါက်ကုန်းအုပ်စုနှင့် ခတ္တူအုပ်စုများကို ခတ္တူတောင်ကျချောင်းဟာ ဖြတ်သန်းစီးဆင်းပြီးတော့မှ အလျား ခြောက်မိုင်ကျော်ရှည်လျားကာ ဂဝန်မြစ်အတွင်းကို စီးဝင်ပါတယ်။ ခတ္တူချောင်းဘေးမှာရှိတဲ့ ကြီးပေါက်ကုန်းအုပ်စုရဲ့ ကျေးရွာခွဲတစ်ရွာဖြစ်တဲ့ ဆင်သေလို့ခေါ်တဲ့ ရွာနားမှာ ဒေသခံတောင်သူများဟာ သူတို့ရဲ့လယ်ယာမြေများကို နွေစပါးစိုက်ပျိုးလို့ရနိုင်အောင်အတွက် မိုးကုန်ခါနီး ချောင်းရေနည်းတဲ့အချိန်မှာ ချောင်းတွင်းမှာ ရေတားတမံပြုလုပ်ပြီးတော့မှ ဆောင်ရွက်ရပါတယ်။ ဒီနေရာမှာ တစ်ခုတင်ပြချင်တာက ကျွန်တော်တို့ဒီအနီးအနားမှာရှိတဲ့ လယ်ယာ

မြေများဟာ မိုးတွင်းကာလမှာဆိုရင် မြစ်ရေကြီးပြီးတော့မှ ရေကျသွားတဲ့အချိန်မှာ တခြားဒေသက လယ်မြေများကဲ့သို့ ဆောင်းသီးနှံဖြစ်တဲ့ ပဲတို့၊ ပြောင်းတို့စိုက်ပျိုးလို့မအောင်မြင်ပါဘူး။ မြေကြမ်းပါတယ်။ အဲဒီအတွက် စိုက်ပျိုးလို့ရတဲ့နွေစပါးကိုပဲ မိမိတို့တတ်နိုင်တဲ့အားလေးနဲ့ ရေကိုဆည်ယူပြီးတော့မှ စိုက်ပျိုးနေကြရတာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။ ဒီပုံကတော့ ပြီးခဲ့တဲ့လတုန်းက ကျွန်တော်အပါအဝင် စိုက်ပျိုးရေး၊ ဆည်မြောင်း၊ မြေစာရင်း၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ကျွန်တော်တို့ ကွင်းဆင်းလေ့လာထားတဲ့ပုံပဲဖြစ်ပါတယ်။ အောက်မှာမြင်နေရတဲ့ရေတားတမံက လယ်သမားတွေဟာ ရေနည်းသွားတဲ့အချိန်မှာ ချောင်းထဲကိုဆင်းပြီးတော့မှ မျောတိုင်တွေစိုက်တယ်။ ထရံတွေကာတယ်။ မြေကြီးတွေဖို့ပြီးတော့ ဒီရေကို တားဆီးပြီးတော့မှ နွေစပါးအတွက် အသုံးပြုနေရတာဖြစ်ပါတယ်။ တချို့နှစ်တွေမှာဆိုရင် ဒီရေကိုမနိုင်တဲ့အတွက် သုံးလေးကြိမ်ကျိုးပေါက်ပြီးတော့မှ ပြန်လုပ်ရတာတွေရှိပါတယ်။ ဒီနှစ်မှာလည်း ဒါဆိုရင် နှစ်ကြိမ်လုပ်ထားတဲ့အနေအထားတစ်ခု ဖြစ်ပါတယ်။ ဒီပုံကတော့ စောစောက တားထားတဲ့ရေတွေကို စက်တွေနဲ့မောင်းတင်ပြီးတော့မှ နွေစပါးခင်းတွေဆီကို ရေတင်နေတဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ စောစောက စက်နဲ့မောင်းတင်တဲ့ရေတွေကို အခုလို ရေသွယ်မြောင်းတွေကနေတစ်ဆင့် နွေစပါးစိုက်ခင်းတွေဆီကို ရေကိုပို့လွှတ်ပြီးတော့မှ စိုက်ပျိုးစေတာ ဖြစ်ပါတယ်။ ဟိုးအရှေ့ကမြင်နေရတဲ့ စိမ်းစိမ်းတွေဟာ နွေစပါးစိုက်ခင်းပုံတွေပဲဖြစ်ပါတယ်။ ဒါကတော့ ဒီချောင်းထဲကရေကို သွယ်ယူပြီး စိုက်ထားတဲ့နွေစပါးစိုက်ခင်းတွေပါ။ အဲဒီတော့ စိုက်ပျိုးရေးဦးစီးဌာန ရဲ့စာရင်းဇယားအရ ဒီဒေသပတ်ဝန်းကျင်မှာ နွေစပါးစိုက်ခင်းဧက ၅၀၀ ခန့်ရှိပါတယ်။ အဲဒီတော့ ဒီချောင်းထဲမှာ ဒါဟာစနစ်ကျတဲ့၊ ခိုင်မာတဲ့၊ ရေမြောင်းတမံနဲ့ ရေတံခါးတစ်ခုကို နိုင်ငံတော်ဘက်က ဆောင်ရွက်နိုင်ခဲ့မယ်ဆိုရင် ကျန်တဲ့စိုက်ပျိုးလို့ရတဲ့မြေဧကပေါင်း ၃၀၀၀ ကျော်ခန့် ဒီနေရာမှာရှိနေတာ ဖြစ်တဲ့အတွက် ဒီမြေတွေကို အကျိုးရှိစွာအသုံးချနိုင်ရေး အထက်ပါမေးခွန်းအား မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း

မေးမြန်းတဲ့ လေးမျက်နှာမြို့နယ်အတွင်းမှာရှိတဲ့ ကြီးပေါက်ကုန်းအုပ်စု၊ ကွမ်းခြံကုန်းအုပ်စုနှင့် ပန်းတောကြီးအုပ်စုအတွင်းမှာရှိတဲ့ လယ်ယာမြေတွေ နွေစပါးစိုက်ပျိုးနိုင်ဖို့ ခတ္တူချောင်းမကြီး ရေသိုလှောင်ဖြန့်ဖြူးနိုင်မယ့် မြောင်းပေါင်တမံနှင့် ရေတံခါးကို လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်းအပေါ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော်မှ ဖြေကြားပေးပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ကြီးပေါက်ကုန်း၊ ကွမ်းခြံကုန်းနှင့် ပန်းတောကွင်းကျေးရွာအုပ်စုအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ခတ္တူချောင်းဟာ အလျားခြောက်မိုင်ခွဲရှည်လျားပါတယ်။ ဂဝန်မြစ်အတွင်းစီးဝင်လျက်ရှိတဲ့ချောင်းဖြစ်ပါတယ်။ အဆိုပါ ချောင်းသဲနုန်းပို့ချတိမ်ကောလျက်ရှိတဲ့အတွက်ကြောင့်မို့လို့ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအတွင်း ဘဏ္ဍာရေးနှစ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ချောင်းအဖျားပိုင်း သုံးမိုင်ခွဲခန့်ကို သဲနုန်းတူးဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးချက်အရ ဒေသတွင် တောင်သူများအနေနဲ့လည်း မိုးနှောင်းကာလမှာ ခတ္တူချောင်းအတွင်း ယာယီချောင်းပိတ်တမံပိတ်ပြီး ရေသိုလှောင်ကြရပါတယ်။ သိုလှောင်ထားတဲ့ရေနဲ့စိုက်ပျိုးထားတဲ့စပါးဧက ၅၀၀ ခန့် အောင်ရေကိုရယူနေရတဲ့အတွက်ကြောင့် အခိုင်အမာရေထိန်းတံခါးတစ်ခု တည်ဆောက်ပေးဖို့ တင်ပြခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါအခြေအနေအရ ခတ္တူချောင်းပေါ်မှာ ရေတံခါးတစ်ခုတည်ဆောက်ခြင်းနှင့်အတူ ဆက်လက်တူးဖော်ဖို့ကျန်တဲ့ချောင်းပိုင်း သုံးမိုင်ခန့်ကို တူးဖော်ပေးဖို့လိုအပ်မယ့်အခြေအနေဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ရေတံခါးတည်ဆောက်ဖို့ ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ၊ စူးစမ်းလေ့လာတိုင်းတာတဲ့လုပ်ငန်းတွေကို ဦးစွာဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပါတယ်။ ထိုလုပ်ငန်းတွေအတွက် ရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး စူးစမ်းလေ့လာမှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စူးစမ်းလေ့လာမှုလုပ်ငန်းတွေရဲ့ရလဒ်အရ ဆောင်ရွက်ရဖို့ဖြစ်မြောက်နိုင်စွမ်းရှိမှုအပေါ်မူတည်ပြီး လိုအပ်မယ့်ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုနှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

**မူကြမ်း**

**ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် မြေတိုင်းဌာနခွဲ သီးသန့်ဖွဲ့စည်းပေးရန်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် နှစ်ကာလကြာရှည်စွာ တောင်သူများ စိုက်ပျိုးလုပ်ကိုင်ပြီး လုပ်ကွက်တည်ငြိမ်လျက်ရှိသော နေရာများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေ၊ နည်းဥပဒေများမှမဟုတ်ဘဲ ဖြေလျှော့၍ရသော နည်းလမ်းတစ်ခုခုဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့်ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိနေတဲ့မြို့နယ်များမှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများဟာ လက်ရှိအသုံးပြုလျက်ရှိနေသော ကွင်းမြေပုံအဟောင်းများအား Digital စနစ်ဖြင့် ပြန်လည်ပြင်ဆင်တိုင်းတာနေတာကိုလည်း သိရှိရပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမှာ ကွင်းဖွဲ့တိုင်းတာနိုင်ခြင်းမရှိတဲ့ ဧရိယာများ အများအပြားကျန်ရှိနေတာကိုလည်း စုံစမ်းသိရှိရပါတယ်။ မြေအသုံးချမှုနှင့် စီမံခန့်ခွဲရေးနှင့် နိုင်ငံတော်ဘဏ္ဍာအခွန်ငွေကောက်ခံရာမှာ လွယ်ကူစေရန်အတွက် ကွင်းမြေပုံအသစ်များ ကွင်းဖွဲ့တိုင်းတာရန် လိုအပ်လျက်ရှိနေပါတယ်။

မြေပုံအဟောင်းများ ပြန်လည်ပြင်ဆင်တိုင်းတာခြင်းနှင့် ကွင်းမြေပုံအသစ်များ ပြန်လည်တိုင်းတာရာတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာတွင် လက်ရှိဝန်ထမ်းများ ဖွဲ့စည်းပုံအင်အားဖြင့် ဆောင်ရွက်သွားရန် အခက်အခဲရှိနေတာကိုလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ (က) လက်ရှိဆောင်ရွက်နေတဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းဌာနခွဲသီးသန့်ဖွဲ့စည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် (ခ) ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် တောင်သူများမှ စိုက်ပျိုးလုပ်ကိုင်လာသည်မှာ နှစ်ကာလကြာရှည်ပြီး လုပ်ကွက်တည်ငြိမ်လျက်ရှိသောနေရာများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေ၊ နည်းဥပဒေများမှ မဟုတ်ဘဲ ဖြေလျှော့၍ရသော

နည်းလမ်းတစ်ခုခုဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)အား ထုတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် သိန္နီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းရဲ့မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ အပိုင်းနှစ်ပိုင်းပါရှိပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းမှာ လက်ရှိ ဆောင်ရွက်နေတဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ မြေတိုင်းဌာနခွဲသီးသန့် ဖွဲ့စည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ဦးစွာဖြေကြားပါ့မယ်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ တစ်နိုင်ငံလုံးမှာ ကွင်းဖွဲ့တိုင်းတာပြီးတဲ့ ကွင်းပေါင်း ၈၃၅၀၄ ကွင်း ရှိပါတယ်။ ဧရိယာအားဖြင့် ဧကသန်း ၅၀ ကျော်ဖြစ်ပါတယ်။ လက်ရှိ ဧရိယာဧက ၂၇ သန်း ၅ သိန်းခန့် ကို ကွင်းဖွဲ့တိုင်းတာဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

၁၉၉၇ ခုနှစ်မတိုင်မီ ကွင်းဖွဲ့တိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်းလုပ်ငန်းကို မြေတိုင်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာသာ ထိုစဉ်က ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ယခု လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီးဖြစ်ပြီး ရှိရင်းစွဲဖွဲ့စည်းပုံပါ ဝန်ထမ်းအင်အားနှင့်သာ ဆောင်ရွက်ခဲ့မှုဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်ကနေစပြီးတော့ ဌာနမှာ ခေတ်မီမြေတိုင်းကိရိယာများနှင့် မြေတိုင်းတာခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပြီးတော့ Digital စနစ် ဖြင့် မြေပုံရေးဆွဲထုတ်လုပ်ခြင်းကို ဆောင်ရွက်လျက်ရှိနေပြီး ဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ မူလက ဌာနရဲ့ပင်မလုပ်ငန်းတွေဖြစ်တဲ့ မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းများပြုစုခြင်းလုပ်ငန်းများ၊ မြေအသုံး ချမှုစာရင်းများပြုစုထုတ်ပြန်ခြင်းလုပ်ငန်းများအပြင် ၂၀၁၂ ခုနှစ်မှာ ပေါ်ထွက်လာတဲ့ မြေလွတ်၊

မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများပါ မြေယာဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းတာဝန်တွေကိုပါ လက်ရှိဝန်ထမ်းအင်အားနဲ့ပဲ ဆောင်ရွက်လျက်ရှိတဲ့ အနေအထားဖြစ်ပါတယ်။

အဆိုပါအခြေအနေမှာပဲ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့မှာ ပါဝင်ဆောင်ရွက်နေရမှုများ ရှိလာတဲ့အတွက် ဌာနရဲ့ဖွဲ့စည်းပုံအင်အားအပေါ်မှာ ပြန်လည်သုံးသပ်ပြီး တိုးချဲ့ဖွဲ့စည်းသွားဖို့ စီမံဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အဆိုပါ ထပ်မံတိုးချဲ့ဖွဲ့စည်းမယ့် ဖွဲ့စည်းပုံခွင့်ပြုအင်အားအရ တစ်နိုင်ငံလုံးမြေတိုင်းတာရေးအတွက် ဌာနမှာရှိတဲ့ မြေတိုင်းပုံနှိပ်ဌာနခွဲကို အင်အားတိုးမြှင့်ဖွဲ့စည်းထားမှုဖြင့်သာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ မြေတိုင်းဌာနခွဲသီးသန့်ဖွဲ့စည်းရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းဒုတိယပိုင်းကို ဆက်လက်ရှင်းလင်းဖြေကြားပါ့မယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြေလွတ်၊ မြေလပ်နှင် မြေရိုင်းများအပေါ်မှာ တောင်သူတွေစိုက်ပျိုးလုပ်ကိုင်လာတာ နှစ်ကာလကြာရှည်ပြီး လုပ်ကွက်တည်ငြိမ်လျက်ရှိတဲ့နေရာတွေကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေ၊ နည်းဥပဒေများမှ မဟုတ်ဘဲ ဖြေလျှော့ရတဲ့ နည်းလမ်းတစ်ခုဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) ထုတ်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်းပြီး လျှောက်ထားလာတဲ့အခါမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေအရ ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်ပင် ဥယျာဉ်ခြံသီးနှံစိုက်ပျိုးမှုအတွက် အဆိုပါလုပ်ပိုင်ခွင့်လျှောက်ထားလာမယ်ဆိုရင် ဧက ၃၀၀ နှင့် အထက်မပိုတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်အသုံးပြုဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီကို လျှောက်ထားနိုင်ပါတယ်။

ဧက ၃၀၀ နှင့်အထက်ကိုတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီကို လျှောက်ထားရမှာဖြစ်ပါတယ်။ ဧက ၃၀၀ ထက်မပိုတဲ့ မြေလွတ်၊ မြေလပ်နှင် မြေရိုင်းတွေအတွက် တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုကော်မတီမှလည်းကောင်း ဧက ၃၀၀ နှင့်အထက်ကို ဗဟိုကော်မတီမှလည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ပြီး ခွင့်ပြုမိန့်များ ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူဟာ ဥပဒေကသတ်မှတ်ထားတဲ့ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ရမှာ ဖြစ်ပါတယ်။ ဖော်ထုတ်စိုက်ပျိုးတဲ့သီးနှံတွေ အမျိုးအစားအလိုက် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ပြီးစီးမှု

တည်ငြိမ်တဲ့အခြေအနေရှိလာမှုကို ခေတ်ပုံမှတ်တမ်းတွေနှင့်အတူ ခိုင်လုံတဲ့ အထောက်အထားတွေ ပူးတွဲပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေတွေကို လယ်ယာမြေအဖြစ်ပြောင်းလဲသတ်မှတ်ပေးဖို့ လယ်ယာမြေနည်းဥပဒေပါပုံစံ(၁၀)နှင့် လျှောက်ထားရမှာဖြစ်ပါတယ်။

ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးအတွက် ကိုတော့ ဧက ၅၀ နှင့်အောက်ကို တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဧက ၅၀ နှင့်အထက်ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို လျှောက်ထားရမယ့်အခြေအနေ ဖြစ်ပါတယ်။ ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ လယ်ယာမြေဖြင့် ပြောင်းလဲသတ်မှတ်နိုင်ဖို့အတွက် ခွင့်ပြုမှုကို သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနကနေ လျှောက်ထားသူကို အသိပေးပြီးတော့ မှတ်ပုံတင်ကြေးပေးသွင်းမှုနှင့်အတူ ပုံစံ(၇)ထုတ်ပေးခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိခြင်း ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လက်ရှိဆောင်ရွက်နေတဲ့ လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းဦးစီးဌာနမှာ မြေတိုင်းဌာနခွဲသီးသန့်ဖွဲ့စည်းပေးဖို့ အစီအစဉ်မရှိပါကြောင်းနှင့် မြေတိုင်း လုပ်ငန်းများအတွက် မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲရုံးချုပ်ရဲ့ စီမံခန့်ခွဲမှုနှင့် ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့်ပတ်သက်ပြီး တည်ဆဲ မြေလွတ်၊ မြေလပ်နှင် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေနှင့်အညီသာ ဆောင်ရွက်ပေးနိုင်တဲ့ကိစ္စဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စား လှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က ဒေါက်တာခင်မောင်မောင်ရဲ့ မေးခွန်းမှာ လွတ်ငြိမ်းချမ်းသာခွင့်ဆိုတဲ့ စကားရပ်သုံးစွဲသွားတာ မှတ်တမ်း အရ တွေ့ရှိရပါတယ်။ နိုင်ငံတော်သမ္မတက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေါက်တာခင်မောင်မောင် ပြောကြားခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့်ဆိုတဲ့စကားရပ်ကို လွှတ်တော်မှတ်တမ်းမှ ပယ်နုတ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ (၃၀-၅-၂၀၁၉ ရက်နေ့)ကတင်သွင်းခဲ့တဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ အစီရင်ခံစာနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်းကို ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါဗျာ။ ကျွန်တော်ကတော့ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်မှာ ယနေ့ရရှိထားတဲ့မေးခွန်းနဲ့ပတ်သက်ပြီးမှ ခွင့်ပြုရန်ပုံငွေနည်းပါးနေတဲ့အတွက် လုပ်ငန်းပြီးစီးမှုမရှိတာကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုမိုရှင်းလင်းစွာတင်ပြနိုင်ဖို့ Power Point ဖြင့် အသုံးပြုခွင့်ပြုပါ။ ဒါကတော့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ကျွန်တော် မေးခဲ့တဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ တမူးမြို့နယ်နဲ့ ဟုမ္မလင်းမြို့တို့ ချိတ်ဆက်သွားတဲ့ လမ်းမကြီးပေါ်က ကက်သာ-အောင်ဇေယျလမ်းပိုင်းပါ။ ဒါကတော့ ဆောက်လုပ်ရေးဝန်ကြီးက ဖြေဆို သွားခဲ့တဲ့ ကျွန်တော် ကတိရရှိထားတဲ့မေးခွန်းရဲ့ အဖြေကို တင်ပြထားခြင်းဖြစ်ပါတယ်။ ရာသီမရွေး သွားလာနိုင်တဲ့ လမ်းအဆင့်ရောက်ဖို့ဆိုရင် ၂၀၁၉-၂၀၂၀ ခုနှစ်မှာ လိုအပ်ရန်ပုံငွေက ၉.၈ ဘီလီယံ ကျော်ကျော်လောက်ရှိပါတယ်။ အခု ၂၀၁၇-၂၀၁၈ ခုနှစ်မှာဆိုရင် ကျွန်တော်တင်ပြထားတဲ့အတိုင်းပဲ ခွင့်ပြုရန်ပုံငွေအရ တိုင်းဒေသကြီးအစိုးရကနေ ၆၀၅ သန်းကျော်ရပါတယ်။ ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက် မှာတော့ ၉၈ သန်းကျော်ပဲရပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးကနေ သက်ဆိုင်ရာဌာနက တင်ပြတောင်းခံတာက ၉.၁ ဘီလီကျော်ရှိပါတယ်။ သို့ပေမဲ့ ခွင့်ပြုရရှိတဲ့ ရန်ပုံငွေက သန်းပေါင်း ၁၁၇၄ သန်းပဲရှိပါတယ်။ အဲဒီ ၁၁၇၄ သန်းကနေ အောင်ဇေယျတံတား အတွက် ရန်ပုံငွေမပါတဲ့အတွက် သန်း ၁၄၀ ကိုလည်း တံတားအတွက်ခွဲပေးလိုက်ရပါတယ်။ အမှန်တကယ် လမ်းလုပ်ငန်းက ၁၀၀၀ လောက်ပဲရတာပါ။ တစ်ခါ ၂၀၁၉-၂၀၂၀ ခုနှစ် လမယ့်နှစ်မှာ

သက်ဆိုင်ရာဌာနကနေ တင်ပြတောင်းခံထားတာက ၉၈၉၆ သန်းကျော်ပါ။ ဒီမှာလည်း တိုင်းဒေသကြီး အစိုးရက ၂၀၁၉-၂၀၂၀ ခုနှစ်မှာ အခုလျာထားတာက လမ်းအတွက်က ၁ ဘီလီယံနည်းနည်းကျော် မယ်။ တံတားအတွက်က သန်း ၆၀၀ ပါ။ ဒါပဲရတာပါ။ အဲဒီတော့ စီမံကိန်းမှာလိုအပ်တဲ့ငွေက ၉ ဘီလီယံကျော်မှာ လာမယ့်နှစ်မှ ၁.၆ ဘီလီယံလောက်ဆို ဒီစီမံကိန်းကြီးပြီးဖို့ဆိုရင် ကျွန်တော်တို့က အနည်းဆုံးခြောက်နှစ်လောက် ကြာပါအုံးမယ်။ ဒါကတော့ ဒီနှစ် ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ဖောက်လုပ်ဆဲ ဖောက်လုပ်ပြီးနေတဲ့ လမ်းတွေကို ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။

ဒါလည်း ပြီးစီးသွားတဲ့လမ်းတွေပါ။ အခုမြင်ရတဲ့တောင်ကုန်းဆိုရင် ပေ ၃၀၊ ၄၀ လောက် ဖြတ်မြေလုပ်ငန်းတွေလုပ်ပြီးမှ လမ်းတာချဲ့ရတာလုပ်တဲ့အတွက် ကားလေးတွေကအစ သွားလာနိုင်တဲ့ အဆင့်ကိုရောက်ရှိသွားပါပြီ။ ဒါလည်း ချောင်းသဲကျောက်ခင်းခြင်းလုပ်ငန်းကို အဲဒီဖောက်လုပ် လမ်းပေါ်မှာ လက်ရှိတည်ဆောက်နေတဲ့အနေအထားကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါက ၉ မိုင် လောက်ပဲ လုပ်နိုင်သေးတာပါ။ ဒါတော့ ဆက်လက်ဆောက်လုပ်ရမယ့် တံတားရယ်၊ လမ်းတွေရယ်။ ဒါလည်း လမ်းတာချဲ့တာတွေ၊ ဖို့မြေ၊ ဖြတ်မြေလုပ်ငန်းတွေ လုပ်ရမယ့်လမ်းတွေပါ။ ဒါလည်း ဆက်လက်ဖောက်လုပ်ရမယ့် လမ်းတွေပါ။ ဒီ တံတားဟာဆိုရင် RC တံတားပြီးသွားပါပြီ။ သို့ပေမဲ့ မြင်တဲ့အတိုင်းပဲ တံတားရဲ့ဟိုဘက်ထိပ် တောင်ကုန်းဟာ အင်မတန်မတ်စောက်နေပါတယ်။ ဒါတွေဟာ Carting လုပ်ရမယ်။ လမ်းတာချဲ့ရမယ်။ ဒီလုပ်ငန်းတွေလုပ်ဖို့ရာ ငွေကြေးတွေလိုအပ်နေတာပါ။ ဒါကတော့ ၁၄-၁-၂၀၁၉ ရက်နေ့တုန်းက ၂၃.၃ ဘီလီယံနဲ့ တည်ဆောက်ပြီးစီးသွားတဲ့ ဟုမ္မလင်း မြို့နယ်မှာရှိတဲ့ ချင်းတွင်းမြစ်ကူးတံတားကြီးပါ။ ဒီတံတားဟာ ကက်သာ-အောင်ဇေယျလမ်းပိုင်းကို ချိတ်ဆက်ဖို့အတွက် တည်ဆောက်ခဲ့တဲ့ တံတားကြီးဖြစ်ပါတယ်။

ဒါကတော့ ကက်သာ-အောင်ဇေယျလမ်းပိုင်းပေါ်မှာရှိတဲ့ နပငတံတားစီမံကိန်းပါ။ ၄-၉-၂၀၁၆ ရက်နေ့က ဆောက်တာပါ။ ဒါတော့ ၁၇-၁-၂၀၁၉ ရက်နေ့မှာ ဖွင့်လှစ်ပြီးစီးသွားပါပြီ။ လုပ်ငန်းစီမံကိန်း တန်ဖိုးက သန်းပေါင်း ၂၀၂၅ သန်းပါ။ အဲဒီတော့ ကျွန်တော်တင်ပြတဲ့ ပုံမှာမြင်တဲ့အတိုင်းပဲ တမူး- ဟုမ္မလင်းလမ်းပိုင်း။ အဲဒီမှာ တမူးကနေ အောင်ဇေယျကို ၄၂ မိုင်ဝေးပါတယ်။ အဲဒီ ၄၂ မိုင်မှာ ကတ္တရာ လမ်းခင်းဖို့က နှစ်မိုင်ပဲရှိတော့တာပါ။ ကားနဲ့မောင်းမယ်ဆိုရင် ၄၂ မိုင်ဟာ တစ်နာရီခွဲဝန်းကျင် လောက်ပဲကြာပါတယ်။ အောင်ဇေယျနဲ့ကက်သာ ၃၈ မိုင်မှာတော့ ကျွန်တော် အပေါ်မှာမြားလေးတွေနဲ့ ပြထားတဲ့အတိုင်းပဲ ကိုးမိုင်ကပြီးပါပြီ။ ၁၇ မိုင်က လမ်းကြမ်းပါသေးတယ်။ ဖို့မြေ၊ ဖြတ်မြေလုပ်ငန်းတွေ တော်တော်ကြီးလုပ်ရပါအုံးမယ်။ ၁၂ မိုင် ၁ ဖာလုံကတော့ လက်ရှိကောင်းမွန်နေတဲ့ အနေအထားမျိုး

ရှိပါတယ်။ ဒါကြောင့်မို့လို့ အခု ချင်းတွင်းတံတား ၂၃.၃ ဘီလီယံ၊ နပငတံတား ၂ ဘီလီယံ အားလုံးပေါင်း ၂၅ ဘီလီယံကျော်လောက်ကုန်ကျပြီးမှ ဒီလမ်းဟာ လက်ရှိအထိ မိုးရာသီမှာဆိုရင် သွားလာနိုင်ခြင်းမရှိသေးပါဘူး။ နောက်တစ်ခု ဒီလမ်းကို ကျွန်တော်အာရုံစိုက်ပြီးမှ တင်ပြတောင်းခံနေသလဲဆိုတော့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့က အားလုံးသိပြီးသားပါ။ အောင်စိုးမိုးကျော်အမြန်ယာဉ် နစ်မြုပ်သွားခဲ့တယ်။ လူပေါင်း ၇၃ ဦးကျော် အသက်ဆုံးပါးသွားခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟုမ္မလင်းမြို့နယ်ကနေလာမယ်ဆိုရင် မိုးရာသီမှာ ရေလမ်းတစ်ခုပဲရှိတာပါ။ တကယ်လို့သာ ဒီလမ်းကို နောက်ထပ် ကျွန်တော်တင်ပြတဲ့အတိုင်းပဲ ၁၇ မိုင်လောက်ကိုသာ ရန်ပုံငွေဖိဖိစီးစီးချမှတ်ပြီးမှ ဆောင်ရွက်ပေးနိုင်မည်ဆိုရင် ဟုမ္မလင်းမြို့နယ်ကနေ တမူးမြို့နယ်၊ တမူးမြို့နယ်ကနေ ကလေးမြို့နယ်၊ ကလေးမြို့နယ်ကနေ မုံရွာမြို့၊ မန္တလေးမြို့ တစ်နိုင်ငံလုံးကို ရာသီမရွေးသွားလာနိုင်ပါပြီ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လွှတ်တော်မှာကတိရထားတဲ့ မေးခွန်းတစ်ခုကို ဘဏ္ဍာငွေခွဲဝေမှုအရ တစ်နှစ်၊ နှစ်နှစ်နောက်ဆုပ်ထားတာ ပြဿနာကြီးမဟုတ်ပါဘူး။ သို့ပေမဲ့ ငါးနှစ်၊ ခြောက်နှစ်လောက်ကြာသွားမယ်ဆိုရင်တော့ ဒီလိုကြာတဲ့အတွက် ကျွန်တော်တို့မေးခွန်းဟာ ကတိရှိတာနဲ့မရှိတာနဲ့ အတူတူပဲဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့်မို့လို့ အခု လိုအပ်နေတဲ့ ၉ ဘီလီယံကျော်ကို ဘဏ္ဍာရေးအခြေအနေအရ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရ အပြီးဆောင်ရွက်နိုင်ခြင်းမရှိရင်တောင်မှ တတ်နိုင်သလောက် ဆောင်ရွက်ပေးဖို့ သက်ဆိုင်ရာကော်မတီကနေ သက်ဆိုင်ရာတာဝန်ရှိတဲ့ဝန်ကြီးဌာနတွေ၊ ပုဂ္ဂိုလ်တွေကို တိုက်တွန်းဆွေးနွေးစေလိုတဲ့အတွက် ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏အစီရင်ခံစာ(၁/၂၀၁၉)ကို ဆွေးနွေးသွားမယ့် ကျောက်တန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်မကော်မတီရဲ့ ရည်ရွယ်ချက်အပိုင်းကို ဆွေးနွေးလိုပါတယ်။ ကော်မတီသည် ပြည်ထောင်စုအဖွဲ့ဝင် အဖွဲ့အစည်းများ၊ လွှတ်တော်တွင်ဖြေကြားခဲ့သောမေးခွန်းများ၊ အဆိုများတွင် ကတိပြုခဲ့သော အာမခံချက်များ၊ တာဝန်ခံချက်များအပေါ်၌ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ အရ မည်သည့်အခြေအနေထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည်ကိုလည်းကောင်း၊ သတ်မှတ်ကာလအတွင်း ဆောင်ရွက်

ပြီးစီးမှုရှိ/မရှိတို့ကိုလည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့အား တွေ့ဆုံစိစစ်၍ ကတိပြုတာဝန်ယူခဲ့သည့် လုပ်ငန်းများ အား မည်သို့မည်ပုံဆောင်ရွက်ထားသည်ကို ပြည်သူ့လွှတ်တော်သို့အစီရင်ခံတင်ပြရန်ဆိုပြီး ပါပါတယ်။ ဒီရည်ရွယ်ချက်သာ အောင်မြင်ပေါက်ရောက်ခဲ့မယ်ဆိုလို့ရှိရင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအပေါ်မှာ ပိုမိုထိန်းကျောင်းတည့်မတ်နိုင်မှာ ဖြစ်ပါတယ်။ လက်တွေ့အနေအထားအရတော့ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရတွေဟာ တာဝန်ယူမှု၊ တာဝန်ခံမှုအားနည်းပြီးတော့မှ လွှဲချနေတာ၊ ဘောလီဘောပုတ်နေတာ အများကြီးရှိနေသေးတဲ့အတွက် ဒီရည်ရွယ်ချက်အတိုင်း ပိုမိုထိန်းကျောင်းပေးဖို့အတွက် ကျွန်မ ဆွေးနွေးလိုတာဖြစ်ပါတယ်။ ဥပမာအနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် ၈-၃-၂၀၁၇ ရက်နေ့က သောင်ထွန်းမြေတွေ စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီးတော့မှ မေးခဲ့ပါတယ်။ ကျွန်မတို့မြေပြင်ပေါ်မှာ ပိုမိုပြီးလုပ်ကိုင်နေတဲ့အပေါ်မှာလည်း ဒေသခံတွေလုပ်ကိုင်ဆောင်ရွက်ဖို့အတွက်ကို ဝန်ကြီးဌာနကနေ ကတိပြုပြီး တော့ဖြေခဲ့ပါတယ်။ သို့သော်လည်းပဲ အဲဒီကတိအတိုင်းနဲ့ ဆန့်ကျင်စွာပဲ ဥပဒေမှာ ပေးထားတဲ့ ကတိကဝတ်ကိုတောင် ပယ်ဖျက်ပြီးတော့မှ ဒေသခံပြည်သူတွေ လျှောက်ထားခွင့်တောင် ပိတ်ပင်တဲ့ အနေအထားမျိုးတွေဖြစ်လို့ ၂၀၁၈ ခုနှစ်မှာ ထပ်မံမေးခွန်းမေးခဲ့ပါတယ်။ အဲဒီအခါ မှာလည်း ဝန်ကြီးကနေပြီးတော့မှ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်အပါအဝင် စိစစ်ရေးအဖွဲ့ ဖွဲ့ပြီးတော့မှ ပင်လယ်ပြင်ထိကိုယူထားတဲ့မြေတွေအပေါ်မှာ ပြန်ပြီးစိစစ်ပေးပါ့မယ်လို့ ကတိပေးခဲ့ ပါတယ်။ အဲဒီကတိတွေအကောင်အထည်မဖော်တဲ့အပြင်ကို ကျွန်မတို့ မြေပြင်ပေါ်မှာ လက်ရှိ အနေအထားထိကို မြေတူးစက်တွေနဲ့ တူးချင်သလိုတူးနေတဲ့အပေါ်မှာ ကျွန်မတို့ စီမံခန့်ခွဲရတာ ခက်ခဲတဲ့အတွက်ကြောင့် အကောင်အထည်ဖော်ပေးဖို့အပေါ်မှာ လွှတ်တော်ကတိကဝတ်ကော်မတီ ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကနေ တင်ပြခဲ့ပါတယ်။ သို့သော်လည်းပဲ ယနေ့ထိတိုင်တော့ ကျွန်မတို့ဟာ မည်သည့်အကောင်အထည်ဖော်မှု၊ စစ်ဆေးမှုမှမရှိသေးပါဘူး။ ကျွန်မတို့ဟာ မေးမြန်း တဲ့အခါမှာလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရကို ပြန်မေးမယ်ဆိုပြီးတော့မှ ကျွန်မတို့ ပြန်ဖြေကြား တာပဲသိရပါတယ်။ တကယ်တမ်းဆိုလို့ရှိရင် လွှတ်တော်မှာ ကတိကဝတ်ပေးပြီးဆိုကတည်း ကနေပြီးတော့မှ သက်ဆိုင်ရာဒေသအတွင်းရော၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေနဲ့ ညှိနှိုင်းပြီးတော့မှ ပေးပြီးတဲ့ကတိဖြစ်ပါမယ်။ ကတိပေးပြီးမှပြန်ညှိမယ်ဆိုတဲ့ကိစ္စအပေါ်မှာ ဒါမဖြစ်သင့် တဲ့အတွက်ကြောင့်မို့လို့ ဒီကော်မတီအနေနဲ့သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေအပေါ်မှာ

ပါပြန်ပြီးတော့ စိစစ်ဖို့အတွက်၊ ရည်ရွယ်ချက်ရှိတဲ့အတွက် ဒီဟာမျိုးရည်ရွယ်ချက်မျိုးပေါက်မြောက် အောင်လို့ ကျွန်မက စိစစ်ပေးစေလိုတာဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ တွေ့ရှိသုံးသပ်ချက်ကို ဆွေးနွေးလိုပါတယ်။ ကော်မတီက လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးနောက် လွှတ်တော်အတည်ပြု ချက်ရယူထားသည့်လုပ်ငန်းများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ဆက်လက်ဆောင်ရွက်ရန် အခက်အခဲရှိလာခြင်း၊ နယ်မြေခံ ပြည်သူများက လက်ခံရန်ငြင်းဆန်ခြင်းတို့ပေါ်ပေါက်သဖြင့် ကတိအဖြစ်သတ်မှတ်ချက်မှ ပယ်ဖျက်ရန် တင်ပြတောင်းဆိုသည့်အခါ ကော်မတီအနေနှင့် ကတိမှပယ်ဖျက်ခွင့်မရှိသည့်အတွက် လွှတ်တော် ကိုယ်စားလှယ်၏သဘောကို ဦးစွာရယူပြီးဝန်ကြီးဌာနနှင့်ညှိနှိုင်းရန်ဆိုတဲ့အချက်ကိုလည်း ကျွန်မ အင်မတန်အံ့ဩပါတယ်။ အစကတည်းကနေပြီးတော့မှ ဒေသခံနယ်မြေအခြေအနေတွေရော ငြင်းဆန် မှုမဖြစ်အောင် ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်ပြီးမှ ဒီမှာ၊ ကျွန်မတို့လွှတ်တော်မှာလာပြီးတော့ ဝန်ကြီး ဌာနက ဖြေကြားကတိပေးခဲ့ရမှာမဟုတ်ဘူးလား။ ကတိပေးခဲ့ပြီးမှ ဒေသမှာရှိတဲ့သူတွေ ငြင်းဆန်တဲ့ အတွက် အကောင်အထည်ဖော်ဖို့အခက်အခဲအတွက် ကတိကနေပယ်ဖျက်ပါဆိုတဲ့ကိစ္စသည် ဘယ်လို မှဖြစ်သင့်တဲ့ကိစ္စမဟုတ်ပါဘူး။ ကျွန်မကို ကတိကနေပယ်ဖျက်ဖို့အတွက်ကို ကော်မတီအနေနဲ့ ဖိတ်ကြားတဲ့အတွက် သွားခဲ့ပါတယ်။ ကျွန်မ ကော်မတီအစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ ၁၇-၆-၂၀၁၆ ရက်နေ့က မေးမြန်းခဲ့တဲ့ ကျောက်တန်းမြို့နယ်၊ ကျုံကန်ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးတဲ့အခြေအနေအပေါ်မှာ မေးမြန်းထားတဲ့မေးခွန်းအတွက်ကို ကတိကနေပယ်ဖျက်လိုတာ ဖြစ်ပါ တယ်။ မြေပြင်ပေါ်မှာ ဘာမှအကောင်အထည်လာဖော်ခြင်းမရှိဘဲနဲ့ ကတိကနေပယ်ဖျက်ဖို့အတွက်ကို ဝန်ကြီးဌာနက လာရောက်တောင်းဆိုတာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကတည်းကနေ စပြီးတော့မှ တည်ဆောက်ခဲ့တဲ့ဆေးရုံ ဖြစ်ပါတယ်။ မြေပြင်ပေါ်မှာပြီးဆုံးခြင်းမရှိတဲ့အတွက်ကြောင့် မို့လို့ ၂၀၁၆ ခုနှစ်ကတည်းကနေပြီး ကျွန်မမေးခွန်းမေးခဲ့တာ ဖြစ်ပါတယ်။ သက်ဆိုင်ရာကော်မတီမှာ ဝန်ကြီးဌာနကနေပြီးတော့မှ လာပြီးဖြေတဲ့အခါမှာ ကုမ္ပဏီကရှာလို့ မတွေ့လို့ တရားစွဲလို့မရပါဘူး။ ကုမ္ပဏီကို ခုထိရှာလို့မတွေ့ပါဘူးဆိုတာက ကျွန်မကို အထပ်ထပ်ပြောနေပါတယ်။ ကတိပယ်ဖျက် ပေးဖို့အတွက်ကို ကျွန်မကိုလာညှိနှိုင်းတဲ့အခါမှာ ကျွန်မ လက်မခံခဲ့ပါဘူး။ မြေပြင်ပေါ်မှာ မည်သည့် အကောင်အထည်ဖော်မှုမှမရှိသေးဘဲနဲ့ပြီးတော့ ဒီဆေးရုံကို တည်ဆောက်တာသည် ဆရာဝန်ဖြစ်ပါ တယ်။ ကျွန်မသည် ဒီဆေးရုံကိုကွင်းဆင်းတဲ့အခါမှာ ဒီဆေးရုံတည်ဆောက်တဲ့ကုမ္ပဏီက ဆရာဝန်က လာပြီးတော့ မိတ်ဆက်ပေးတဲ့အတွက်ကြောင့်မို့လို့ သိတာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်

ကတည်းက တည်ဆောက်ရမယ့်ဆေးရုံဟာ ငွေအကြေလျှောက်ထုတ်ပြီးတာဖြစ်ပါတယ်။ အောက်ခြေမှာ ဆေးရုံမပြီးဘဲနဲ့ကို ၁၀၀ ရာခိုင်နှုန်းငွေထုတ်ပြီး သွားတာဖြစ်ပါတယ်။ ပြီးတဲ့အခါကျတော့ လွှတ်တော်မှာမေးခွန်းတွေမေးတဲ့အခါမှာ ကုမ္ပဏီကို တရားစွဲပေးပါ့မယ်။ လျော်ကြေးပြန်တောင်းပေးပါ့မယ်ဆိုပြီးတော့မှ ကတိတွေပေးခဲ့တာပါ။ ဒီကတိတွေဘာမှအကောင်အထည်မဖော်ဘဲနဲ့ လွှတ်တော်ကနေပယ်ဖျက်ဖို့ကိစ္စဟာ အင်မတန်မဖြစ်သင့်တဲ့ ကိစ္စဖြစ်ပါတယ်။ ဒီအချက်အလက်ကိုကြည့်ခြင်းအားဖြင့် ကျွန်မတို့က ဒီပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရတွေ၊ ဝန်ကြီးဌာနတွေက လွှတ်တော်ရဲ့ ကတိကဝတ်တွေအပေါ်မှာ အကောင်အထည်ဖော်မှုအပိုင်းမှာ အင်မတန်အားနည်းပြီးတော့ လက်တစ်လုံးခြားလုပ်တဲ့ကိစ္စမျိုးတွေပါ ကျွန်မမြင်နေရတာမျိုး တွေရှိပါတယ်။ ပြီးတော့ ရှာမတွေ့ဘူးလို့၊ တရားစွဲလို့မရဘူးဆိုတဲ့ ကုမ္ပဏီကိုပဲ အခုလက်ရှိ ကျွန်မ မြေပြင်ပေါ်မှာလာပြီးတော့ ပြန်လည်တည်ဆောက်ဖို့အတွက်ကို တာဝန်ပေးနေတာကိုလည်း အံ့သြဖွယ်တွေ့နေရပါတယ်။ ဒီအတွက်ကြောင့် ကျွန်မတို့က ဒီမိုကရေစီဖော်ဆောင်နေတဲ့ အခြေအနေမျိုးမှာ အသွင်ကူးပြောင်းတဲ့ ကာလမှာလွှတ်တော်ရဲ့အခန်းကဏ္ဍသည် အင်မတန်အရေးကြီးပါတယ်။ ဒီမိုကရေစီအားကောင်းဖို့ဆိုတာ လွှတ်တော်အားကောင်းဖို့လိုပါတယ်။ လွှတ်တော်မှာပေးထားတဲ့ ကတိကဝတ်တွေကို ဒီလိုမျိုးပဲ ပြီးပြီးရောလုပ်နေမယ်ဆိုလို့ရှိရင် ကျွန်မတို့လိုချင်တဲ့ပန်းတိုင်ကို အလှမ်းဝေးမှာဖြစ်တဲ့အတွက် ဒီလိုအရေးကြီးတဲ့ကော်မတီဖြစ်တဲ့အတွက် ဒီထက်ပိုပြီးတော့ ထိန်းကျောင်းကြပ်မတ်ပေးဖို့အတွက် အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ ပထမဦးစွာအကြံပြုဆွေးနွေးလိုတာကတော့ ဒီကော်မတီဟာ ပြည်သူ့လွှတ်တော်အတွင်း ဖွဲ့စည်းထားတဲ့ကော်မတီ ၂၁ ထဲက အရေးကြီးတဲ့ကော်မတီတစ်ခုဖြစ်ပြီး ကိုယ်စားလှယ်များရဲ့ အဓိကအားထားရာ သို့မဟုတ် ကိုယ်စားလှယ်များရဲ့ အသက်လို့ပြောလို့ရပါတယ်။ ကျွန်မဘာလို့ ဒီလိုပြောရသလဲဆိုရင် ကျွန်မတို့မြန်မာတွေရဲ့ဆိုရိုးတစ်ခုရှိပါတယ်။ လူမှာကတိ မင်းမှာသစ္စာလို့ ဆိုပါတယ်။ လူတစ်ယောက်ဟာ မိမိပြောတဲ့စကားကိုတာဝန်ယူဖို့နဲ့ ကတိတည်ဖို့လိုပါတယ်။ ကျွန်မတို့ကိုယ်စားလှယ်များဆိုရင် ပိုလို့ကတိတည်ဖို့လိုပါတယ်။ ကိုယ်စားလှယ်များဟာ

မိမိတို့ရဲ့မဲဆန္ဒရှင်ပြည်သူများနဲ့ တိုက်ရိုက်ဆက်ဆံရပါတယ်။ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ရဲ့လိုအပ်ချက် လွှတ်တော်ကဖော်ဆောင်ရွက် ဆိုတဲ့ဆောင်ပုဒ်နဲ့ ကိုက်ညီအောင် ကျွန်မတို့ကြိုးစားနေရသလို ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံတွေကို လွှတ်တော်ကိုယူလာပြီး ပြည်သူတို့ရဲ့လိုအပ်ချက်ကို ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ လွှတ်တော်မှာအော်ပေးရတာ ကျွန်မတို့ရဲ့တာဝန်တစ်ခုဖြစ်ပါတယ်။ ဒီလို အော်လို့ အစီအစဉ်ရှိပါတယ်။ ဘယ်နှစ်၊ ဘယ်ကာလ၊ ဘယ်ဘတ်ဂျက်မှာဖြင့် ဆောင်ရွက်ပေးပါမယ်ဆိုရင် အဲဒီအဖြေကို ပြည်သူတွေထံကို ပြန်လည်ဖြန့်ဝေပေးရပါတယ်။ ဝန်ကြီးဌာနအသီးသီးက ကိုယ်စားလှယ်တွေကို ပေးထားတဲ့ကတိတည်ဖို့ ဒီကော်မတီက တာဝန်ယူပေးစေလိုပါတယ်။ လွှတ်တော်ပုံမှန်အစည်းအဝေးတစ်ကြိမ်ပြီးတိုင်း ပေးထားတဲ့ကတိတွေကို အမှန်တကယ်လုပ်ဆောင်ခြင်းရှိ/မရှိ စောင့်ကြည့်ပေးဖို့နဲ့ ကတိဖြစ်ပြီး ဘတ်ဂျက်ပေးရမယ့်မေးခွန်းတွေကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ဘတ်ဂျက်စိစစ်ရေးအဖွဲ့တို့နဲ့ ညှိနှိုင်းပြီး ဘတ်ဂျက်မဖြတ်တောက်မီ ကြိုတင်ဆွေးနွေးပေးဖို့ အကြံပြုလိုပါတယ်။

ဒါကြောင့် ဒီကော်မတီဟာ အခြားကော်မတီများထက် ပိုအရေးကြီးလို့ အစီရင်ခံစာ ဒီ့ထက်ပိုပြီး တင်ပြနိုင်ဖို့လိုတယ်လို့ မြင်ပါတယ်။ အစီရင်ခံစာအပိုဒ် ၈ မှာ ကတိဖြစ်ပြီး အခက်အခဲတစ်စုံတစ်ရာကြောင့် ကတိမှပယ်ဖျက်လိုပါက လွှတ်တော်သို့အစီရင်ခံစာမတင်သွင်းမီ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဝန်ကြီးဌာနတို့ညှိနှိုင်းပြီး ကိုယ်စားလှယ်ရဲ့သဘောတူညီချက်နဲ့ ပယ်ဖျက်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဒီအချက်ကို ကျွန်မထောက်ခံပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆွေးနွေးနိုင်ဖို့ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါရှင်။

ဒါကတော့ ၃၀-၈-၂၀၁၇ ရက်နေ့က မေးမြန်းထားတဲ့မေးခွန်းဖြစ်ပါတယ်။ အဲဒီမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဖြေကြားထားတဲ့အဖြေပဲဖြစ်ပါတယ်။ ဒါ ကျွန်မရဲ့ဆက်စပ်မေးခွန်းဖြစ်ပါတယ်။ Power Point မှာ ထပ်ဆင့်လို့ ရေးထားတာမှားပါတယ်။ ဆက်စပ်မေးခွန်း မေးထားတာဖြစ်ပါတယ်။ ဒါ ဝန်ကြီးရဲ့ဆက်စပ်မေးခွန်းအဖြေပါ။ ဒီနေရာမှာ ထူးခြားနေတာက ယခုသမ္မတကြီး(ယခင် လွှတ်တော်ဥက္ကဋ္ဌကြီး)ရဲ့ပထမအဖြေကတည်းက ကျွန်တော်လည်းကြားလိုက်ပါတယ်။ ဒါပေမဲ့ ပြန်မေးဖို့ပဲ အာရုံစိုက်ပြီးတော့နေတော့ မကြားလိုက်ဘူးထင်တယ်လို့ ကျွန်မကို မှတ်ချက်ပေးထားပါတယ်။ တကယ်တော့ ကျွန်မသေချာအောင်လို့ ထပ်မေးခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီလောက်တိကျတဲ့အဖြေမျိုးရတာတောင် အခုအချိန်ထိ ဘာမှအကောင်အထည်ဖော်တာ မတွေ့ရပါဘူး။ ဒါ ဥပမာတစ်ခုပဲ နမူနာပေးခြင်းဖြစ်ပါတယ်။ အခြားကတိတွေအများကြီး ရှိပါတယ်။

ဘတ်ဂျက်နဲ့နီးတော့ ဒီကော်မတီကိုလည်းစာတင်ခဲ့ဖူးပါတယ်။ ကော်မတီမှာ ဝန်ကြီးဌာနကို တင်ပြထားပြီးဖြစ်ကြောင်း စာပြန်လာပါတယ်။ ဒါပေမဲ့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ထဲမှာပါဝင်ခြင်း မရှိပါဘူး။ ဒီကိစ္စကို ဆက်လက်ဆောင်ရွက်ပေးဖို့ ကော်မတီက ဝန်ကြီးဌာနကို တိုက်တွန်းပေးစေလို ပါတယ်။ ကော်မတီရဲ့ပန်ကြားလွှာအရ ကျွန်မတို့ဘက်က ထပ်တင်ရမယ်လို့လည်း ပါထားတာတွေ့ရ ပါတယ်။

ဒါကြောင့် ကတိဖြစ်ပြီးသား မေးခွန်းများ၊ အဆိုများကို ပယ်ဖျက်မယ်ဆိုရင် အစီရင်ခံစာပါ အချက်အတိုင်း ကိုယ်စားလှယ်များအား အကြောင်းကြားပြီးမှ ပယ်ဖျက်သင့်ပါကြောင်းနှင့် ဘတ်ဂျက် အခြေအနေအရ ရွှေ့ဆိုင်းမည်ဆိုပါကလည်း အဆင့်ဆင့်ကြိုတင်အကြောင်းကြားသင့်ပါကြောင်း၊ သို့မှသာ ကျွန်မတို့ ကတိပေးထားတာတွေ တည်မှာဖြစ်တဲ့အတွက် ဒီလိုအကြံပြုတိုက်တွန်းရင်း အစီရင်ခံစာအပေါ် ဆွေးနွေးလိုက်ရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်နိုင်ရန်အတွက် ၁ နာရီခန့်ရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊၁၂း၃၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊၁၃း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ ကို ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးမင်းနောင်(ပင်လည်ဘူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ဆွေးနွေးကြတဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီနဲ့ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုရင် ၉-၁၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ကြယ်ပွင့်ပြမေးခွန်းဖြစ်ပြီး ပင်လည်ဘူးမြို့နယ်ရဲ့ တောင်တောအုပ်စု၊ တိုးမွန်းကျေးလက် ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံ အဖြစ် တိုးမြှင့်ဖွင့်လှစ်ရန် တင်ပြတောင်းဆိုခဲ့ပါတယ်။ အဲဒီအခါမှာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုယ်တိုင်ပဲ တိုးမွန်းကျေးလက်ကျန်းမာရေးဌာနဟာ အလွန်ခက်ခဲတဲ့ တောင်ပေါ် ဒေသဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ တိုးမွန်းကျေးလက် ကျန်းမာရေးဌာနက တိုက်နယ်ဆေးရုံ အဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံအရခွင့်ပြုမိန့်ရရန် ဆောင်ရွက်ပေးမည်ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကတော့ ကျွန်တော်တို့အနေနဲ့ ပိတ်သွားပြီဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ငွေအနေနဲ့ကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေရရှိချိန်တွင် ဧပြီလမှာရရင် ကျွန်တော်တို့စပြီး လုပ်ပေးပါ့မယ်။ ချက်ချင်းလုပ်ပေး ပါ့မယ်လို့ဖြေခဲ့ပါတယ်။ ထို့အတူ ကျွန်တော်တို့ကို အထူးဂရုစိုက်ပြီး လုပ်ပေးပါ့မယ်ဖြစ်ကြောင်းနဲ့ ကျွန်တော် အလေးအနက်လေးစားစွာ ဖြေကြားအပ်ပါတယ်လို့ ဖြေဆိုခဲ့ပါတယ်။

အဲဒီတော့ အဲဒီလိုဖြေကြားတဲ့အခါမှာ ဒေသကလူတွေလည်း ဝမ်းသာအားရနဲ့ ဆေးရုံမြေနေရာ တွေရှာတဲ့အခါ ကိုးဧကရရှိပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ တိုးမွန်းဆေးရုံဆောက်မယ့်မြေဧက ကိုးဧကရှိတဲ့ ပုံစံ(၁၀၅)။ ဒါ ပုံစံ(၁၀၆)ဖြစ်ပါတယ်။ ဒါကတော့ ဆေးရုံမြေနေရာအတွက် ယန္တရားနဲ့ရှင်းခဲ့ပြီးတော့ ယခုအခါမှာ ဖုန်းဆိုးတောထနေတဲ့နေရာ ဖြစ်ပါတယ်။ ဒါကတော့ ဝန်ကြီးဖြေပေးခဲ့တဲ့အဖြေဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ဝန်ကြီးပြောသလို တိုက်နယ်ဆေးရုံဝန်ထမ်းဖွဲ့စည်းပုံလည်းမကျ၊ ဆေးရုံဆောက်ရန်ဘတ်ဂျက်ငွေလည်း မပါ၊ ပြီးတော့ အဲဒီအခါမှာ ကျွန်တော်က ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတွေကို လူကိုယ်တိုင် တစ်ကြိမ်၊ နှစ်ကြိမ်သွားရောက်ပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ ၎င်းအပြင် ပြည်သူ့လွှတ်တော် အာမခံ/ကတိကော်မတီကိုလည်း တင်ပြအကူအညီတောင်းခံခဲ့ပါတယ်။ အဲဒီအခါ ပြည်ထောင်စု ဝန်ကြီးကလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူချက်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနရဲ့သဘောတူညီချက်များလိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ၂၀၁၆-၂၀၁၇ ခုနှစ်က ပေးထားတဲ့ကတိကို ၂၀၁၈-၂၀၁၉ ခုနှစ်ထိလည်းမပါ၊ လာမယ့် ၂၀၁၉-၂၀၂၀ ခုနှစ်မှာလည်း

မျှော်လင့်လို့မရဖြစ်နေတဲ့အတွက် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေနဲ့ ကျွန်တော်တို့ဒေသကိုလာရောက်ကြည့်ရှုပြီးတော့မှ ဝန်ကြီးဌာနကို ထိန်းကျောင်းတည့်မတ်ပေးစေလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ပြောချင်တာကတော့ ကျွန်တော်တို့မြို့နယ်မှာကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မြို့နယ်များမှာလည်းပဲ အလားတူဖြစ်စဉ်များရှိနိုင်ပါတယ်။ အဲဒီတော့ ဝန်ကြီးက ကတိပေးပြီးတဲ့အခါမှာ အဲဒီကတိကဝတ်ကို သေချာစွာအကောင်အထည်ပေါ်အောင် ဆောင်ရွက်နိုင်ဖို့နဲ့ ပေးထားတဲ့ကတိကို ပြည်သူများက မျှော်လင့်တကြီးဖြစ်တဲ့အတွက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေနဲ့အမြန်ဆုံးထိန်းကျောင်းပြီး စစ်ဆေးဆောင်ရွက်ပေးဖို့တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စလင်းမဲဆန္ဒနယ်မှ ဦးကံဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကံဦး(စလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံဦးဖြစ်ပါတယ်။ ကျွန်တော်က ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အကြောင်းပြုပြီးတော့ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးမှာကတော့ ကော်မတီကို အကူအညီတောင်းခံခြင်းက အဓိကဖြစ်ပါတယ်။ ပထမအချက်ကဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့အစီအစဉ် (၁၈-၅-၂၀၁၆ ရက်နေ့)က ပြည်သူ့လွှတ်တော်သို့ ကျွန်တော်မေးခဲ့သော ဘုန်းတော်ကြီးသင်ပညာရေး ဆရာဆရာမများ၏လစာကို အစိုးရမူလတန်းဆရာဆရာမများ၏နည်းတူ လစာတိုးပေးနိုင်ခြင်းရှိ/မရှိကိုမေးခွန်းမေးခဲ့ရာမှာ ဝန်ကြီးကဖြေရာ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နှစ်ဆတိုးပေးမည်ဖြစ်ကြောင်း ဖြေကြားခဲ့သဖြင့် ယခုအချိန်တွင်လည်း တိုးပေးတော့မည့်အစီအစဉ်ရှိ/မရှိကိုလည်းသိလိုပါတယ်။

ဒုတိယအချက်ကတော့ စလင်းမြို့နယ်၊ သနပ်ကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ၏ ခြောက်ပင်ကျွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သားဖွားဆရာမတစ်ဦးချထားပေးနိုင်ရေးကိုကြယ်ပွင့်မပြမေးခွန်းမေးရာ ဝန်ကြီးဖြေကြားရာတွင် မြေယာအဆောက်အဦရှိပါက သွားဖွားဆရာမတစ်ဦးခန့်ထားပေးမည်ဟု ဖြေခဲ့သော်လည်း ယခုတိုင်မရသေးသည့်အတွက် ကော်မတီအနေဖြင့်

၎င်းကိစ္စလေးကိုလည်း ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေဖြင့် အရေးကြီးဆုံးသော အခက်အခဲတစ်ခုကို တင်ပြမည်ဖြစ်ပါတယ်။ ၁၉-၈-၂၀၁၈ ရက်နေ့မှ ၃-၉-၂၀၁၈ ရက်နေ့အထိ ကျွန်တော်တို့ စလင်းမြို့နယ် တစ်မြို့နယ်လုံး လယ်ယာမြေအားလုံးအတွက် ရေသောက်သုံးတဲ့နေရာဖြစ်တဲ့ စလင်းဆည်ကြီး၏ ရေပိုလွှဲအစိတ်အပိုင်းသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့ရပါသည်။ ရွာအများစုလည်း ရေလွှမ်းမိုးခံရပါတယ်။ ပြည်သူအများစုလည်း ပျက်စီးခဲ့ရပါတယ်။ နိုင်ငံတော်မှလည်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရသောသီးနှံများအတွက်လည်း ထောက်ပံ့ကြေးများလည်း ပေးခဲ့ပါတယ်။

Power Point ပြပေးရန် တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အရေးပေါ်ပြုပြင်ရေးကို ဆောင်ရွက်နေခဲ့ပါတယ်။ သို့သော်လည်း ယခုအချိန်တွင် အထက်ပါဝန်ကြီးဌာနမှ ၎င်းရေပိုလွှဲပြုပြင်ရေးကိစ္စကို ဘဏ္ဍာငွေမလုံလောက်၍ လုပ်ငန်းစဉ်များရပ်ဆိုင်းထားရပါတယ်။ ၎င်းကိစ္စအရေးပေါ်ဖြစ်နေပြီး ဝန်ကြီးဌာနမှပြုပြင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေသဖြင့် ရေပိုလွှဲကျိုးပေါက်စဉ်ကာလက လွှတ်တော်သို့ ကျွန်တော် တင်ပြခဲ့ခြင်းမရှိပါဘူး။ သို့သော် ၁၅-၅-၂၀၁၉ ရက်နေ့က ပြည်သူတွေက ကျွန်တော့်ကို အရေးတကြီးတင်ပြလာပါတယ်။ ဒါကြောင့်မို့လို့ ၁၈-၅-၂၀၁၉ ရက်နေ့က ကျွန်တော် ၎င်းနေရာကိုသွားရောက်ပြီးတော့ ကြည့်ရှုခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် ကျွန်တော်သွားရောက်ပြီးတော့ စစ်ဆေးကြည့်ရှုခဲ့ပါတယ်။ အဲဒီတော့ ၂၃-၅-၂၀၁၉ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ကြယ်ပွင့်မပြမေးခွန်းအဖြစ် ကျွန်တော် မေးခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းကိစ္စသည် ဝန်ကြီးဌာနမှ လွှတ်တော်သို့ ဝန်ခံကတိပြုခဲ့သောကိစ္စမဟုတ်သော်လည်းပဲ အရေးပေါ်အခြေအနေတစ်ရပ် ဌာနဆိုင်ရာမှ ပြုပြင်ရသောကိစ္စဖြစ်နေပါသည်။ အကယ်၍ အချိန်မီပြုပြင်မပေးပါက ဆွာမြို့မှာကဲ့သို့ ကျွန်တော်တို့ စလင်းမြို့နယ်မှပြည်သူများလည်းပဲ ရေးဘေးဒုက္ခနှင့်ကြုံတွေ့နိုင်ပါသည်။ ဒါကြောင့်မို့လို့ ဒီဟာကို အချိန်မီပြင်ဆင်မပေးလို့ရှိရင် ကျေးရွာပေါင်း ၉၅ ရွာ၊ အိမ်ထောင်စုပေါင်း ၁၁၁၄၀ နှင့် ပြည်သူလူထုပေါင်း ၄၉၆၀၆ ယောက်သော ပြည်သူများဟာ ရေဘေးသင့်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် ပြည်သူတွေရဲ့ဘေးသင့်မယ့်ကိစ္စကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်

ဒုတိယဥက္ကဋ္ဌကြီးနှင့် ကော်မတီဥက္ကဋ္ဌကြီးတို့ကို လေးစားစွာမေတ္တာရပ်ခံချင်တာက ကျွန်တော်တို့ရဲ့ အခက်အခဲကိုကူညီပေးပါလို့ တောင်းပန်ရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကျန်းမာ၊ ချမ်းသာပါစေ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာမှာ လေ့လာတွေ့ရှိချက်ကို ဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ အစီရင်ခံစာမှာ ပါတဲ့ ကော်မတီရဲ့တွေ့ရှိသုံးသပ်ချက်ထဲမှာ လွှတ်တော်ကတိကဝတ် ၅၀ ရာခိုင်နှုန်းသာ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ တွေ့ရပါတယ်။ ဒီလို လွှတ်တော်ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ၅၀ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ရတဲ့အကြောင်းအရင်းတွေ ကတော့ ရေရှည်ဆောင်ရွက်ရမယ့်လုပ်ငန်းများဖြစ်ခြင်း၊ တကယ့်မြေပြင်မှာ ဆောင်ရွက်ရာမှာ မြေနေရာရရှိမှုအခက်အခဲရှိခြင်း၊ ဝန်ထမ်းဖွဲ့စည်းပုံဖြည့်တင်းရာမှာ ကြန့်ကြာမှုရှိခြင်းနှင့် ဘတ်ဂျက်ငွေ မရရှိခြင်းတို့ကြောင့် ဖြစ်တယ်လို့ဖော်ပြထားပါတယ်။ ဒီအပေါ်မှာ ကျွန်တော့်အနေနဲ့ ထပ်မံဖြည့်စွက် ဆွေးနွေးလိုတာကတော့ ဒီလွှတ်တော်ကတိကဝတ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လွှတ်တော်ကတိကဝတ်များကို အလေးထားမှုအားနည်းခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်းနှင့် ထိထိ ရောက်ရောက်ကြီးကြပ်ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် ဖြစ်တယ်လို့ ထပ်မံဖြည့်စွက်ဆွေးနွေးလို ပါတယ်။ ဒီကိစ္စနဲ့စပ်လျဉ်းပြီးတော့ လှိုင်မြို့နယ်နဲ့သက်ဆိုင်တဲ့မေးခွန်းနှစ်ခုကို တင်ပြဆွေးနွေး လိုပါတယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ၂၃-၂-၂၀၁၇ ရက်နေ့မှာ လှိုင်မြို့နယ်၊ ဘုရင့်နောင်အိမ်ရာ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းခဲ့တာ ဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကနေပြီးတော့ ဘုရင့်နောင်အိမ်ရာဟာ မြို့ပြဖွဲ့စည်းပုံအရ မြေနေရာ ကောင်းများဖြစ်ပြီးတော့ ရန်ကုန်မြို့ရဲ့အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့်အခြေအနေရှိ သဖြင့် စနစ်တကျ Plan ရေးဆွဲပြီးတော့ ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဌာနက သုံးသပ်ထားကြောင်း၊ ၎င်းအိမ်ရာများက အရောင်းအိမ်ရာများဖြစ်တဲ့အတွက် လက်ရှိအဆောက်အဦ

များမှာနေထိုင်သူ ပိုင်ရှင်များအနေနဲ့ မိမိတို့ရဲ့စုပေါင်းအစီအစဉ်နဲ့ ပြန်လည်တည်ဆောက်နိုင်ပြီး ဌာနအနေနဲ့ လိုအပ်တာများကို ညှိနှိုင်းပြီးဆောင်ရွက်ပေးသွားမယ်လို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။ ဒါကတော့ ဘုရင့်နောင်အိမ်ရာဖြစ်ပါတယ်။ ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ အိမ်ရာနေထိုင်တဲ့ပြည်သူလူထုတို့ အိမ်ရာတည်ဆောက်ရေးအတွက် တွေ့ဆုံဆွေးနွေးတဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်။ ဒါကတော့ အိမ်ရာမှာနေထိုင်သူများဟာ အိမ်ရာပြန်လည်တည်ဆောက်ရေးအတွက် မျှော်လင့်ချက်ကြီးစွာ၊ စိတ်အားထက်သန်စွာနဲ့ အားတက်သရောလာရောက်တက်ရောက်တဲ့အတွက် ဒီခန်းမကြီးနဲ့မဆံ့ဘဲနဲ့ ပြတင်းပေါက်အပြင်ဘက်ကနေပြီးတော့ မတ်တက်ရပ်ပြီးတော့ အစည်းအဝေးတက်ခဲ့ကြတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ အိမ်ရာတည်ဆောက်ရေးအတွက် Master Plan ရေးဆွဲဖို့နဲ့ အဆောက်အဦဗိသုကာဒီဇိုင်းပုံစံစိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့တာဖြစ်ပါတယ်။ ဥက္ကဋ္ဌကတော့ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဖြစ်ပြီးတော့ အတွင်းရေးမှူးကတော့ မြို့ပြနှင့်အိမ်ရာညွှန်ကြားရေးမှူးဖြစ်ပါတယ်။ ဒီအဖွဲ့ထဲမှာ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများပါဝင်ဖွဲ့စည်းထားခဲ့ပါတယ်။

ဒါပေမဲ့ အခုအချိန်ထိ နှစ်နှစ်ကျော်ကာလအတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်ပြီးတော့ စီမံကိန်းထဲမှာပါတဲ့ အစိုးရဓာတ်ဆီဆိုင်ရွှေ့ပြောင်းပေးဖို့ကိစ္စ သဘောတူညီချက်ရရှိတာရယ်၊ အဆောက်အဦတည်ဆောက်ဖို့အတွက် Building Guide Line ရေးဆွဲနိုင်တာရယ် ဒီနှစ်ခုပဲ ကျွန်တော်တို့ လုပ်နိုင်ခဲ့ပါတယ်။ ဒီစီမံကိန်းကိုဆောင်ရွက်ရာမှာ အရမ်းကိုနှေးကွေးလေးလံပြီးတော့ ကြန့်ကြာမှုရှိတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုမျိုး လွှတ်တော်ကတိကဝတ်များကို အလေးထားပြီးတော့ ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးဖို့ ထပ်မံတိုက်တွန်း အပ်ပါတယ်။

ဒါကတော့ ၁-၁၂-၂၀၁၆ ရက်နေ့မှာ လှိုင်မြို့နယ် စက်မှုဝန်ကြီးဌာနပိုင်မြေနေရာမှာ မူလတည်ရှိခဲ့တဲ့ ကလေးကစားကွင်းနဲ့ပန်းခြံ ပြန်လည်ပေးအပ်ဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းခဲ့တာဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက လာရောက်ဖြေဆိုရာမှာ ဒီနေရာမှာ ဌာနက တရားဝင်ငှားရမ်းထားတဲ့ အဆောက်အဦတွေလည်းရှိတယ်။ ဥပဒေမဲ့အဆောက်အဦ ဆောက်လုပ်နေခြင်းလည်းရှိတယ်။ ဥပဒေမဲ့အဆောက်အဦ ဆောက်လုပ်နေခြင်းကို စုံစမ်းစစ်ဆေးပြီးတော့ အရေးယူသွားမည်ဖြစ်ကြောင်း စာချုပ်ပြည့်ပါက နိုင်ငံပိုင်မြေအဖြစ် ပြန်လည်အသုံးပြုမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။ ဒါကတော့ မေးခွန်းမေးစဉ်ကာလတုန်းက မြေကြီးတူးတဲ့အဆင့်ပဲရှိသေးတဲ့

အဆောက်အဦဖြစ်ပါတယ်။ ဒီအဆောက်အဦဟာ အခုတော့ မေးခွန်းမှာဖြေဆိုတဲ့အတိုင်း တစ်စုံတစ်ရာအရေးယူဆောင်ရွက်မှုမရှိဘဲနဲ့ အခုအချိန်မှာ အလုံးစုံပြီးစီးသွားပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးရလို့ရှိရင် လွှတ်တော်ကတိကဝတ်များကို သက်ဆိုင်ရာဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အလေးအနက်ထားပြီးတော့ အလေးထားဆောင်ရွက်ပေးဖို့၊ ကောင်းမွန်စွာစီမံခန့်ခွဲဖို့၊ ထိထိရောက်ရောက်ကြီးကြပ်ဆောင်ရွက်သွားဖို့ လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီက ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးနိုင်(အဖွဲ့ဝင်၊အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ၃၀-၅-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့တွင် ကော်မတီမှ တင်သွင်းထားတဲ့အစီရင်ခံစာ(၁/၂၀၁၉)နဲ့စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးဆွေးနွေးချက်အပေါ် ကော်မတီရဲ့တာဝန်ပေးချက်အရ ပြန်လည်ဆွေးနွေးသွားမယ့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးမျိုးနိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်ရန်အတွက် သတ်မှတ်ချိန်ထက် အနည်းငယ်ပိုခွင့်ပြုပေးပါရန် လေးစားစွာတောင်းခံအပ်ပါတယ်။ ပထမဦးစွာ အစီရင်ခံစာအပေါ် စိတ်ဝင်တစားဆွေးနွေးအကြံပြုသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးအား အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့တာဝန်များရှိပါတယ်။ (က) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ပေးခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိဆောင်ရွက်ပြီးကြောင်း၊ (ခ) အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ဆောင်ရွက်ပြီးလျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့်ကာလအတွင်း

သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးမှုရှိ/မရှိ၊ ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ထိရောက်မှန်ကန်စွာဆောင်ရွက်ထားခြင်းရှိ/မရှိ စိစစ်နိုင်ရန်အတွက် လိုအပ်သည့်နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်ဆိုပြီး ကျွန်တော်တို့ကော်မတီရဲ့တာဝန်များဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးကြတဲ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးစလုံးဟာ ဒီအချက်တွေပေါ်မှာမူတည်ပြီး ဆွေးနွေးတယ်လို့ ကျွန်တော်တို့မြင်ပါတယ်။

ပထမဦးဆုံးအနေနဲ့ ဦးနိုင်နိုင်ဝင်း၊ တမူးမဲဆန္ဒနယ်ရဲ့ လုပ်ငန်းခွင့်ပြုငွေနည်းတဲ့ကိစ္စနဲ့ ဒေါ်ခင်သန်းနု၊ မင်းတုန်းမဲဆန္ဒနယ်ရဲ့ ဘတ်ဂျက်မဖြတ်တောက်ရေးကိစ္စများတွေဟာ ကျွန်တော်တို့ကော်မတီနဲ့တော့ တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော်လည်း ကော်မတီမှာ ကိုယ်စားလှယ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်းဖို့ Channel တစ်ခုဖွင့်ထားပါတယ်။ အဲဒါကိုလည်း ကျွန်တော်တို့ ပန်ကြားလွှာမှာ ပြီးခဲ့တဲ့နှစ်လပိုင်းကတည်းက ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး၌ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့်အဆိုများ တင်သွင်းမေးမြန်းခဲ့သောမေးခွန်း၊ အဆိုများထဲမှ ကတိအဖြစ်သတ်မှတ်ခြင်းခံရသည့်လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ (က) အရည်အသွေးပြည့်မီမှုရှိ/မရှိ၊ (ခ) သတ်မှတ်ကာလအတွင်းလုပ်ငန်းလျာနှုန်းပြီးစီးမှုရှိ/မရှိ၊ (ဂ) ကွင်းဆင်းစစ်ဆေးပေးရန်လို/မလို ဆောင်ရွက်ဆဲအခြေအနေ စသည့်အချက်အလက်များအား ပြည်သူ့လွှတ်တော်အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီထံသို့ အကြောင်းကြားပေးပို့ရန် မေတ္တာရပ်ခံခဲ့ပါတယ်။ ထိုသို့ပေးပို့လာပါက ကော်မတီ၏လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်တွေ့ရှိချက်များနှင့် ကိုက်ညီခြင်းရှိ/မရှိတို့ကို တိုက်ဆိုင်စစ်ဆေးနိုင်မည်ဖြစ်ပြီး ကတိဖြစ်လုပ်ငန်းများ ယခင်ထက်ပိုမိုထိရောက်အောင်မြင်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ထို့အပြင် လိုအပ်ပါက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်က ကော်မတီသို့ဖိတ်ကြားဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် တွေ့ဆုံညှိနှိုင်းပေးခြင်း၊ ကော်မတီက သက်ဆိုင်ရာနယ်မြေဒေသများသို့ သွားရောက်စစ်ဆေးပေးခြင်းတို့ကို တစ်ဆက်တည်းဆောင်ရွက်သွားမည်ဖြစ်သည်ဆိုပြီးတော့ ကျွန်တော်တို့ပန်ကြားလွှာပေးပို့ခဲ့ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ ဒီနေ့ဆွေးနွေးတဲ့အထဲမှာ ဒေါ်အေးမြမြမျိုးရဲ့ ကတိအဖြစ်ကပယ်ဖျက်တဲ့ကိစ္စဆိုတာလည်း ကျွန်တော်တို့ကော်မတီမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေ တင်ပြ

လာလို့ ဒါတွေကို ညှိနှိုင်းဆောင်ရွက်ရတာပါ။ ကော်မတီက လွှတ်တော်သို့အစီရင်ခံတင်သွင်းပြီးနောက် လွှတ်တော်အတည်ပြုချက်ရရှိသည့်လုပ်ငန်းများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဆက်လက်ဆောင်ရွက်ရန်အခက်အခဲရှိလာခြင်း၊ နယ်မြေခံဒေသများက လက်ခံရန်ငြင်းဆန်ခြင်းတို့ပေါ်ပေါက်လာသဖြင့် ကတိအဖြစ်သတ်မှတ်ထားမှ ပယ်ဖျက်ရန်တောင်းဆိုလာသည့်အခါ ကော်မတီက ကတိအဖြစ် ပယ်ဖျက်နိုင်ခြင်းမရှိပါဘူးခင်ဗျား။ ဒါကြောင့်မို့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ကို ဦးစွာခေါ်ယူပြီး၊ သဘောထားညှိနှိုင်းပြီး ဝန်ကြီးဌာနနှင့်ညှိနှိုင်းဆောင်ရွက်ရပါတယ်။ ထိုသို့ပြီးတဲ့အခါမှာ ကတိအဖြစ်ပယ်ဖျက်ရန် သဘောတူတာလည်း လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက်ရယူခြင်းတို့ ပြုလုပ်ရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ကော်မတီအနေနဲ့ ကတိအဖြစ်ပယ်ဖျက်ခွင့်မရှိတဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေမှာ တချို့အခက်အခဲဖြစ်ပါတယ်။ ဥပမာဆိုရင် ဆက်သွယ်ရေးလိုင်းတာဝါတိုင်များစိုက်ဖို့ကိစ္စဆိုရင် နယ်မြေဒေသလုံခြုံမှုမရှိတာတို့၊ နယ်မြေဒေသလမ်းပန်းဆက်သွယ်ရေးခက်ခဲတာတို့ ဖြစ်လာတဲ့အခါမှာ ဒါမျိုးတွေ ဝန်ကြီးဌာနက ကျွန်တော်တို့ကော်မတီကိုတင်ပြပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာကိုယ်စားလှယ်နှင့်ညှိနှိုင်းလို့ ဒါလေးတွေ ကျွန်တော်ဆောင်ရွက်ပါတယ်။

နောက်တစ်ခုကတော့ ဆရာဦးမင်းနောင်တို့၊ ဦးကံဦးတို့၊ ဦးအောင်ကျော်ကျော်ဦးတို့ဟာလေးတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ပိုပြီးရှင်းလင်းလွယ်ကူစေရန် Power Point ဖြင့်ရှင်းလင်းခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကနေပြီးတော့ ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများနှင့်ပတ်သက်ပြီး မှတ်တမ်းဖြစ်ပါတယ်။ ဒါဆိုရင်အဆိုပေါင်း ၁၀၅ ခုရှိပါတယ်။ အတည်ပြုအဆိုက ၄၆ ခုရှိပါတယ်။ ဆောင်ရွက်ပြီးတာက ၁၉ ခုပါ။ ဆောင်ရွက်ဆဲက ၂၇ ခုပါ။ မှတ်တမ်းတင် ၃၇ ခုပါ။ မှတ်တမ်းတင်စောင့်ကြည့် ၂၀ ပါ။ အတည်မပြုတဲ့အဆို တစ်ခုပါ။ ဆွေးနွေးရန်မရှိတဲ့အဆို တစ်ခုပါ။ ကြယ်ပွင့်ပြမေးခွန်းပေါင်းက ၁၄၆၅ ခုရှိပါတယ်။ ကတိဖြစ်တာ ၃၆၂ ခုရှိပါတယ်။ ဆောင်ရွက်ပြီးတာ ၁၇၂ ခုရှိပါတယ်။ ဆောင်ရွက်ဆဲက ၁၉၀ ရှိပါတယ်။ ကတိမဖြစ်တာက ၁၀၂၂ ခုပါ။ ရှင်းလင်းချက်က ၈၁ ခုဖြစ်ပါတယ်။ ကြယ်ပွင့်မပြမေးခွန်းပေါင်းက ၅၉၃၄ ခုရှိပြီး ကတိဖြစ်တာက ၁၈၀၅ ခုဖြစ်ပါတယ်။ ဆောင်ရွက်ပြီးတာက ၉၁၉ ခုဖြစ်ပါတယ်။ ဆောင်ရွက်ဆဲက ၈၈၆ ခုဖြစ်ပြီး ကတိမဖြစ်တာ ၂၄၉၅ ခုဖြစ်ပါတယ်။ ရှင်းလင်းချက်က ၁၆၃၄ ခုဖြစ်ပါတယ်။ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ကျော်ကျော်ဦး ဆွေးနွေးသွားတဲ့အထဲမှာပါပါတယ်။ ကျွန်တော်ဒါလေးကို ဆက်ပြီးဖြေရှင်းပေးပါရစေ။

**မူကြမ်း**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့်အဆိုနှင့်မေးခွန်းများအပေါ် သုံးသပ်ကြည့်ပါက လုပ်ငန်းပြီးစီးသွားသည်မှာ ၄၉.၂၆ ရာခိုင်နှုန်းရှိနေပြီး ဆောင်ရွက်ဆဲလုပ်ငန်းမှာ ၅၀.၇၄ ရာခိုင်နှုန်း ကျန်ရှိနေတာဖြစ်ပါတယ်။ ဒါတွေက ဆောင်ရွက်နေပါတယ်။ လုပ်ငန်းပြီးစီးတာက ၄၉ ရာခိုင်နှုန်းပါ။ အဲဒီတော့ ဒီလုပ်ငန်းကျန်တွေ ဘာကြောင့်ကျန်နေသလဲဆိုတဲ့နေရာမှာ ရေရှည်ဆောင်ရွက်ရမယ့်လုပ်ငန်းများဖြစ်နေခြင်း၊ အမှန်တကယ်လိုအပ်သဖြင့် ဝန်ကြီးဌာနက ကတိအဖြစ်သတ်မှတ်ဆောင်ရွက်ပေးလိုက်သော်လည်း ပကတိမြေပြင်အခြေအနေတွင် မြေနေရာအလွယ်တကူမရရှိ၍ ကြန့်ကြာနေရခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝန်ထမ်းဖွဲ့စည်းပုံချမှတ်ပေးရန်ပကတိဖြစ်ခဲ့သော်လည်း ဝန်ထမ်းနေရာခန့်ထားရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏သဘောတူညီချက်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခွင့်ပြုချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့ထံတင်ပြအတည်ပြုချက်ရယူခြင်းတို့အပါအဝင် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု အစီရင်ခံစာအပေါ်အခြေခံသော အမိန့်ကြော်ငြာစာထုတ်ပြန်ထားချက်ပါ ပူးတွဲပါရှိအောင်ဆောင်ရွက်နေရသဖြင့် ကြန့်ကြာနေခြင်းဖြစ်ပါတယ်။ ဒါဟာလည်း အခုနက ဦးမင်းနောင်တို့၊ ဆရာဦးကံဦးတို့ ဆွေးနွေးတာလေးတွေ၊ ကျွန်တော်တို့ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဝန်ထမ်းဖွဲ့စည်းပုံတွေနဲ့ပတ်သက်ပြီး ကြန့်ကြာနေခြင်း ဖြစ်ပါတယ်။ နောက်တစ်ခု ကတိဖြစ်သော်လည်း ဘတ်ဂျက်မရရှိသေး၍ ဆောင်ရွက်ရန် ကျန်ရှိနေတဲ့လုပ်ငန်းများကိုလည်း ဆောင်ရွက်ဆဲအဖြစ် သတ်မှတ်ထားရှိကြောင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့က အစီရင်ခံစာ(၂/၂၀၀၈)မှာ ပြည်ထောင်စုဝန်ကြီးများက လွှတ်တော်တွင် ဖြေကြားရာ၌ နှစ်အလိုက် ဘဏ္ဍာငွေလျာထားတင်ပြတောင်းခံပြီးဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးမည်ဟုဆိုပါက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကတိဖြစ်သည်ဟု လွဲမှားစွာမှတ်ယူနေကြောင်း သိရှိရပါတယ်။ ထိုသို့ဖြေကြားပါက ကတိမဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဝန်ကြီးဌာနများမှ လွှတ်တော်တွင် မေးခွန်းများဖြေဆိုရာ၌ ကတိအဖြစ် သတ်မှတ်လုပ်ဆောင်ပေးမည့်လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ပေးမည့်ဘဏ္ဍာရေးနှစ်၊ ဘတ်ဂျက်နှစ်အလိုက်ကို တိကျစွာသတ်မှတ်၍ ဖြေကြားပေးရန် အကြံပြုထားပြီး ဖြစ်ပါတယ်။ ပုံမှန်အစည်းအဝေးများတွင် ဝန်ကြီးဌာနအလိုက် ကတိဖြစ်ခဲ့တဲ့ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်း၊ အတည်ပြုအဆိုများနှင့်ပတ်သက်၍ကတိဖြစ်သည့်အတိုင်း သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းပြီးစီးအောင် ဆောင်ရွက်ပေးရန်

ကျွန်တော်တို့ထပ်မံအကြံပြုထားပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက စိမ်ကိန်းရေးဆွဲရာတွင် ဘတ်ဂျက်၌ ဦးစားပေးထည့်သွင်းတတ်ရန်လည်း ထပ်မံအကြံပြုထားပြီးဖြစ်ပါတယ်။ နောက်အစီရင်ခံစာ(၂/၂၀၁၇)မှာလည်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင် ကတိအဖြစ်သတ်မှတ်ပြီးသော မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်ရန်အားနည်းနေ၍ဖြစ်စေ၊ ဝေဖန်ထောက်ပြစရာရှိ၍ဖြစ်စေ၊ အခြားသော အကြောင်းတစ်စုံတစ်ရာရှိ၍ဖြစ်စေ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၀ နည်းဥပဒေခွဲ(စ)အရ လွှတ်တော်သို့ ထပ်မံမေးခွန်းမေးမြန်းခြင်းမပြုဘဲ ကော်မတီသို့ ဆက်သွယ်တိုင်ကြားပေးစေလိုပါတယ်။ သို့မှသာ ကော်မတီမှကတိပြုထားတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းကာ လုပ်ငန်းများအကောင်အထည်ဖော်ရန် တိုက်တွန်းပေးသွားမယ်လို့လည်း ကျွန်တော်တို့ကော်မတီက ဖိတ်ခေါ်ထားပါတယ်။

ဒါဆိုရင် ကျွန်တော်တို့ကော်မတီကို လာရောက် တိုင်ကြားကြပြီးတော့ ဝန်ကြီးဌာနနှင့် ညှိနှိုင်းကြတဲ့ လွှတ်တော်ကိုယ်စားလှယ် အကြိမ်ပေါင်း ၁၀၇ ခု ရှိပါပြီ။ ဒါလည်း အားလုံးဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ကော်မတီအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လွှတ်တော်အတွင်းမှာ ကတိဖြစ်ခဲ့တဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ အစဉ်အမြဲဖိတ်ခေါ်ပြီးတော့ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကြားဖြတ်အစီအစဉ်တစ်ခုအရ မှာကြားလိုတာ ရှိပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ တာဝန်ရှိ ပုဂ္ဂိုလ်နှင့် ဦးကံဦးရဲ့တင်ပြချက်နှင့်စပ်လျဉ်းပြီး လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန်ရှိပါသဖြင့် ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ရုံးကို အစည်းအဝေးအပြီးမှာ လာရောက်တွေ့ဆုံဖို့ ဖိတ်ကြားအပ်ပါတယ်။

# ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးနိုင်(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဝင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်ပေးအပ် ချက်အရ ကော်မတီရဲ့အစီရင်ခံစာ(၁/၂၀၁၉)ကို လွှတ်တော်ကအတည်ပြုနိုင်ရန် အဆိုတင်သွင်းသွား မှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေးအထိ အတည်ပြုခဲ့သည့်အဆိုများ၊ ကတိဖြစ်ခဲ့သည့်မေးခွန်းများကို စိစစ်၍ တွေ့ရှိချက် များ၊ သုံးသပ်ချက်များနှင့် အကြံပြုချက်များပါရှိသည့် ကော်မတီရဲ့အစီရင်ခံစာ(၁/၂၀၁၉)ကို ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၏ (၁၃)ရက်မြောက်နေ့ဖြစ်တဲ့ ၃၀-၅-၂၀၁၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ အစီရင်ခံစာတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ အစီရင်ခံ စာနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များကို ၃၀-၅-၂၀၁၉ ရက်နေ့မှ ၃၁-၅-၂၀၁၉ ရက်နေ့အထိ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့ရာ

| | | |
|---|---|---|
| (၁) | ဦးနိုင်နိုင်ဝင်း | တမူးမဲဆန္ဒနယ်၊ |
| (၂) | ဒေါ်အေးမြမြမျိုး | ကျောက်တန်းမဲဆန္ဒနယ်၊ |
| (၃) | ဒေါ်ခင်သန်းနု | မင်းတုန်းမဲဆန္ဒနယ်၊ |
| (၄) | ဦးမင်းနောင် | ပင်လည်ဘူးမဲဆန္ဒနယ်၊ |
| (၅) | ဦးကံဦး | စလင်းမဲဆန္ဒနယ်နှင့် |

(၆) ဦးအောင်ကျော်ကျော်ဦး လှိုင်မဲဆန္ဒနယ်တို့က အမည်စာရင်း တင်သွင်းပြီး ယနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၏ (၁၄)ရက်မြောက်နေ့တွင် ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါဆွေးနွေးချက်များကိုလည်း ကော်မတီမှပြန်လည်ဆွေးနွေးပြီး ဆွေးနွေးချက်များကိုလည်း ကော်မတီတွင် မှတ်တမ်းတင်ထားရှိမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ ပုဒ်မခွဲ(ဃ)နှင့်အညီ ကော်မတီ၏ အစီရင်ခံစာ(၁/၂၀၁၉)ကို လွှတ်တော်မှ သဘောတူလက်ခံအတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုကြောင်း ကြေညာပါတယ်။

**ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က တင်သွင်းသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းသော ဈေးကွက်ဝင်သီးနှံပင်များ ပိုမိုစိုက်ပျိုး ဖြစ်ထွန်းလာစေရေး၊ စိုက်ပျိုးရေးပညာရှင်များဖြင့် လက်တွေ့နည်းပညာရပ်များပေးနိုင်မည့် စံပြစိုက်ကွက်များဖော်ဆောင်ပေးခြင်း၊ စိုက်ကွင်းစိုက်ကွက်များအရောက် ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာရပ်များ ကူညီပံ့ပိုးပေးခြင်းတို့ဖြင့် လယ်ယာသီးနှံ စိုက်ပျိုးရေးနည်းပညာရပ်များ ပိုမိုထွန်းကားလာစေရေး အင်တိုက်အားတိုက်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကိုလွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးထွန်းထွန်းနိုင် ကနီမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပဉ္စမနေ့(၁၀-၅-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်

ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းသော စျေးကွက်ဝင်သီးနှံပင်များ ပိုမိုစိုက်ပျိုးဖြစ်ထွန်းလာစေရေး၊ စိုက်ပျိုးရေးပညာရှင်များဖြင့် လက်တွေ့နည်းပညာရပ်များပေးနိုင်မည့် စံပြစိုက်ကွက်များ ဖော်ဆောင်ပေးခြင်း၊ စိုက်ကွင်းစိုက်ကွက်များအရောက် ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာရပ်များ ကူညီပံ့ပိုးပေးခြင်းတို့ဖြင့် လယ်ယာသီးနှံစိုက်ပျိုးရေးနည်းပညာရပ်များ ပိုမိုထွန်းကားလာစေရေး အင်တိုက်အားတိုက် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ် သုံးဦးရှိပါတယ်။ ပထမဦးစွာ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကနီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ အဆိုရှင်ဟာဆိုရင် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်နေတဲ့ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားရေးဘဝများကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စေတနာဖြင့်တင်တဲ့ အဆိုတစ်ရပ်ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ထောက်ခံရခြင်းဖြစ်ပါတယ်ခင်ဗျား။ အဆိုရှင်တင်သွင်းသွားတဲ့အထဲမှာ အဓိကနှစ်ချက်ကို တွေ့ရပါတယ်။ ပထမအချက်ဖြစ်တဲ့ စံပြစိုက်ကွက်များဖော်ဆောင်ပေးရန်၊ ဒုတိယအချက်ကတော့ စိုက်ပျိုးရေး နည်းပညာရပ်များကို ကူညီထောက်ပံ့ပေးရန်ဆိုတဲ့အချက်နှစ်ချက်ကို တွေ့ရပါတယ်။ ပထမအချက်ဖြစ်တဲ့ စံပြစိုက်ကွက်များဖော်ဆောင်ပေးခြင်းဟာ စိုက်ပျိုးရေးလုပ်ကိုင်ဆောင်ရွက်နေတဲ့ တောင်သူများကို ယုံကြည်ချက်ပိုမိုရရှိစေပါတယ်။ အစိုးရအနေဖြင့် ဘယ်လိုစနစ်တကျ စိုက်ပျိုးရမယ်ဆိုတဲ့ အချက်ကို ကိုယ်တိုင်ကိုယ်ကျလုပ်ကိုင်ဆောင်ရွက်ပေးခြင်းအားဖြင့် တောင်သူလယ်သမားများရဲ့ စိုက်ချင်၊ ပျိုးချင်စိတ်ရှိအောင် အားဆေးတစ်ခွက်တိုက်ကျွေးသလို ဖြစ်ပါတယ်ခင်ဗျား။

ဒုတိယတစ်ချက်ဖြစ်တဲ့ စိုက်ပျိုးရေးနည်းပညာရပ်များ ကူညီထောက်ပံ့ပေးရန်ဆိုတဲ့အချက်ကလည်း အရေးကြီးပါတယ်ခင်ဗျား။ ငါးပေးတာထက် ငါးမျှားနည်းပေးတာက ပိုပြီးတော့

ရေရှည်အကျိုးဖြစ်ထွန်းပါတယ်။ အဲဒီတော့ နည်းပညာပေးခြင်းဟာ လူသားအရင်းအမြစ်ကို မြှင့်တင်ပေးခြင်းဖြစ်တဲ့အတွက် ရေရှည်အကျိုးပြုနိုင်ပါတယ်။ ဒါကတော့ ဆရာကြီးဦးအောင်သင်းရဲ့ စာပေဟောပြောပွဲမှာ ပြောထားတဲ့ စာသားလေးဖြစ်ပါတယ်။ သဘာဝ+လုပ်အား= တန်ဖိုး၊ သဘာဝ+လုပ်အား+ နည်းပညာ= တန်ဖိုး။ ဒီ Equation လေးကိုကြည့်လိုက်မယ်ဆိုရင်ဖြင့် ဘယ်အချက်ကပိုပြီးတော့ တန်ဖိုးရှိနိုင်တယ်ဆိုတာ အားလုံးသိရှိပြီးဖြစ်ပါတယ်။ ဆရာကြီးက ပြောခဲ့ပါတယ်။ သူ့ရဲ့သဘာဝအတိုင်းရှိတဲ့ မြေကြီးဖြစ်နေတဲ့ ရွှံ့ဟာသူ့သဘာဝအတိုင်းသူ တန်ဖိုးမရှိပါဘူး။

ဒီရွှံ့လေးကို လုပ်အားဆိုတဲ့ အင်အားဖြည့်ပြီးတော့ လောက်စာလေးလုံးလိုက်မယ်ဆိုရင် အဲဒီလောက်စာလုံးရောင်းရင် သူ့ရဲ့တန်ဖိုးမြင့်လာပါတယ်။ အဲဒီလောက်စာလုံးထက် အိုးပုတ်ကလေးလုပ်ပြီးတော့ ရောင်းလိုက်မယ်ဆိုရင်တော့ လောက်စာလုံးထက်ပိုပြီးတော့ တန်ဖိုးရှိတဲ့အရာကိုရပါမယ်။ ဒီလိုပါပဲ ဒီအိုးပုတ်မှာဆိုရင်လည်း သူ့ထက်ပိုပြီးတော့ အဆင့်မြင့်တဲ့ကနုတ်ပန်းလေးတွေလှလှပပစီခြယ်လိုက်မယ်ဆိုရင် အိုးပုတ်ချင်းတူရင်တောင်မှ ဒီနည်းပညာလေး ထည့်လိုက်တဲ့ အိုးပုတ်လေးကပိုပြီးတော့တန်ဖိုးရှိသွားတယ်လို့ ဆရာကြီးကပြောထားပါတယ်။ ဒါကြောင့်မို့လို့ ပြောချင်တာကဘယ်အရာမဆို နည်းပညာမြင့်လေ တန်ဖိုးပိုရှိလေဆိုတာ ဒီလောကကြီးမှာ အခု ဒီနေ့ကမ္ဘာကြီးကိုထိပ်ပိုင်းရောက်နေတဲ့သူတွေဟာ နည်းပညာမြင့်နေတဲ့နိုင်ငံတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရတစ်ရပ်အနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာလည်း အဓိကအားဖြင့်နည်းပညာတွေပေးဖို့ အဓိကအရေးကြီးနေပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက အတန်းပညာမှာသင်ခဲ့ဖူးပါတယ်။

လူတစ်ယောက်ဟာ မနက်မိုးလင်းကနေ ညနေမိုးချုပ်သည်အထိ ကျောက်တုံးကြီးကို ရွှေ့တယ်။ မရွှေ့ခဲ့ပါဘူး။ ဒါပေမဲ့ ညနေပိုင်းရောက်မှ သံတိုင်လေးကို ပုခုံးပေါ်တင်လာပြီးမှ ကျွန်တော်တို့ အဲဒီကျောက်တုံးကြီးကို အခြားတစ်ယောက်က ဒီကျောက်တုံးကြီးကို သံတိုင်လေးနှင့်တစ်ခါတည်း ကုတ်အားသုံးပြီးတော့ တွန်းရွှေ့လိုက်တဲ့အခါမှာ ကျောက်တုံးကြီးရွှေ့သွားပါတယ်။ ဒါ Work Done ဖြစ်ချင်ရင်ဖြစ်ပါလိမ့်မယ်။ အဓိကပြောချင်တာကတော့ ကျွန်တော်တို့ဟာ နည်းပညာရပ်တွေနဲ့ အထောက်အပံ့တွေဟာ အလုပ်ပြီးမြောက်စေရန်ထက် အချိန်ကုန်ပြီးတော့ အမြန်ဆောင်ရွက်နိုင်တဲ့အချက်တစ်ချက်ဖြစ်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အစိုးရများက နည်းပညာပံ့ပိုးမှုပေးဖို့ရာ အလွန်ပင်အရေးကြီးတယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးရခြင်းဖြစ်ပါတယ်ခင်ဗျ။

ဒါကတော့ အဆိုရှင်ကြီးပြောသွားတဲ့ ချင်းပြည်နယ် ဝဠုဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ် မှာဆိုရင် အခု ဝဠုကနေပြီးတော့ ရွှေဥအဖြစ်ကို ရောက်ရှိနေပါပြီခင်ဗျား။ တစ်ချိန်တုန်းက ဒီဝဠုဟာ အလေ့ကျပေါက်တာပါ။ Care Myanmar ဆိုတဲ့အဖွဲ့လေးကနေပြီးတော့ ဒီလို စိုက်ရင်ဒီလိုဖြစ်တယ် ဆိုတဲ့ ပညာတွေပေးခဲ့လို့ ယနေ့ ကျွန်တော်တို့ ဒီရဲ့အကျိုးကျေးဇူးကို ချင်းတိုင်းရင်းသားများခံစားနေရ ပါတယ်။ ဒါပေမဲ့ အဲဒီ Care Myanmar ဆိုတဲ့ အဖွဲ့ဟာ ဒီနေ့ဒီအချိန်အခါမှာ ချင်းတောင်မှာမရှိတော့ ပါဘူး။ ဒီအဖွဲ့ကြီးပေးခဲ့တဲ့ နည်းပညာအရ ဒီနည်းပညာရဲ့ အကျိုးကျေးဇူးကို ကျွန်တော်တို့ ဒီနေ့ခံစား နေရပါပြီ။ ဒါကတော့ချင်းပြည်နယ်ရဲ့ နာမည်ကြီးထောပတ်သီးဖြစ်ပါတယ်။ စနစ်တကျစိုက်ပျိုးနိုင်ရန် နည်းပညာမရှိသေးတဲ့အတွက်ကြောင့် စီးပွားဖြစ်စိုက်ပျိုးနိုင်ဖို့ ခဲယဉ်းနေပါတယ်။ ဒီထောပတ်သီး တွေကို အိမ်ရှေ့မှာပေါက်တဲ့အပင်၊ အိမ်နောက်မှာပေါက်တဲ့အပင်နဲ့ အခြားဟိုပေါက်ဒီပေါက်အပင်များ ကိုသာ ခူးယူပြီးတော့ ရောင်းချနေတဲ့အတွက် ဈေးကွက်ကိုဖြန့်ဖြူးနိုင်မှုအားရှိဖို့ဆိုရင် ကျွန်တော်တို့ နည်းပညာတွေပေးဖို့ရန် လိုအပ်နေပြီဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ဒုတိယသမ္မတကြီးကနေပြီးတော့ ချင်းပြည်နယ် မင်းတပ်မြို့မှာရှိတဲ့ ဒေသထွက်ကော်ဖီစေ့နှင့်ရောင်းချနေတဲ့ ကော်ဖီဆိုင်လေးကို လာရောက်အားပေးမြှင့်တင်ပေးပြီး လာရောက်ခဲ့တဲ့ ဓာတ်ပုံလေး ဖြစ်ပါတယ်။ ဒါကတော့ ကော်ဖီစေ့ များကို နည်းပညာဖြင့် စနစ်တကျထိန်းသိမ်းထားရှိတဲ့ ပုံလေးဖြစ်ပါတယ်ခင်ဗျား။ ဒါပေမဲ့ ဒီကော်ဖီသီး များဟာ နည်းပညာတစ်ရပ် စနစ်တကျစိုက်ပျိုးနိုင်ခြင်း မရှိတဲ့အတွက် လုံလောက်တဲ့စီးပွားဖြစ် ထုတ်လုပ်နိုင်မှု အားနည်းနေပါတယ်။ ဒါကြောင့်မို့ အစိုးရအနေနဲ့ စံပြစိုက်ကွက်တွေပြုလုပ်ပြီး နည်းပညာများပေးခြင်းအားဖြင့် တောင်သူများရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ရာ အချိန်ကျပါပြီ။ ဒါကြောင့်မို့ နိဂုံးချုပ်အနေဖြင့် နည်းပညာများ ပေးခြင်းအားဖြင့် တောင်သူလယ်သမားများ၏ ဒေသ ဖွံ့ဖြိုးတိုးတက်ခြင်းသည် ကျွန်တော်တို့ စိုက်ပျိုးရေးကိုအခြေခံတဲ့ မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုး တိုးတက်သည့်အချက်တစ်ချက်ဖြစ်ပါသောကြောင့် ကျွန်တော့်အနေနဲ့ အဆိုရှင်ရဲ့အဆိုအား လေးလေး နက်နက် ထောက်ခံပါကြောင်း ပြောကြားရင်းနဲ့နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကနီမဲဆန္ဒနယ်က ဦးထွန်းထွန်းနိုင်တင်သွင်းသွားတဲ့အဆိုကို ကျွန်တော်စဉ်းစားမိသလောက် အချက်လေးတွေနဲ့ အကြံပြုဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး

ခင်ဗျား။ အဆိုရှင်ရဲ့အဆိုမှာတော့ ကျွန်တော်တို့နိုင်ငံရဲ့ လယ်သမားထုကြီးအားလုံး၊ တောင်သူထုကြီးအားလုံး ဘဝတွေနိမ့်ကျနေရတာ ဒါကိုသူက မီးမောင်းထိုးပြထားပါတယ်။ အဲဒါ ဘာကြောင့်နိမ့်ကျနေရသလဲဆိုတော့ နည်းပညာမရှိလို့လည်းပြောထားပါတယ်။ မှန်ပါတယ်။ နည်းပညာအင်မတန်ဆင်းရဲတဲ့နိုင်ငံဖြစ်နေပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်းထိုင်းနဲ့ယှဉ်လိုက်လို့ရှိရင် ထိုင်းကထွက်တဲ့သရက်သီးမှ၊ ထိုင်းကထွက်တဲ့ဇီးသီးမှဆိုတဲ့ အနေအထားမျိုးတွေ ကျွန်တော်တို့ ဖြတ်သန်းလာရတာယနေ့အထိပါပဲ။ အဲဒီတော့ ဒီနည်းပညာကို ကျွန်တော်တို့ဘယ်လိုပေးမလဲ။ ကျွန်တော်တို့နိုင်ငံမှာလက်ရှိလောလောဆယ်ကတော့ ဒီနည်းပညာနဲ့ပတ်သက်လာရင် အဓိက စိုက်ပျိုးရေးဌာန၊ စိုက်ပျိုးရေးဌာနကနေပြီးတော့မှ အဓိက ကမကထလုပ်ပြီးတော့မှ တောင်သူတွေကို နည်းပညာ တတ်နိုင်သလောက် မြို့နယ်စိုက်ပျိုးရေးရှိမယ်။ ခရိုင်စိုက်ပျိုးရေးရှိမယ်။ တိုင်းဒေသကြီး စိုက်ပျိုးရေးရှိမယ်။ အဆင့်ဆင့် အဲဒီလိုပေးနေတာတွေလည်း ကျွန်တော်တို့တွေ့ရပါတယ်။ သို့သော် ယနေ့အထိ ဒါတွေဟာလုံလောက်သလားဆိုတော့ မလုံလောက်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အရေးကြီးတာက ဒီနည်းပညာတွေဟာ ဘယ်ကလာမလဲ။ သုတေသနကလာမယ်။ ဘယ်မှာသုတေသနတွေ စပြီးတော့အခြေတည်ရမှာလဲ။ အရေးကြီးတာတက္ကသိုလ်တွေပါ။ စိုက်ပျိုးရေးတက္ကသိုလ်တွေဟာ အလွန်အရေးကြီးပါတယ်။ ကျွန်တော် မချင့်မရဲဖြစ်နေတာက မြန်မာပြည်ရဲ့ ၇၀ ရာခိုင်နှုန်းဟာ တောင်သူလယ်သမားတွေဖြစ်ပြီးတော့မှ မြန်မာပြည်မှာစိုက်ပျိုးရေးတက္ကသိုလ်ဆိုလို့ တစ်ခုပဲရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့နဲ့နီးစပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်၊ ဘင်္ဂလားဒေ့ရှ်ကိုကြည့်လိုက်ရင် အင်မတန်ဆင်းရဲတဲ့နိုင်ငံပါ။ သို့သော် ဘင်္ဂလားဒေ့ရှ်မှာကစိုက်ပျိုးရေးတက္ကသိုလ် ငါးခုလောက်ရှိပါတယ်။ တစ်ခါ ကျွန်တော်တို့ မဟာဌာနအနေနဲ့ Faculty ဆိုပြီးတော့တွဲဖွင့်ထားတဲ့ တက္ကသိုလ်တွေလည်း ငါးခု၊ ခြောက်ခုရှိပါတယ်။ အဲဒီလိုပါပဲ။ နီပေါဆိုလည်းသေးသေးလေးပဲ။ နီပေါမှာဆိုလည်း စိုက်ပျိုးရေးတက္ကသိုလ်ကခြောက်ခု။ တစ်ခါ ကျွန်တော်တို့ပါကစ္စတန်လည်း ချမ်းသာတဲ့နိုင်ငံလို့ ပြောလို့မရပါဘူး။ သူ့မှာလည်း ၁၇ ခုလောက် ရှိပါတယ်။ အဲဒီတော့ အိန္ဒိယတို့၊ တရုတ်တို့ကတော့ ပြောမနေနဲ့။ တရုတ်ဆိုရင် တက္ကသိုလ်ပေါင်း ထောင်ချီရှိတယ်။ စိုက်ပျိုးရေးတက္ကသိုလ်တွေ ရာချီရှိတယ်။ အဲဒီတော့ ကျွန်တော်တို့နဲ့နီးစပ်တဲ့ ဗီယက်နမ်တို့၊ ထိုင်းတို့မှာလည်း စိုက်ပျိုးရေးတက္ကသိုလ်တွေဟာ ဆယ်ဂဏန်းအထိရှိပါတယ်။ အဲဒီလို ဖြစ်တဲ့အထဲမှာကျွန်တော်တို့ ၇၀ ရာခိုင်နှုန်းတောင်သူလယ်သမားတွေ ကျေးဇူးရှင်ကြီးတွေပါလို့ ကျွန်တော်တို့ကြွေးကြော်နေရတဲ့နိုင်ငံက စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုပဲရှိတယ်ဆိုတာကတော့ အတော်ကို

ကျွန်တော့်အနေနဲ့ မချင့်မရဲဖြစ်ပါတယ်။ အဲဒီတော့ စိုက်ပျိုးရေးတက္ကသိုလ်တွေကို နိုင်ငံရဲ့ လိုအပ်ချက်နဲ့အညီ ဒီထက်တိုးပြီးတော့မှ ဖွင့်ပေးလိုက်မှသာလျှင် သက်ဆိုင်ရာသုတေသနတွေ ပြန့်ပွားသွားမယ်။ နည်းပညာတွေ လုံလုံလောက်လောက်ပေးနိုင်မယ်။ စိုက်ပျိုးရေးဌာနအနေနဲ့ကလည်း တက္ကသိုလ်တွေနဲ့ ချိတ်ဆက်ပြီးတော့မှ ထိထိရောက်ရောက်လုပ်နိုင်မယ်လို့ ကျွန်တော်ယူဆပါတယ်။ အဲဒီတော့ တစ်ဆက်တည်းကျွန်တော်ပြောချင်တာက တက္ကသိုလ်တွေမှာ သုတေသနလုပ်တယ်ဆိုပြီး ဘာလိုတာလဲဆိုတော့ တွဲဖက်ပြီးတော့မှရှိနေတာက၊ ချိတ်ဆက်နေတာက လျှပ်စစ်မီး၊ လျှပ်စစ်အား လုံလုံလောက်လောက်ရှိမှ ဒီတက္ကသိုလ်တွေမှာ သုတေသန၊ သုတေသနလုပ်ငန်းဆိုတာ အခုခေတ်က Censor တွေနဲ့လုပ်တာပါ။ လျှပ်စစ်မီးအပျက်ခံလို့မရဘူး။ အဲဒီတော့ ကျွန်တော်တို့က ဒီ ခုနလိုပဲ လျှပ်စစ်ဓာတ်အင်မတန် ဆင်းရဲနေတဲ့၊ လိုအပ်နေတဲ့နိုင်ငံမှာ စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုပဲရှိသလို အင်မတန်အထောက်အကူပြုနိုင်တဲ့ ကျောက်မီးသွေးစက်ရုံဆိုတာလည်း တစ်ရုံတည်း၊ ဒါလည်း ခပ်သေးသေး ဒီအချိန်မှာ ဒါပဲရှိပါတယ်။ အဲဒီတော့ ဒီအချက်တွေကို ပြုပြင်လိုက်မယ်ဆိုရင် ကျွန်တော်တို့လိုအပ်နေတဲ့ နည်းပညာပြန့်ပွားရေးအတွက် တစ်နည်းအားဖြင့် တောင်သူလယ်သမားတွေရဲ့ဘဝ မြင့်မားရေးအတွက် နိုင်ငံတကာဈေးကွက်မှာ မြန်မာပြည်ကထုတ်လိုက်တဲ့ ဆန်တွေ၊ အသီးအနှံတွေဟာ မျက်နှာပန်းလှလှနဲ့ ဝယ်ချင်တဲ့သူ၊ စားချင်တဲ့သူ၊ သုံးချင်တဲ့သူ အင်မတန်ကို အလုအယက် ဒီလိုဘဝမျိုးဖြစ်သွားအောင် ကျွန်တော်တို့အားလုံး ခုနကျွန်တော် စဉ်းစားမိခဲ့တာပေါ့လေ။ ဒီတက္ကသိုလ်တွေကို မဖြစ်မနေထူထောင်နိုင်ရင် အဆင်ပြေသွားမယ်လို့ ကျွန်တော်ယူဆပါတယ်။ လောလောဆယ်အနေအထားကတော့ ကျွန်တော်တို့သိတဲ့အတိုင်းပဲ အင်မတန်ကိုမှ အလုပ်အကိုင်က ရှားပါးသွားတော့ နိုင်ငံခြားထွက်သွားရတဲ့တောင်သူတွေ၊ လယ်သမားတွေကလည်း အများကြီးပါပဲ။ အဲဒီတော့ ဒီအချက်တွေကို ပြည့်စုံအောင် ကျွန်တော်တို့ ဖြည့်ဆည်းပေးနိုင်မယ်။ ဝိုင်းဝန်းပြီးတော့မှ ကြိုးစားပေးနိုင်မယ်ဆိုလို့ရှိရင် လှတောသားစကားနဲ့ပြောရင်တော့ တောင်သူလယ်သမားအများစုကလည်း ဆင်းရဲတွင်းက အမြန်ဆုံးလွတ်မြောက်ပြီးမှ ဥစ္စာစောင့်များ ထီပေါက်သလို ကြွယ်ဝချမ်းသာလာမယ်လို့ ကျွန်တော်ယူဆပါတယ်။ ဥစ္စာစောင့်ဆိုတာက အင်မတန် ချမ်းသာပါတယ်။ စိန်တွေ၊ ရွှေတွေနဲ့။ ဒီထဲက သူတို့ကထီထပ်ပေါက်လိုက်သေးတယ်။ အဲဒီလိုဘဝမျိုးရောက်အောင် ကျွန်တော်တို့ ဦးထွန်းထွန်းနိုင်ရဲ့အဆိုကနေပြီးတော့မှ အများကြီးအထောက်အကူပြုနိုင်မယ်လို့ယူဆတဲ့အတွက် အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်က မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဖြစ်ပါတယ်။ ကနီမဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၏အဆိုကို ထောက်ခံဆွေးနွေးသွားပါမယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုရှင်ဆွေးနွေးတဲ့အခါမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မူဝါဒ၊ လုပ်ငန်းစဉ်၊ နည်းစနစ်များ ချမှတ်ဆောင်ရွက်နေသော်လည်း အောင်မြင်အောင် အကောင်အထည်ဖော်မှုအပိုင်းမှာ များစွာလိုအပ်နေကြောင်း၊ စိုက်ပျိုးရေးကဏ္ဍဟာ အဘက်ဘက်မှ အစစအရာရာ ခေတ်နောက်ကျကျန်နေခဲ့ပြီဖြစ်ကြောင်း အဆိုရှင်၏ပြောဆိုချက်တွေဟာ မှန်သင့် သလောက်မှန်နေပါတယ်။ တောင်သူလယ်သမားဦးကြီးများရဲ့ဘဝများကို ကယ်တင်ဖို့ဆိုတာ အပြောကြီးသက်သက်နဲ့ လေထဲတိုက်အိမ်ဆောက်နေလို့ မရပါကြောင်း၊ စိုက်ပျိုးရေးနည်းပညာများနှင့် တိုးချဲ့ထုတ်လုပ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ဖို့လိုအပ်ပါကြောင်း အဆိုရှင်ရဲ့စိုးရိမ်စိတ်ဖြင့် လက်တွေ့ကျသော တင်ပြချက်အပေါ် ကျွန်တော်ထောက်ခံအပ်ပါတယ်။ အဆိုရှင်ဟာ ဥပဒေဘွဲ့ရဖြစ် ပြီး စိုက်ပျိုးရေးပညာရှင်မဟုတ်သော်လည်း အောက်ခြေစိုက်ပျိုးရေးအခြေအနေအချက်အလက်များ ကို စနစ်တကျလေ့လာပြီး အသေးစိတ် ကျယ်ကျယ်ပြန့်ပြန့် တင်ပြသွားရာမှာ (၁) မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ (၂) မြေယာပြုပြင်မှုကောင်းမွန်ရေး၊ GAP စနစ်ထွန်းကားရေး၊ (၃) စနစ်တကျ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး၊ (၄) အရည်အသွေးကောင်းမြေဩဇာများ စနစ်တကျသုံးစွဲရေး၊ (၅) တောင်သူ ပညာပေး စံပြစိုက်ကွင်းစိုက်ကွက်များ ပညာပေးစိုက်ပျိုးပြသရေး၊ (၆) အစိုးရ၊ တောင်သူ၊ လုပ်ငန်းရှင် ပူးပေါင်းဆောင်ရွက်ရေး၊ (၇) မျိုးစပ်၊ မျိုးသန့်၊ မျိုးထုတ်၊ မျိုးသန့်ခြံများ စနစ်တကျ ပြန်လည်တိုးချဲ့ ဆောင်ရွက်ရေး၊ (၈) ဈေးကွက်ဝင်သီးနှံများ စမ်းသပ်စိုက်ပျိုးရန် နိုင်ငံခြားသို့ ပမာဏများစွာ တင်ပို့ နိုင်ရေး၊ (၉) သီးနှံအလိုက်၊ ဒေသအလိုက် ရက်တိုသင်တန်းများ ကျေးရွာအုပ်စုအထိ သင်ကြားပေးရေး၊ (၁၀) သီးနှံမြေ၊ ရာသီစိုက်နည်းစနစ် မှန်ကန်စွာ ဟန်ချက်ညီညီ စိုက်ပျိုးနိုင်အောင် သင်ကြားပေးရေး၊ (၁၁) ဈေးနှုန်း၊ ဈေးကွက် သေချာသောသီးနှံအများအပြား စိုက်ပျိုးလာအောင် စေ့ဆော်ဆောင်ရွက် ပေးရေး၊ (၁၂) မြန်မာနိုင်ငံစက်မှုလုပ်ငန်းရှင်များအသင်း(AFFME)ဆောင်ရွက်မှုကို စံပြနမူနာ လေ့လာ အတုခိုး ဆောင်ရွက်သင့်ပါကြောင်း အကြံပြုသွားပါတယ်။ အဆိုရှင်ရဲ့ထောက်ပြချက်တွေဟာ မှန်ကန် တိကျလာပါတယ်။ ၎င်းအပြင် ရာသီဥတုဖောက်ပြန်သော မြန်မာနိုင်ငံအတွက် လိုက်လျောညီထွေဖြစ် စေသော စိုက်ပျိုးရေးနည်းစနစ်များ ပြောင်းလဲဆောင်ရွက်သွားရေး၊ နိုင်ငံခြားအထွက်နှုန်းတွေဟာ မြန်မာနိုင်ငံသီးနှံအထွက်နှုန်းထက် နှစ်ဆ၊ သုံးဆရှိကြောင်း၊ မိမိနိုင်ငံကလည်း နိုင်ငံခြားအထွက်နှုန်း

မျိုးရရှိအောင်၊ ထွက်ရှိအောင် ထိထိရောက်ရောက် မှန်မှန်ကန်ကန်၊ တွန်းတွန်းတိုက်တိုက် ပိုမိုကြိုးစား ဆောင်ရွက်သင့်ပါကြောင်း စသဖြင့် ဆွေးနွေးချက်များနှင့် ဖြစ်နေမှုလိုအပ်ချက်ဟာ မှန်ကန်နေပါ၍ ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါတယ်။ အဆိုရှင်ဟာ ပိုလန်စကားပုံတစ်ခုအဖြစ် အသုံးပြုသွားတာ တွေ့ရပါတယ်။ လယ်သမားတွေဆင်းရဲနေရင် တိုင်းပြည်ဆင်းရဲနေတာနဲ့အတူတူပဲလို့ ပြောဆိုသွား ကြောင်း လက်ရှိအခြေအနေမှာ ကျေးလက်လူထုဆင်းရဲလာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ တရားမဝင်ရွှေ့ပြောင်းမှု များပြားလာခြင်း၊ ပြည်ပမှစိုက်ပျိုးထုတ်ကုန်များ ပြန်လည် တင်သွင်းနေရခြင်း၊ နိုင်ငံခြားတင်ပို့သော လယ်ယာထွက်ကုန်သီးနှံအမည်များ တဖြည်းဖြည်းနည်းပါး လာခြင်း စသည်များ နောက်ဆုံးအနေဖြင့် အဆိုရှင်ထုတ်ပြန်ချက်များဟာ မှန်မှန်ကန်ကန် တွန်းတွန်း တိုက်တိုက် အကောင်အထည်ဖော် ပြောင်းလဲပြင်ဆင်ရမည့်အချက်များ ဖြစ်ပါသဖြင့် ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၏အဆိုဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းသော ဈေးကွက်ဝင်သီးနှံပင်များ ပိုမိုစိုက်ပျိုးဖြစ်ထွန်းလာစေရေး၊ စိုက်ပျိုးရေးပညာရှင်များ၊ လက်တွေ့နည်းပညာရပ်များပေးနိုင်မည့် စံပြစိုက်ကွင်းများ ဖော်ဆောင် ပေးခြင်း၊ စိုက်ကွင်းစိုက်ကွက်များအရောက် ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာရပ်များ ကူညီ ပံ့ပိုးပေးခြင်းတို့ဖြင့် လယ်ယာသီးနှံ စိုက်ပျိုးရေးနည်းပညာရပ်များ ပိုမိုထွန်းကားလာစေရေး အင်တိုက်၊ အားတိုက် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုသည် လယ်ယာ ကဏ္ဍအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သင့်သော အချိန်ကာလသမယဖြစ်ပါ၍ အားထည့် ဆောင်ရွက်ရန်လိုအပ်ပါသဖြင့် ၎င်းအဆိုကို အတည်ပြုပေးပါရန် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

## ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

**မူကြမ်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့အဆို နှင့်စပ်လျဉ်းပြီး နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များရဲ့ သဘောထားရှုမြင်ချက်များနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထား အပေါ်မှာ အခြေပြုပြီး လက်ရှိမိမိတို့အကောင်အထည်ဖော်ဆောင်ရွက်တဲ့ အခြေအနေအပေါ်မှာ အခြေခံထား ပြန်လည်ရှင်းလင်းဆွေးနွေးပါ့မယ်။ အဆိုနှင့်ပတ်သက်ပြီးတော့မှ လွှတ်တော် ကိုယ်စားလှယ်ကြီးသုံးဦးမှ မိမိတို့ရဲ့ ရှုမြင်သုံးသပ်ချက်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြသွားမှု အပေါ် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ကျေးလက် နိုင်ငံရဲ့လူအများစု မှီတင်နေထိုင်ပြုနေတဲ့ ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် ပြည်သူများ ရဲ့ လူမှုစီးပွားရေးဘဝမြင့်မားပြီး၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက်ကို မိမိတို့စွမ်းအားရှိသ လောက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိတဲ့အခြေအနေ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် တင်ပြအပ်ပါတယ်။ မိမိတို့နိုင်ငံရဲ့ လယ်ယာ စိုက်ပျိုးရေးကဏ္ဍမှာ ဒေသရေမြေနှင့်အညီ စိုက်ပျိုးတဲ့သီးနှံတွေ၊ ဈေးကွက်ဝင်သီးနှံတွေဖြစ်စေဖို့ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ခေတ်မီစိုက်ပျိုးနည်းပညာများ ရရှိအသုံးပြု နိုင်ရေးအတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ သုတေသနပြုဖော်ထုတ်အသုံးချနိုင်အောင်စီမံခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နည်းပညာပြန့်ပွားလာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် သီးနှံပုံစံတွေ စိုက်ပျိုးနိုင်ရေးနှင့်အတူ သီးနှံအလိုက်၊ ရာသီအလိုက် အထွက်တိုးစေတဲ့နည်းပညာတွေ လေ့ကျင့် လိုက်နာဆောင်ရွက်နိုင်ဖို့အတွက် မျိုးကောင်း၊ မျိုးသန့်အသုံးပြုနိုင်မည့် စံပြကွက်တွေ၊ မြေဆီလွှာ စနစ်တကျ ပြုပြင်ဆောင်ရွက်နိုင်တဲ့ စံပြကွက်တွေ၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေးဆိုင်ရာ နည်းပညာပေးစံပြကွက်တွေအပါအဝင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးဆိုင်ရာ စံပြုကွက်တွေကို စိုက်ပျိုးသူတောင်သူလယ်သမားများ သိမြင်ဆောင်ရွက်လာနိုင်ဖို့အတွက် မြို့နယ်များအတွင်း ကွင်းဆင်းထိတွေ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မိမိတို့မှာရှိတဲ့ ဘဏ္ဍာငွေ ခွင့်ပြုအင်အား၊ ပစ္စည်းအင်အား၊ လူအင်အားတို့အပေါ်မှာအခြေခံပြီး ဆောင်ရွက်နေရတဲ့အနေအထား

ဖြစ်တဲ့အလျောက် ကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့က လိုအပ်ချက်တွေများရှိနေဆဲပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားကောင်းမွန်စေရေး ရေရှည်မှာတောင်သူလယ်သမားများကိုယ်တိုင် အဆင့်မြင့်စိုက်ပျိုးနည်းပညာများနှင့် ကျွမ်းဝင်လာစေဖို့အတွက် ၂၀၀၇ ခုနှစ်ကစပြီး တစ်မြို့နယ်မှာကျေးရွာတစ်ရွာ ရာသီအလိုက်ဘက်စုံအဆင့်မြင့်နည်းပညာအသုံးပြုစိုက်ပျိုးထုတ်လုပ်နိုင်ရေးကို စီမံအကောင်အထည်ဖော်ခဲ့ပါတယ်။ အဆိုပါ အစီအမံအတွက် ရေတော်မိုးတော်ဒေသနှင့်ဖြစ်မှု ဒေသရဲ့စိုက်ပျိုးရေးအရင်းအမြစ်ရရှိနိုင်မှု၊ တောင်သူတွေရဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်နိုင်မှုစတဲ့ အခြေခံအချက်တွေအပေါ်မှာမူတည်ပြီး စံပြကျေးရွာများ တည်ထောင်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်ပါတယ်။

အဆိုပါကျေးရွာတွေမှာ မြေနမူနာရယူခြင်း၊ မြေချဉ်/ငန်အာဟာရဓာတ်ပါဝင်မှုတိုင်းတာခြင်း၊ တောင်သူတစ်ဦးချင်းအလိုက်မှတ်တမ်းပေးခြင်း၊ စံပြကွက်များစိုက်ပျိုးပြသခြင်း၊ သဘာဝမြေသြဇာ၊ သစ်စိမ်းမြေသြဇာပြုလုပ်သုံးစွဲခြင်းနှင့် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မျိုးကောင်း၊ မျိုးသန့်လဲလှယ်စိုက်ပျိုးခြင်းနဲ့ GAP အလေ့အကျင့်ကောင်းများနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ တစ်ဖက်မှာလည်း ဘက်စုံပိုးမွှားကာကွယ်ရေးစနစ်နဲ့ ရိတ်သိမ်းချိန်လွန်နည်းပညာတွေ တိုးမြှင့်သုံးစွဲနိုင်ဖို့ စတဲ့လုပ်ငန်းတွေကို ဌာနကကျွမ်းကျင်ဝန်ထမ်းတွေနှင့် နည်းပညာပိုင်းဆိုင်ရာ အနီးကပ်ကြီးကြပ်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လယ်ယာထုတ်ကုန်ပြည်ပပို့ကုန်ကုမ္ပဏီများ၊ တောင်သူကိုယ်စားလှယ်အဖွဲ့၊ တောင်သူများစုပေါင်းပြီး GAP စနစ်နဲ့ ထုတ်လုပ်မှုအရည်အသွေးကောင်းမွန်စေရေး၊ ဓာတုဓာတ်ကြွင်းအာနိသင်များ နည်းပါးရေးနှင့် ပို့ကုန်အဆင့်အရည်အသွေးမြင့်မားရေး၊ ကောင်းမွန်တဲ့ပြည်ပဈေးကွက်ရရှိနိုင်ဖို့ သီးနှံထုတ်လုပ်ရေးစီမံချက်တွေကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူများနှင့်တွေ့ဆုံပြီး တွေ့ဆုံပွဲများအရ ဈေးကွက်ဖော်ဆောင်ပေးရေး၊ အလုပ်ရုံဆွေးနွေးပွဲများလည်း တစ်ဖက်ကကျင်းပပြီး လိုအပ်ချက်တွေပူးပေါင်းကူညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိမိတို့ပြည်တွင်းအရင်းအမြစ်များနဲ့ ဆောင်ရွက်နေသလို နိုင်ငံတကာအကူအညီအထောက်အပံ့နဲ့ ချေးငွေစီမံကိန်းများကိုလည်းပဲ JICA, ADB, KOICA, IFDC စတဲ့ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ နည်းပညာနှင့်ငွေကြေးအကူအညီများလည်း ရယူပြီးတော့ ပူးပေါင်း

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း မိမိတို့နိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေး ကဏ္ဍအပေါ်မှာ မိမိတို့စွမ်းအားနှင့် အကောင်အထည်ဖော်နေမှုတွေဟာ လက်ရှိဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်မယ်ဆိုရင် ကွာဟချက်ရှိနေဆဲဖြစ်ပါတယ်။ နည်းပညာပိုင်း၊ ရင်းနှီးမြှုပ်နှံမှုပိုင်း၊ လူ့စွမ်းအားစိုက်ပျိုးရေးပညာရှင်များ တိုးတက်လေ့ကျင့်မွေးထုတ်လာနိုင်မည့် အပိုင်းများကိုလည်းပဲ ကြိုးပမ်းဖြည့်ဆည်းလုပ်ကိုင်နေရဆဲ အခြေအနေပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနအနေနဲ့ ရှိရင်းစွဲအရင်းအမြစ်အင်အားများကို စုစည်းအသုံးချပြီး ဈေးကွက်ဝင် သီးနှံပင်တွေပိုမိုစိုက်ပျိုးဖြစ်ထွန်းလာစေဖို့အတွက် စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားများ၊ စိုက်ပျိုးထုတ်လုပ်သူအသင်းများ၊ ကုန်သည်အဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ဟန်ချက်ညီညီဖြစ်စေပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းမှုများနှင့် အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေရာမှာ ယခုတင်သွင်းတဲ့အဆိုဟာ မိမိတို့မျှော်မှန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများ အကောင်အထည်ဖော်နေမှုအပေါ်မှာ များစွာအထောက်အကူဖြစ်စေမယ့် အဆိုတစ်ရပ်ဖြစ်တဲ့အတွက် အဆိုအားအတည်ပြုသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကနီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော့်အဆိုနှင့်ပတ်သက်ပြီးတော့ လာရောက်ရှင်းလင်းပေးပါသော ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ နောက်ကျွန်တော့်အဆိုနှင့်ပတ်သက်ပြီးတော့ အဆိုတင်စဉ်တုန်းက ထောက်ခံဆွေးနွေးပေးပါသော ကန်ပက်လက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့် မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းတို့ကိုလည်း ကျွန်တော့်အဆိုကို ပါဝင်အကြံပြုဆွေးနွေး ထောက်ခံသွားကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့အဆိုဟာ ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းမည့် ဈေးကွက်ဝင် သီးနှံပင်များအတွက် စိုက်ပျိုးရေးနည်းပညာရပ်များ ပံ့ပိုးပေးရန်ဖြစ်တဲ့အတွက် နိုင်ငံရဲ့တောင်သူ လယ်သမားတွေရဲ့ စားဝတ်နေရေးအကြပ်အတည်းများမှ ထွက်ပေါက်ဖြစ်လာလိမ့်မယ်လို့ ယုံကြည် ပါတယ်။ အဲဒီအတွက် ကျွန်တော့်ရဲ့အဆိုကို အတည်ပြုပေးနိုင်ပါရန်လည်း ကျွန်တော်ရဲ့သဘောထား ကို တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဦးထွန်းထွန်းနိုင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၅)ရက်မြောက်နေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက် မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကို ၁၄း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ (၃.၆.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Dr Tun Naing    U Tun Tun Naing




Dr Tun Naing    U Aye Naing




Dr Tun Naing    U Sai Ngaung Sai Hein




Genl Aung Thu    U Thaung Htay Linn




Genl Aung Thu    Dr Khin Maung Maung




U Tin Myint    U Tin Ko Ko Oo

pyithu.hluttaw.mm



U Tin Myint



U Toe Win

pyithu.hluttaw.mm




U Tin Myint



U Phone Myint Aung

pyithu.hluttaw.mm




U Hla Kyaw



U Zaw Min Thein

pyithu.hluttaw.mm



U Hla Kyaw



U Sai Oo Khan

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်